
www.burmeseclassic.com

မညာရှင်စာပေတိုက် မောင်ပြည့်ဝ စီစဉ်သည်။

# လူထိုက် အနေအထား



www.burmeseclassic.com

www.burmeseclassic.com

— မောင်ပြည့်ဝ စီစဉ်သည်။


✱ စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၁၂၀၅၁၂

✱ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၄၀၀၅၁၂

✱ ထုတ်ဝေသူ - ဒေါ်ခင်မာရီ(ပန်းဝေဝေစာပေ)

✱ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဒေါ်စိန်စိန်(ရောင်စဉ်အော့ဖ်ဆက်)

✱ အတွင်းဒီဇိုင်း - ကျော်ကိုလတ်
(ပညာရှင်စာပေတိုက်)

✱ အုပ်ရေ - ၅၀၀

✱ တန်ဖိုး - ၁၅၀၀

✱ ဖြန့်ချိရေး - ပညာရှင်စာပေတိုက်

✱ အကြိမ်ရေ - ပထမအကြိမ်

✱ ထုတ်လုပ်သည့်နေ့စွဲ - ၂၀၁၂ခုနှစ်၊ဇွန်လ

**CIP**

လှထိုက် ၈၉၅.၈၃

အနေအထား

ပန်းဝေဝေစာပေ၊၂၀၁၂။

၂၀၈-စာ၊၅×၇စင်တီ။

အနေအထား


www.burmeseclassic.com

www.burmeseclassic.com

# လှုထိုက်

# အနေအထား

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အဖေ၊အမေ နှင့်

သင်ဆရာ၊မြင်ဆရာ၊ ကြားဆရာတို့၏

ကျေးဇူးများကို အစဉ်သတိတရဖြင့်. . .

လှူထိုက်

www.burmeseclassic.com

www.burmeseclassic.com

ရာသီခွင်အရ

ဗြိုဟ်စီးဗြိုဟ်နင်းကောင်းခဲ့ပါလျက်

ဆွတ်ချူဖို့မိန်းမောခဲ့။

ဝေဒနာပဲလေ

ရင်ဘတ်မှာအမြစ်တွယ်တာကြာပေါ့

ကာလရှည်စွာ

သိုသိပ်ထိန်းချုပ်ခဲ့တဲ့ သမုဒယ

အပီအပြင်လှစ်ဟာပြတော့မယ်ဆိုကာမှ

ဝေးကွာခြင်းမုန်တိုင်းက

နာဂစ်ဆန်ဆန် ရိုင်းစိုင်းခဲ့တယ်. . .။

ပညာရှင်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီညက . . .

ရင်ခွင်တစ်ပြင်လုံး

မီးဟုန်းဟုန်းတောက်ခဲ့တယ် . . .။

အဲဒီညက . . .

ကျဲခွင့်မရလိုက်တဲ့မျိုးစေ့တွေ

အလိုအလျောက်

ခြောက်ကပ်ကွဲအက်ကုန်တယ် . . .။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီညက...

သာယာတင့်တယ်နေတဲ့လမင်းက

ညှာတာစွာပြုံးပြနေပေမယ့်

ငါ့..

ရှုံးသွပ်နေခဲ့တယ်

တိတ်တဆိတ်...။

အဲဒီညက....

လေပြည်အေးတို့ဆော့ကစားနေတာက

ငါ့ရင်ထဲကမီးတောက်ကို

ထုထည်ကြီးမားရသလို...။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီညက...

ပတ်ဝန်းကျင်မှာပျံ့လွင့်နေကြတဲ့

ပုရစ်အော်သံတွေက

ငါ့ကိုညာသံပေးပြီး

လှောင်ပြောင်နေကြသလို...။

အဲဒီညက....

အမြဲတမ်းကြိုဟ်စီးကြိုဟ်နင်းကောင်းခဲ့တဲ့

ရာသီခွင်ဟာ...

နလုံးသွေးပျက်ခြင်းကိန်းကို

ဆိုက်ရောက်အတည်ကျခဲ့တယ်.. .။



www.burmeseclassic.com

www.burmeseclassic.com

## I$_A$

"ဝုတ်....ဝုတ်....ဝုတ်...ဝုတ်...."

လမ်းသွယ်လေးထဲကို ချိုးကွေ့ဝင်လိုက်တာနဲ့ ဘယ်ကနေဘယ်လိုအလျှိုလျှိုထွက်လာမှန်းမသိလိုက်တဲ့ ခွေးဝဲစားသုံးကောင်က မကောင်း ဆိုးဝါးကောင်ကို တွေ့လိုက်သလို ဝိုင်းဟောင်ကြတယ်။

"တယ်. ... ဒီခွေးဝဲစား၊ ဒက်ပေါက်၊ ဗျတ်ပေါက်တွေကတစ်မျိုး"

ပါးစပ်က ဒေါသအရှိန်ကြောင့် စကားလုံးတွေ ထွက်သွားပြီး လိုက်လံကန်ကျောက်ပစ်လိုက်ချင်ပေမယ့် ညာဖက်လက်ထဲမှာက အဝတ်အိတ်ကြီး ဆွဲထားလျက်။ ချိုင်းကြားမှာကလည်း မရမကညှပ်ထားရတဲ့ ဂစ်တာအိုတစ်လက်။ ပြီးတော့ ဘယ်ဖက်ကလည်း ပခုံးပေါ်မှာတင်ထားတဲ့ အညာလက်ဆောင်ပစ္စည်းထုပ်ကြီးကလည်းပါသေး။ အထုပ်ထဲမှာ ရှိနေတဲ့ တမာရွက်အပြုတ်ထုပ်ကလည်းပေါက်သွားတယ်နဲ့တူပါရဲ့။ မြွေရေခွံပလပ်စတစ်အိတ်အပြင်ဘက်ကိုဝါဖန့်ဖန့်အရည်တွေ ထွက်ကျနေတာအင်္ကျီရဲ့ဘယ်ဘက်ပခုံး တစ်ခြမ်းလုံးမှာ အဝါရောင်အကွက်ကြီး ထင်နေလို့။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ ခါးချောင်လို့ ခါးပတ်နဲ့သေသေချာချာ ချိန်ပြီးပတ်ထား ပါလျက်နဲ့ - အောက်ကိုချည်း - လျှောလျှောကျနေတာကြောင့် - ဂျင်း ဘောင်းဘီအနက်ရောင်ကြီးကိုလည်း ဆွဲဆွဲတင်နေရသေးတယ်။

ကြည့် လျောကျသွားပြန်ပြီ။

ခွေးဝဲစားတစ်သိုက်ကလည်း ထိုးပေါက်နေဆဲ။

ဆိုတော့ကာ...

စိတ်က အညာသားပီပီ သိပ်မရှည်ချင်တော့ ။ ဒါကြောင့်လှမ်း လက်စခြေလှမ်း တစ်စုံကို တုံ့ခနဲရပ်လိုက်သည်။ ညာဖက်လက်ထဲက အထုပ်ကိုဦးစွာချလိုက်သည်။ ပြီးတာနဲ့ ချိုင်းကြားထဲက ဂစ်တာအိုကြီးကို ဘယ်လက်နဲ့ထိန်းလို့၊ ညာလက်နဲ့ မိမိရရကိုင်ပြီး အထုပ်ပေါ်တင်လိုက် တယ်။

နောက်ဆုံးကျမှ ဘယ်ဖက်ပခုံးပေါ်က လက်ဆောင်ထုပ်ကြီးကို လက်နှစ်ဖက်နဲ့ထိန်းပြီးမြင်ပြင်းကတ်ကတ်နဲ့ဆောင့်ချလိုက်တယ်။

ပြီးတော့ မျက်နှာပေါ်မှာ စို့ခြံသီးထနေတဲ့ ချွေးသီးချွေးပေါက်တွေ ကို ညာဖက်လက်ခလယ် လေးထောင်ပြီး သပ်ချလိုက်တယ်။

ပြီးတော့ လိမ်ဖယ်ဖယ်ရှုံ့တုံ့တုံ့တင်ပါးလေးပေါ်မှာပြုတ်ကျလုလု စ်ပြီး တင်နေရရှာတဲ့ ဂျင်းဘောင်းဘီကို လက်နှစ်ဖက်နဲ့ ကာယမ်းကာ နဲ့ဆွဲတင်လိုက်တယ်။

အဲဒီလို ဆွဲတင်ရင်းကနေ အောက်ကိုငုံ့ကြည့်မိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်....တော်တော်ကြီးတာပဲ"

သတိထားမိလိုက်ပြီး ရေရွတ်မိလိုက်တာပါ။ ပြီးတော့ လေကိုဗိုက်ထဲ တစ်ဝရှူသွင်းပြီး ဗိုက်ကို -ပူချည်ဖောင်းချည် - လုပ်ကြည့်လိုက်တော့ လည်း ကြီးနေတုန်း။

"ဒီဘောင်းဘီ ခါးဆိုဒ်က တော်တော်ကြီးတာပဲ ၊ ဒါကြောင့် မတရားချောင်နေတာကိုး"

ထပ်ပြီးတွေးတော ရေရွတ်မိလိုက်သည်။ ဒါကြောင့် ခါးပတ်ကို ဖြုတ်လိုက်ပြီး နည်းနည်းသေးသွား၊ကျပ်သွားအောင်ပြင်ပတ်လိုက်တယ်။

"အင်း...ဂွတ်ထ"

"ဝုတ်...ဝုတ်...ဝုတ်...အူး....ဟူး"

အခုမှပြန်ပြီး သတိထားမိလိုက်သည်။ ခွေးဝဲစားသုံးကောင်က ဟောင်နေဆဲဆိုတော့ကာ...။

"တွေ့ကြသေးတာပေါ့ကွာ"

လို့ရေရွတ်ပြီးတာနဲ့ ဘေးဝဲယာကို ဟိုငုံ့သည်ငုံ့လုပ် ကာအုတ်ခဲ ကျိုးကိုရှာဖွေလိုက်သည်။ တွေ့ပြီးလက်သီးဆုပ်လောက်ရှိတဲ့အုတ်ခဲကျိုး တစ်ခဲ။ ဒါကြောင့် ကောက်ယူပြီး ခွေးဝဲစားတစ်ကောင်ကို ပစ်ထည့်လိုက် တယ်။ အရှိန်ကပြင်းတယ်။

"ဂိး...ဂရဲ...ဂိး...ဂဲ...ဂဲ"



www.burmeseclassic.com

www.burmeseclassic.com



ခွေးဝဲစားကမထိပေမယ့်မာန်ဖီပြီးထွက်ပြေးသွားတယ်။ အုတ်ခဲကျိုးကတော့ မြေမှာထောက်ပြီး တစ်ဖက်ခြံစည်းရိုး ဝါးကပ်စုတ်အပေါက်အပြဲထဲကို စုန်ဝင်သွားတယ်။

ချက်ချင်းဆိုသလိုမှာပဲ ထဘီရင်လျားနဲ့မိန်းမဝဝကြီးနှစ်ယောက်ဟာ ခြံစည်းရိုး(တံခါးမရှိ) အပေါက်ဝနားကို ရောက်လာတယ်။

ကျွန်တော့်ကို စိုက်ကြည့်တယ်။ သူတို့နှစ်ယောက် စိုက်ကြည့်နေတဲ့ပုံသဏ္ဌာန်က မသေးမျှင်က ကိုတွတ်ပီကို ရန်တွေ့တော့မယ် အကြည့်မျိုးနဲ့။

သူတို့နှစ်ယောက်က မသေးမျှင်စတိုင် ပေါက်ပေမယ့် ကျွန်တော်က ကိုတွတ်ပီစတိုင်မပေါက်ပါဘူး။

“ဟဲ့... အရူးကောင်၊ နင့်လက်ကမြင်းလှချည်လား၊ ဒီမှာ သန်းတုပ်နေတဲ့ ငါတို့နှစ်ယောက်ကို ထိတော့မလို့၊ နောက်တစ်ခါ ဆိုရင်သေမယ်သာပြင် ၊ဟွန်း..ဒီလမ်းထဲမှာ သင်းမေတဲ့နော်၊ တစ်မေတည်းရှိတယ်”

“အား...သင်းမေဆိုပါလား၊ ဒါဆိုသေမင်းပေါ့” လို့စိတ်ထဲကတွေးမိုက်ပြီး...

“တောင်း... ...တောင်းပန်ပါတယ် ၊ ဒေါ်ကြီးသေမင်း၊ အဲ... ဒေါ်ကြီးသင်းမေရယ်၊ ကျွန်... ကျွန်တော်က ခွေးကိုထုတာပါအဟီး”

လို့ ချက်ချင်းမျက်နှာချိုသွေးပြီး တောင်းပန်လိုက်ပါတယ်။ ဒီတော့မှ ဒေါ်သင်းမေဆိုသူက...



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း...အရှုံးပါး၊သွား...သွား....သွားတော့၊နောက်တစ်ခါဆို မလွယ်ဘူးနော်"

ဆိုပြီး လက်ညှိုးဆတ်ဆတ်ထိုးပြောတယ်။

"အဟီး...ဟုတ်...ဟုတ်ကဲ့"

ကျွန်တော်ကျိတ်ပြီးရယ်မိလိုက်သည်။ ဟုတ်တယ်လေ၊ မင်းသား နေတိုး ဂိုက်ဖမ်းပြီး မြို့ကြီးသား စတိုင်နဲ့တက်လာတဲ့ ဟာကို သူ့လိုတော သူမ မသေးမျှင်စတိုင်နဲ့လူက ကျွန်တော့်ကို အရှုံးလို့သတ်မှတ်ပြော ဆိုတယ်ဆိုတော့။ မြို့က မိန်းမကြီးတွေများ အံ့ဩဖို့ကောင်းပါရဲ့။ ဒီလိုနဲ့...

ဘေးနားက ဖြတ်သွားဖြတ်လာ လူအချို့ရဲ့ ငဲ့ကြည့်ငဲ့ကြည့်အမူ အယာတွေကိုကျော်ခိုင်းရင်းလျှောက်လာလိုက်တာ ဒွေးလေးခင်ခင်ဖော် (ရွာအခေါ်)တို့အိမ်ခြံဝန်းလေးရှေ့ကို ကျွန်တော်ရောက်လာခဲ့တယ်။

ခြံဝန်းလေးကို ကြည့်လိုက်တော့ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကအ တိုင်း ဘာမှမပြောင်းလဲ။ တကယ်တော့ လွန်ခဲ့သောသုံးနှစ်ခန့်က နွေရာ သီ ကျောင်းပိတ်တုန်းကာလမှာ ကျွန်တော်တစ်ခေါက်အလည်ရောက်ခဲ့ ဖူးပြီးသား။

ခြံဝန်းထဲကို လှမ်းကြည့်လိုက်သည်။ ခြံဝန်းထဲမှာ တိတ်ဆိတ်နေ တယ်။ အနေအထားက တစ်ယောက်မှမရှိတဲ့အနေအထား။ ဆိုတော့ကာ

"ဒွေးလေးဖော်... ဒွေးလေးဖော်၊ ဗျို့...ဒွေးလေးဖော်၊ ဗျို့...ဒွေး လေးဖော်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အော်ခေါ်ပေမယ့် ပြန်ထူးသံလုံးဝမကြားရ။ ဒါကြောင့် ထပ်ခေါ်ဖို့ ဟန်ပြင်လိုက်ပါတယ်။

"ဟေ့လူ…ဘာတွေ လာအော်နေတာလဲ"

ဆိုတဲ့ အသံပြတ်ပြတ်ကြီးကြောင့် အသံလာရာဆီကို ကြည့်လိုက်တော့ ကိုရီးယားမင်းသားလိုလို ဘာလိုလိုနဲ့ ဆံပင်ဝါကြောင်ကြောင် ကောင်တစ်ကောင် ကို တစ်ဖက်ခြံအိမ်ဝရန်တာမှာ တွေ့လိုက်ရသည်။ ဒါ့ကြောင့်…

"ငါ့ ခွေးလေးကိုလှမ်းခေါ်နေတာကွ "

ဆိုတဲ့ စကားကြောင့် ထင့်။ ငနဲသားမွှေးဝါ တစ်ချက်တွေဝေသွားတယ်။ ပြီတော့မှ…

"ဒေါ်ခင်ခင်ဖော်ကို ခေါ်တာနဲ့တူတယ်"

"အေး…..ဟုတ်တယ်"

"မသိပါဘူးဗျာ၊ ကျုပ်က ခွေးလေးဆော်၊ ခွေးလေးဆော်လို့ကြားမိတော့ အရူးမှတ်လို့ ဟီး"

ကြည့်ပါလား၊ မွှေးဝါ ပြောပုံက၊ ခက်တော့ခက်တယ်။ ဒီမြို့ကြီးက လူတွေ ဘယ်လိုဖြစ်ကုန်ကြသလဲ မသိဘူး၊ စဉ်းစားဆင်ခြင်ဉာဏ်က နည်းကြတယ်။

"ဟေ့လူ…ကိုတောသား"

"အံမာ…လူကိုများ၊ ဘာတုန်းကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ...ဟဲ...ဒေါ်ခင်ခင်ဇော်တို့တစ်မိသားစုလုံး ရွှေတိဂုံဘုရားကို သွားကြတယ်ဗျ"

"ဟင်...ဒါ...ဒါဆို...ဒီ...ဒီနေရာကနေ လမ်းလျှောက်ပြီးလိုက် သွားရင် ဘယ်လောက်များဝေးလဲဟင်"

"သိပ်မဝေးပါဘူးဗျ"

"ဟာ...လုပ်စမ်းပါဦး ရောင်းရင်းရာ ၊လမ်းညွှန်ပေးပါလား"

လို့ဆိုတော့ ငနဲ့သားမွှေးဝါ ပြီတီတီနဲ့ပြုံးတယ် ။ ပြီးတော့မှ ...

"အင်း...ဆယ့်ငါးမိုင်လောက်တော့ ဝေးမယ်ဗျ"

"ဗျာ...ဆယ့်ငါးမိုင်၊ ဟာဗျာ ....ခင်ဗျား တော်တော်နောက်တတ် တဲ့လူပဲ"

"အင်"

မွှေးဝါတစ်ချက်ငြိမ်ကျသွားတယ်။ ကျွန်တော့်စကားဘာများမှား သွားပါလိမ့်။

"ကဲ...ကဲ...ကိုတောသား။ခင်ဗျားအထုပ်တွေပြန်ကောက်ပြီး ကျုပ်တို့ခြံထဲမှာ လာနေရင်းနဲ့စောင့် နေပါတော့ဗျာ"

ငနဲသားငမွှေးဝါက ပြောပြီး အိမ်ထလှမ်းဝင်သွားတယ်။ တစ် အောင့်ကြာတော့ သူ့အိမ်ခြံတံခါးကို လာဖွင့်ပေးတယ်။ ကျွန်တော်လည်း လှမ်းဝင်မယ်ဟန်ပြင်လိုက်တော့...

"နေဦး ကိုယ့်လူ"



www.burmeseclassic.com

www.burmeseclassic.com



ငနဲသားမွေးဝါက လက်ကာပြပြီးပြောတယ်။

"ဘာတုံးဗျ"

ကျွန်တော် ဘုဆတ်ဆတ်နဲ့ ပြောမိလိုက်တယ်။ ဒီတော့ ငတိမွေး ဝါက...

"ခေတ်ကြီးက လူမသူတော်တွေ သူတော်ကောင်းယောင် ဆောင်ကြတဲ့ခေတ်ကြီးဗျ"

"ဒီတော့"

"ခင်ဗျားမှတ်ပုံတင် ကျုပ်ကို ပေးထားရမယ်"

"ရော်... တယ်ခက်ပါလား"

ကျွန်တော်လည်း ထူးထူးထွေထွေနဲ့ ဆက်မပြောတော့ဘဲ အိတ် ကပ်ထဲက မှတ်ပုံတင်ကို ထုတ်ပေးလိုက်တယ်။

ငနဲသားက ယူပြီး သေသေချာချာ ကြည့်လိုက်တယ်။ ပြီးတော့ ကျွန်တော့မျက်နှာကိုလည်း စိုက်ကြည့်တယ်။ ပြီးတာနဲ့....

"အင်း... မှတ်ပုံတင်ထဲမှာတော့ကျောင်းသားဆိုပဲ၊ အခုတော့ ဘာလုပ်နေတုန်း"

ငနဲသားမွေးဝါ တော်တော် စပ်စုတာပဲ။ ကျွန်တော် သိပ်စိတ် မ ရှည်ချင်လှ။ ဒါကြောင့်...

"အခုလည်းကျောင်းသားပဲ၊ဒီကိုလာတာကျောင်းတက်ဖို့ပဲ၊ပထ မနှစ်တက်မှာ၊ သမိုင်းအဓိကနဲ့၊ ကဲ...ဘာသိချင်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



လိုဆိုတော့ မွှေးဝါ မျက်နှာတပြင်လုံး လင်းလက်သွားတယ်။ ပြီးတော့ လိုက်လိုက်လှဲလှဲလေးနဲ့ပြုံးတယ်။

"ကျွန်...ကျွန်...အဲ...ငါလည်းဒီနှစ်မှပထမနှစ်တက်မှာပဲ၊သမိုင်းနဲ့ပဲ၊ဟာ...ဟန်ကျပြီဟေ့"

မွှေးဝါက အားရဝမ်းသာကြီးနဲ့ပြောပြီး ကျွန်တော့ပခုံးကို အားရပါးရကြီးနဲ့ရိုက်လိုက်တာ ပခုံးကို နာသွားတာပဲ။

ဆိုတော့ကား.....။

ကျွန်တော်လည်း အညာသားပဲ။ မြို့သားတွေလည်တာလောက်ကိုမကြောက်လို့ ရန်ကုန်မှာ ကျောင်းလာတက်တဲ့ကောင်ဆိုတော့....

"ဟာ...ဟုတ်လား၊ဂွတ်ထပေ့ါကွာ"

လို့ပြောပြီး မွှေးဝါပခုံးကို အားပါပါနဲ့ ထုထည့်လိုက်တယ်။

"အာ...ဟေ့ကောင် တောသားနာတယ်ကွ"

"မင်းရိုက်တာလည်းနာတာပဲ"

"ဒါဆို ထမင်းစား ချေးထွက် ကြေပြီပေ့ါ"

"အေး"

ဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက်ဟာ လူငယ်တွေပီပီ ပွင့် ပွင့် လင်းလင်းရင်းရင်းနှီးနှီးနဲ့ လက်ဆွဲနှုတ်ဆက်မိလိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စိတ်ထဲမှာ တွေးမိလိုက်ပါတယ်။ အမေရိကန်သမ္မတ ဟောင်း ဂျော့ဘုရှ်နဲ့ အိုစမာဘင်လာဒင်တို့ ခင်မင်ရင်းနှီးစွာနဲ့ နှုတ်ဆက်လိုက်ကြတယ်လို့လေ။

အဲ... ဂျော့ဘုရှ်က အသားဖြူတယ်၊ ဘင်လာဒင်က မည်းတယ်။ အစ မွှေးဝါကလည်း အသားဖြူတယ်၊ ကျွန်တော်က အသားမည်းတယ် ဆိုတော့...အင်း...။

ကျွန်တော်က ဘင်လာဒင် ဖြစ်နေပြီပေါ့၊ ဒါ...ဒါဆို ...ကျွန်တော်က အကြမ်းဖက်သမားကြီးပေါ့။

ဩော်... နိုင်းနှိုင်းစရာ ဥပမာပေး ကောင်းလိုက်ပုံနှယ်။

ငါ့နှယ်နော်...။

စိတ်ပျက်လက်ပျက်စွာနဲ့ပဲ ဒန်းပေါ်ကို ဝုန်းခနဲ မြည်အောင် ထိုင်ချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

$I_B$

ရှာဦးဆရာတော်ဘုရားကြီးကို နှုတ်ဆက်စကားလည်းဆိုရင်းဩဝါဒစကားကိုလည်း နာခံပြီးလို့ ကျောင်းတော်ကြီးပေါ်က ဆင်းလိုက်တော့ လှေကားခုံစောင်းတန်းထဲက ကျွန်းတိုင်ကြီးကိုမှီပြီး အဝေးသားနဲ့ စောင့်နေတဲ့ နှင်းနှင်းနုကို တွေ့လိုက်ရသည်။

သူမက ဆံနွယ်အုံထူထူကြီးရဲ့ အဖျားပိုင်းတွေကို လက်ကလေးနှစ်ဖက်နဲ့ ပွတ်သပ်ရင်းဆွေးလျှလျှ မျက်ဝန်းရွဲကြီးနဲ့ စိုက်ကြည့်တယ်။

"ဟာ..နှင်းနုပါလား၊ ဘယ်ကိုလာတာလဲ၊ ကျောင်းပေါ်မှာ ဘုန်းဘုန်းရှိတယ်လေ"

လို့ပြောမိတဲ့ ကျွန်တော့်စကားကို သူမက...

"သိသားပဲ၊ ဟွန်း...နင်ရှိလို့ လိုက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



လို့နှုတ်ခမ်းကလေးစူပြီး မူနွဲ့နွဲ့နဲ့ပြောတယ်။ အာ…ဒီလိုဆိုတော့ လည်းတယ်ဟုတ်ပါလားလို့လည်း စိတ်ထဲကတော့တွေးမိသား။

ကျွန်တော်သူမအနားကို တိုးကပ်သွားလိုက်သည်။ ကြည့် စမ်း ဖအော်ဒီကလုံးနံ့လေးတွေသင်းနေလို့။

သူမမျက်နှာကို ကြည့်မိလိုက်တော့လည်း ဖွေးနုနေတဲ့ ပါးပြင် ထက်မှာ – သနပ်ခါးပါးကွက်ကြားနှစ်ဖက်က အသည်းပုံလေးနဲ့။ ဝတ်ထား တာကလည်း ခရမ်းရောင်ပါတိတ်ဝမ်းဆက်လေးနဲ့၊ သေချာပါတယ်။

နွေးမြနေတဲ့ နံနက်ခင်းရာသီရဲ့အောက်မှာ သူမ လှကြွနေတယ်။

"ဟဲ့ …ဘာကြည့်နေတာလဲ"

ဆိုတဲ့ သူမရဲ့ရှက်ကိုးရှက်ကန်းအမူအရာနဲ့ အပြောကို…

"လှလို့ပေါ့ဟာ"

လို့ကျွန်တော် ချက်ချင်းပြောမိလိုက်တယ်။

ဒီတော့ သူမက ဦးခေါင်းလေးကိုငုံ့ဆံပင်တွေကိုသပ်ရင်းနှစ် ဖြိုက်ခနေတဲ့ နှုတ်ခမ်းနှစ်လွှာကြားကနေ…

"သွားပါ၊ ရန်ကုန်ရောက်ရင် ကိုရီးယားစတိုင်တွေကို အတုခိုး ထားတဲ့ လှလှပပဟာမတွေကိုတွေ့ရင် ငါတို့ကို မေ့သွားမယ့်ဟာများ"

လို့ပြောတယ်။

ဆိုတော့ကာ၊ ကျွန်တော်ရယ်ချင်မိသွားတယ်။ ဟုတ်တယ်လေ။ တကယ်ဆို သူမနဲ့ကျွန်တော်က ဘာတွေမှမဟုတ်ဘဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာတည်းမှာမွေးပြီးတစ်ရွာတည်းမှာပဲကြီးလာကြတဲ့ သူငယ်ချင်းတွေပဲ။

သူမကဆယ်တန်းကိုနှစ်နှစ်ကျပြီးဆက်မဖြေတော့။

ကျွန်တော်ကတော့ ဆယ်တန်းကို တစ်နှစ်ကျပြီးလို့ နှစ်နှစ်မြောက်မှာအောင်ပြီး ရန်ကုန်မြို့ကြီးမှာ တက္ကသိုလ်သွားတက်ရတော့မယ် ဒါကြောင့်မနက်ဖြန်ညနေဆိုရင်ကျွန်တော်ရွာကနေထွက်ခွာပြီ။ ဒါကြောင့် ...

နှုတ်ဆက်စရာရှိတဲ့လူတော်တော်များများကိုနှုတ်ဆက်ပြီးပြီ။သူမကိုတော့ အခုမှ နှုတ်ဆက်စကားပြောရတော့မယ်။

"အေးဟာ...ဘာကို ဘယ်လိုစပြောရမှန်းတောင် မသိတော့ဘူး အဲ...ဟိုလေ...နင်ကျန်းမာရေးကိုဂရုစိုက်နော်၊ ငါလူကြုံရှိတာနဲ့ စာရေးပို့မယ်၊နင်ငရုတ်သီးတွေ လျှော့စားဟာ၊နင်ငရုတ်သီးစားတာ ကြောက်စရာကြီး"

"အေးပါဟာ"

"ငါလည်းဟိုမှာ စားကြိုးစားမှာပါ၊နင်သိတဲ့အတိုင်းပဲ၊ ငါက လယ်ထွန်ချင်တဲ့ကောင်မဟုတ်ဘူးဆိုတော့ ပညာတွေတတ်မှလေ"

"ဟင်...ဘာဆိုင်လို့"

"ဟုတ်ပါတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သြော်...ဒါနဲ့ပြောရဦးမယ်၊ နင်သခွားသီးကိုမြင်တိုင်းငါ့ကိုသတိရပေ့ါဟာ"

"ဟင်...ဘာဆိုင်လို့"

"သြော်...ငါက သခွားသီးကြိုက်တယ်လေဟာ၊ နင့်ကို လည်းငါ ဟိုရောက်ရင် ငရုတ်သီးရဲရဲလေး မြင်တိုင်းငါ့ကို သတိရပေ့ါဟာ"

"အင်.. .ဘာဖြစ်လို့"

"ရော်...ခက်ပြန်ပြီ၊ နင်ကငရုတ်သီးကြိုက်တယ်လေ"

"ဟာ...ခစ်...ခစ်...ခစ်...၊ဟုတ်သားပဲ၊ အ...ခစ်...ခစ်...သတိရကြကြေးဟာတွေကလည်းထူးဆန်းတယ်နော်၊ စားစရာတွေချည်းပဲ...ခစ် ခစ်ခစ်"

သူမက ပြောရင်းနဲ့နှစ်နှစ်ခြိုက်ခြိုက်လေးရယ်တယ်။ ကျွန်တော် လည်း ရယ်လိုက်မိတာပေ့ါ။

တကယ်ဆို ကျွန်တော်တို့ နှစ်ယောက်သား၊ ချစ်သူတွေဆိုရင် ဒီနေရာဟာ လွမ်းခန်းပဲ၊

အခုတော့...ချစ်သူတွေ မဟုတ်ကြ။

မဟုတ်ကြဆို ကျွန်တော့်ဖက်က စိတ်မှမဝင်စားဘဲ။ ကျွန်တော် တကယ်စိတ်ဝင်စားနေတာက ပညာတတ်နေတဲ့ အရာရှိကြီး တစ်ယောက်ရဲ့ဘဝမျိုး။ အဲဒီလို ဘဝမျိုးမှာတောင်မှ လက်အောက်ငယ်သား



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ချစ်ခင်လေးစားမှုကိုရယူပိုင်ဆိုင်နေရပြီးကိုယ်ကျင့်တရားကောင်းမွန်တဲ့ တာဝန်ကျေ နိုင်ငံသားကောင်းတစ်ယောက် ဘဝမျိုး။

"တင်မောင်"

"ဟင်"

"နင်...ရန်ကုန်မြို့ကြီးကိုရောက်ရင်လိမ္မာနော်"

"အေးပါဟာ ငါလိမ္မာမှာပါ။ ဒီအတွက် နင်ဘာမှမပူနဲ့"

"ဟင်း"

သူမသက်ပြင်းချတယ်။ သက်ပြင်းသံက အနည်ငယ်ကြမ်းတယ်။

သူမရင်ထဲမှာဘာတွေရှိနေသလဲ။ ကျွန်တော်သိတယ်၊ ဒါပေမယ့် ကျွန်တော်ဘာမှမတတ်နိုင်။

သို့ပေမယ့်...

လောလောဆယ် စိတ်လေးလံနေတဲ့ သူမကို ပျော်ရွှင်ရယ်မောသွားအောင် တစ်ခုခုနဲ့ကျီးစားဖို့ စဉ်းစားလိုက်သည်။

ဒါကြောင့် ပတ်ဝန်းကျင်လေးကို ဝေ့ဝဲကြည့်မိလိုက်သည်။

"ဟာ...ဟုတ်ပြီ"

လက်ဖျစ်ပါတစ်ချက်တီးပြီး ခပ်လှမ်းလှမ်းမှာရှိနေတဲ့နွယ်သာကီပင်ပိုကြီးရှိရာဆီကို ပြေးဆင်းသွားလိုက်တယ်။

နွယ်သာကီပင်အနားကိုရောက်တော့သူမကိုတစ်ချက်လှမ်း ကြည့်မိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ သူမ ဘုမသိ ဘမသိ အမူအရာနဲ့ ကျွန်တော့်ကို ငေးရီ ပြီး ကြည့်နေတယ်။

"ကျွန်တော်တစ်ချက်ပြုံးမိလိုက်သည်။ ပြီးတာနဲ့နွယ်သာကီကိုင်း ဖျားတွေကိုလိုက်လံကြည့်မိလိုက်သည်။

"ဟာ....တွေ့ပြီ စိမ်းပြီးဝကစ်နေတာပဲ"

ဝမ်းသာစွာနဲ့ နွယ်သာကီကိုင်းဖျားကို ချိုးယူလိုက်တယ်။ ကံ ကောင်းချင်တော့ ပန်းပွင့်ရဲရဲလေးတွေ သုံးပွင့်ကလည်း ပါလာတယ်။

ကျွန်တော် သူမဆီကို ပြန်လျှောက်သွားလိုက်သည်၊ သူမက တော့ ကျွန်တော့်ကို ငေးကြည့်နေပြီး နွေးနွေးမြမြကြီးနဲ့ပြုံးနေလို့ ။

ကျွန်တော်လည်း နွယ်သာကီကိုင်းဖျားလေးကို ဂုဏ်ယမ်းလှုပ်ပြ နေလိုက်တယ်။

ဒီလိုနဲ့...သူမအနားကို ကျွန်တော်ရောက်သွားတယ်။

"နှင်းနု...လက်ဝါးတစ်ဖက် ဖြန့်ပြီး မျက်စိမှိတ်ထား၊ ငါဖွင့်ဆိုမှ ဖွင့် နော်"

"ဘာလဲဟာ နင်ပန်းပေးမလို့လား တင်မောင်၊ တစ်ခါတည်း ပေး လည်းပြီးတဲ့ဟာကို"

"ခြော်...ဟော...ငါပြောသလိုသာ လုပ်စမ်းပါဟာ"

သူမကပြောစကားကို နားထောင်ရှာပါတယ်။ မျက်ဝန်းနှစ်ဖက် မှိတ် ညာဖက်လက်ဖဝါးတစ်ဖက် ဖြန့်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကျွန်တော်လည်း နွယ်သာကီရွက်ပေါ်က စိမ်းစိုပြီးဝကစ်နေတဲ့ ပျော့ပျော့စိစိ အရာလေးတစ်ခုကို ဖြုတ်ပြီး တင်လိုက်တယ်။ ပြီးတာနဲ့...

"ရပြီ...မျက်လုံးဖွင့်ကြည့်"

လို့ ပြောလိုက်တော့ သူမလည်း ချက်ချင်းမျက်လုံးကို ဖွင့်တယ်။ ပြီးတာနဲ့ လက်ဖဝါးပေါ်ကို ကြည့်လိုက်တယ် ဆိုရင်ပဲ...

"အား..."

သူမရဲ့ပြူးကျယ်ပိုင်းစက်သွားတဲ့မျက်ဝန်းတစ်စုံနဲ့ ငယ်သံပါတဲ့ အော်သံစူးစူးဟာ ကျယ်ကျယ်လောင်လောင်နဲ့ ပြန့်ထွက်သွားတယ်။

ချက်ချင်းဆိုသလိုပဲ ညာဖက်လက်ကို အသားကုန်ခါထုတ်ပစ်လိုက်တယ်။

သူမနှုတ်ခမ်းလေးတစ်စုံဟာ အနည်းငယ် တုန်ခါနေသလိုပဲ။

"ဟား...ဟား...ဟား...ဟား..."

ကျွန်တော်သူမရဲ့ဖြစ်အင်ကိုကြည့်ပြီး အားရပါးရကြီးနဲ့ ရယ်နေမိလိုက်တယ်။

ရယ်မိမှာပေါ့။

သူမရဲ့လက်ဖဝါးနုနုလေးပေါ်ကို တင်လိုက်တာက လက်ခလယ်လောက်တုတ်ပြီ ဘူဖွာရုပ်ပေါက်နေတဲ့ သစ်ရွက်စားပိုးတုံးလုံးကောင်ကြီးကိုး။



www.burmeseclassic.com

www.burmeseclassic.com

လူထိုက် ✧

သူမကတော့ အနည်းငယ် မူပိုကားထိတ်ပြာနေဆဲ။

ကျွန်တော်ကလည်း ရယ်လို့ကောင်းနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... .ဟော့လူ...တောသား၊ ဒုက္ခပါပဲ၊ နေမြင့်လို့ အရှူးရင့်တာလားမသိဘူး ၊ဟော့လူ.. .ဟော့လူ..."

ဆိုတဲ့ ခေါ်သံကျယ်ကြီးနဲ့အတူ ခန္ဓာကိုယ်ကို လှုပ်ခါလိုက်ခြင်းခံလိုက်ရတယ်။

ကျွန်တော် မျက်လုံးနှစ်လုံးကို ဖွင့်ကြည့်မိလိုက်တယ်။ ပြီးတော့သတိလည်း နည်းနည်းထားမိလိုက်သည်။

ဒီတော့မှ...

"ဟာ . . .ငါ့အိပ်မက် မက်နေတာပါလား"

လို့စိတ်ထဲက တွေးမိလိုက်ချိန်မှာတော့ မွှေးဝါရဲ့မျက်ခွက်ကြီးကိုဘီလူးသံပုရာသီး ကိုက်ထားတဲ့ ဟန်မျိုးနဲ့တွေ့လိုက်ရသည်။

"အာ.. .အိမ်မက်တွေ မက်နေမိတယ်ကွာ၊ ကဲ.. .ပြော...ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားဆုံးတာနဲ့ မွှေးဝါဟာ မျက်နှာကိုတစ်ဖက်လှည့်ပြီး စုတ်သပ်နေတယ်။

ဆိုတော့ကာ ဒီကောင့်လုပ်ပုံတွေက မဟုတ်။ အထာကလည်း ဘာအထာလဲ။ စဉ်းစားကြည့်လေ။ အိပ်ပျော်နေတဲ့ကျွန်တော့်ကိုနှိုးတယ်။

ဟော. . . အခုကျွန်တော် နိုးပြီ။

ဘာစကားမှလည်းမပြော။

သူကတော့ လက်ကြီးနှစ်ဖက်ကို ပိုက်ပြီး အကြီးအကဲ တစ်ယောက်လိုလို၊ ဘီလူးသရဲတစ်ယောက်လိုလိုနဲ့ ၊ ဒါကြောင့် ကျွန်တော် လည်းဒွေးလေးအိမ်ဖက်ကိုတစ်ချက်နားစွင့်လိုက်တယ်။ အသံဗလံတွေ ကြားနေရသလိုပဲ။

ဒါကြောင့်. . .

ထိုင်နေရာကနေ ဝုန်းခနဲ ထရပ်ပြီးခြံဝကို ပြေးထွက်မိမလိုလုပ်မိ လိုက်တယ်။

ဒီအခါမှာတော့. . .

"အား. . .နာလိုက်တာ၊ ဒီကောင်ကွာ"

ဆိုတဲ့ မွှေးဝါရဲ့ညည်းသံကြောင့် ကျွန်တော်ရုတ်တရက်မတ်တပ် ရပ်မိလိုက်ပြီး ငုံ့ကြည့်လိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာတော့ ကျွန်တော် ဒန်းပေါ်ကအဆင်းမှာ တွန်းပြီးဆင်းမိသလို ဖြစ်သွားတာကြောင့် ဒန်းထိုင်ခုံကလွှဲပြီး ဒီကောင့်ရဲ့ညာဖက်ဒူးဆစ်ကိုသွားတိုက်မိသွားတယ်လေ။ ဒါကြောင့် ဒီကောင်အော်တာ။

"အဟီး…ဆော…ဆောရီးကွာ"

ကျွန်တော်ကချက်ချင်းတောင်းပန်စကား ဆိုလိုက်ပါတယ်။ ဒီတော့ သူက ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်ပါတယ်။

"မောင်တင်မောင်"

ကြည့်…ခေါ်ပုံက၊ ဘီလူးသရဲလိုရုပ်နဲ့အကြီးအကဲဂိုက်ဖမ်းတယ်။

"ဘာလဲကွ"

"ဟိုဖက်မှာ မင်း ကြီးတော်တွေ ရောက်နေပြီ"

"ဟာ…ဟုတ်လား၊ ဟေ့ပေား…ဝမ်းသာလိုက်တာကွာ"

လို့ ကျွန်တော်အားရဝမ်းသာကြီးနဲ့ ပြောမိလိုက်ပြီး အထုပ်တွေကို ကောက်ကိုင်လိုက်တယ်။

"မောင်တင်မောင်"

အရေးထဲမှာ ငတိက ခေါ်သေးတယ်။

"ဟေ့ကောင်…မင်း ငါ့နာမည်ကို ပြန်ပြင်ခေါ်ရင်ကောင်းမယ်နော်"

"ဟာ…မင်းနာမည်က မှတ်ပုံတင်ထဲမှာမောင်တင်မောင်လေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး...ဟုတ်တယ်၊ ဒါပေမယ့် မင်း အခုရှေ့က မောင် ကို ဖြုတ်ခေါ်"

"ဩော်.. ဒီလိုလား...ဟီးဟီး"

"အေး...ဟုတ်တယ်၊သွားပြီ"

"ဟာ...ငါလည်း ကူသယ်မှာပေါ့၊ပေးပေးတစ်ခု"

ငေ[illegible] ပြောပြောဆိုဆိုနဲ့ ဂစ်တာကိုပဲ ကောက်ကိုင်တယ်။ အဲဒါပဲ မြို့သားငေ[illegible]လည်းကျပုံ။

ဘာပဲ ဖြစ်ဖြစ် ပါလေ။ သူ ခြံ ထဲ မှာ ခေတ္တ ပေးနားပြီး ကူသယ်တယ်ဆိုကတည်းက ကျေးဇူးတင်ရမှာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com

I$_D$

ဒွေးလေးတို့ခြံဝန်းလေးထဲရောက်တော့ ...

"ဟယ်...မောင်တင်မောင်ကြီးတော့"

လို့ ဒွေးလေးကအံ့သြသွားတဲ့အာလုပ်သံကြီးနဲ့ ပြောတယ်။ ကျွန်တော်လည်းအိမ်လေးထဲကို တန်းဝင်သွားလိုက်တယ်။ ပြီးတာနဲ့ နီးရာကြမ်းပြင်ပေါ်မှာပဲအထုပ်တွေကို ချပစ်လိုက်တယ်။

ဒွေးလေးကတော့ ကြမ်းပြင်ပေါ်မှာ ခြေထောက်နှစ်ချောင်းကို ဖြကာထိုင်ပြီးထန်းလက်ယပ်တောင်လေးနဲ့ အားရပါးရကြီး ယပ်ခပ်နေလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲကျန်ကဲ့လက်တစ်ဖက်ကလည်း လုံချည်သားလေးကို မလိုက်ဖိလိုက်နဲ့လုပ်နေ သေးတယ်။

"ဒွေးလေးတို့ နေကောင်းကြတယ်နော့"

ကျွန်တော့် နှုတ်ဆက်စကားကို ဒွေးလေးက ပြုံးပြုံး ပြုံးပြုံးအမူ အရာ ြီးနဲ့ ိုးခေါင်းကိုညိတ်ပြလေရဲ့။

ဒီအချိန်မှာပဲ အိမ်အတွင်းခန်းထဲကနေ ဒွေးလေးရဲ့ယောက်ျားဦး ချမ်းအေး ထွ ါလာတယ်။

ကျွန်တော့်ကို မြင်တော့...

"ဝေါ့တို့က မင်း...ညနေပိုင်းလောက်မှ ရောက်မယ်မှတ်လို့ကွ"

လို့ ပြောပြီး ဒွေးလေးဘေးက ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပါတယ်။

"ဟုတ်လား၊ ကျွန်တော်က ညဆယ့်နှစ်နာရီကား စီးလာတာလေ ဦးလေးရ၊ ဒါကြောင့် စောရောက်လာတာ"

ကျွန်တော့်အပြောကို ဦးချမ်းအေးက နှာခေါင်းကို ရှုံ့တွတွနဲ့လုပ် ပါတယ်။ ပြီးတော့ လုံချည်လေးကို မမပြီးယပ်ခတ်နေတဲ့ဒွေးလေးကို တစ် ချက်ငဲ့ကြည့်တယ်။ ဒွေးလေးကတော့ ယပ်ခတ်မပြတ်။

"ဟေ့.. ေခင်"

"တော့်"

"မင်း ယပ်ခတ်တာ ခဏရပ်ကွာ"

"အိုတော်.. ဒီလောက် ပူနေမောနေသေးတဲ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့…တော်ဆိုတော်ကွာ၊ဒီမှာနံတယ်"

"အံမာ…လူကိုများ"

"အေး…မင်းကလည်း ကာယကံရှင်ကို၊ ဘယ်လိုလုပ်ပြီးသတိထားမိပါ့မလဲ"

"တော်နော်…ဟွန်း၊မပြောလိုက်ချင်ဘူး၊ ဒီအနံ့ကြီးကိုပဲ ရှင်ပဲတစ်သက်လုံး…ဟွန်း"

ကြည့်ရတာ ဒွေးလေးက ဦးချမ်းအေးကို အတော်လေးကြောက်ပုံရတယ်။ ပြောစကားကို နားမထောင်ဘဲ ယပ်ဆက်ခတ်နေလေရဲ့။

ဦးချမ်းအေးကတော့ နှာခေါင်းကို ရှုံ့တွတွနဲ့ လုပ်နေဆဲ။

အဲဒီလိုလုပ်နေရင်းကနေ ကျွန်တော်အထုပ်တွေနဲ့နီးတဲ့ ထိုင်ခုံရှိရာကို လာထိုင်ပါတယ်။

"ဟာ…ပိုနံသလိုပဲ"

ဦးချမ်းအေးက ပြောပြောဆိုဆိုနဲ့ ကျွန်တော့်အထုပ်တွေကိုကြည့်ပါတယ်။

ဒီအခါကျတော့မှ ကျွန်တော်လည်းသဘောပေါက်သွားပါတော့တယ်။

ဒါကြောင့် ထိုင်နေရင်းကနေပဲ အထုပ်တစ်ထုပ်ကို ဆွဲယူလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတာနဲ့...

"ဦးလေး နံတယ်လို့ပြောနေတာ ဒီအထဲက အထုပ်ကြောင့်ဖြစ်မယ်"

"ဟုတ်လား ဘာအထုပ်တုံးကွ"

"အဟီး...တမာရွက်ပြုတ်ထုပ်လေ"

"ဟေ... သင်တော့ ထင်သားကွ၊ မင်းဒွေးလေးက အခုလောက်မနံပါဘူးလို့၊ ဟဲ...ဟဲ...ဟဲ..."

ဦးချမ်းအေးက ပြောလည်းပြောရယ်လည်း ရယ်။

ဒွေးလေးကလည်း အသက်ငါးဆယ်နားနီးနေပေမယ့် မျက်စောင်းကြီးခဲနေတာ ဆယ့်ခြောက်နှစ်သမီးအလား။

ကျွန်တော်ကလည်း ရယ်ကျဲကျဲနဲ့ပေါ့။

"ကဲ...ကဲမောင်တင်မောင်၊ မင်းလည်းပင်ပန်းရောပေါ့၊ ရေမိုးချိုး အဝတ်အစားလဲပြီး နေ့လည်စာစားရင်းစကားပြောကြတာပေါ့"

"ဟုတ်ကဲ့...ဒွေးလေး"

နောက်တော့ ကျွန်တော်လည်း ရေအရင်ချိုးတာပဲ ကောင်းမယ်လို့စဉ်းစားဆုံးဖြတ်ပြီးတာနဲ့ အဝတ်အစားထုပ်ကိုပဲ ကောက်ဖွင့်လိုက်တယ်။

"သွားလေ ... အပေါ်ထပ် ဘုရားခန်းရှေ့မှာပဲနေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒွေးလေးက နေရာချထားပေးတဲ့စကားကိုပြောတယ်။ ကျွန်တော် ဘာမှ ပြန်မပြောမိ။

ဒါကြောင့် အပေါ်ထပ်ကို တက်လာခဲ့လိုက်တယ်။

ဒီအခါမှာတော့ လေးဖြူရဲ့သံယောဇဉ်သီချင်းသံစဉ်ကို တီးခတ်နေတဲ့ ဂစ်တာသံကြောင့် ဝရန်တာ ကိုထွက်ပြီး ကြည့်မိလိုက်ရာ မွှေးဝါကို သူ့ခြံထဲက ဒန်းပေါ်မှာ ဂစ်တာတီးနေတာ တွေ့လိုက်ရတယ်။

"ဟင်...ဒီကောင် လိုက်ပို့မယ် ဆိုပြီးတော့"

အဲဒါပဲ မြို့ကြီးသားတွေ အပြောတစ်မျိုးအလုပ်တစ်မျိုး သတိတော့ ထားပေါင်းမှ။



www.burmeseclassic.com

www.burmeseclassic.com

## IE

ညစာ ထမင်းစားသောက်ပြီးတာနဲ့ အိမ်ရှေ့မြေကွက်လေးပေါ်က ထိုင်ခုံမှာ ထွက်ထိုင်ဖို့ စိတ်ကူးလိုက်တယ်။

ဒါကြောင့် အိမ်ရှေ့ကိုတစ်ချက်လှမ်းကြည့်မိလိုက်တော့ မြေကွက်လပ်လေးဟာ လရောင်အလင်းဖျော့နဲ့ လက်ထနေတယ်။

ကျွန်တော် လျှောက်သွားလိုက်တယ်။

"ညောင်...ဝေါင်း ..ဖလူး...ဖလူး"

"အား....အမလေး ...ပလုတ်တုတ်"

ရင်ထဲမှာ ရှိန်းခနဲ ဖိန်းခနဲ။ သေသေချာချာ ကြည့်မိလိုက်တော့အ ပေါက်ဝက ခြေသုတ်ခုံပေါ်က အိပ်နေတဲ့ ကြောင်မည်းကြီးရဲ့အမြီးကို တက်



www.burmeseclassic.com

www.burmeseclassic.com



နင်းမိလိုက်ကြောင်းသတိထားမိလိုက်တယ်။

တော်သေးတယ်။ ကျွန်တော့်ကို ကုတ်မသွားလို့။ ရင်ထဲမှာတော့ တလှပ်လှပ် ဖြစ်နေဆဲပေါ့။

ဒီအချိန်မှာပဲ ဦးလေးက မီးထွန်းထားတဲ့ ဖယောင်းတိုင်ကြီးကို ကိုင်ပြီး ကျွန်တော့် အနားရောက်လာတယ်။ မျက်နှာကို ကြည့်လိုက်တော့ ပြုံးဖြီးဖြီးကြီးနဲ့။

"ဟီးဟီး. . .မင်းမည်းလုံးကို တက်နင်းမိတယ်နဲ့တူတယ်။ သတိထားကွာဒီကောင်က အဲဒီနေရာမှာပဲ အမြဲအိပ်တာကွ၊ အစုလို မှောင်မည်းတဲ့ ညဆိုင်ဝါတို့တောင် ခဏခဏနင်းမိတယ်၊ ဟား. . .ဟား. . .ဟား. . ."

"ဩော်"

"မဩော်နဲ့ တင်မောင်ရေ၊ ဒီကောင်က ကံကောင်းတယ်ကွ၊ နင်းမိလိုက်ရင် အမြီးချည်းပဲ။ သူ့အမေကျတော့ ကံမကောင်းဘူး"

"ဟင်. .ဘာ. . .ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ သူ့အမေလည်းအိပ်လိုက်ရင် ဒီအပေါက်ဝပဲ ၊ နင်းမိပြီဆိုရင်လည်း ခေါင်းချည်းပဲ၊ အဲဒါကွာ လွန်ခဲ့တဲ့လေးလလောက် ကပဲသေသွားတယ်လေ"

ဦးလေးအသံက စိတ်မကောင်းတဲ့ အငွေ့အသက်လေးတွေရော ထွေးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်းစိတ်ဝင်စားသွားတယ်။

"ဒါဆို သူ့အမေက ဘာလို့သေသွားတာလဲဟင် ဦးလေး"

"အင်း...အဲဒီနေ့ကကွာ ငါကအပြင်ကဝယ်လာတဲ့ တစ်တင်းခွဲဆန်အိတ်ကိုပွေ့လာပြီးအိမ်ထဲအဝင်မှာ ထုံးစံအတိုင်းခေါင်းကိုတက်နင်းမိ သွားတယ်လေ ။အဲဒီမှာတင် ငါလည်း လန့်ဖျတ်သတိမေ့ပြီး ဆန်အိတ်ကို လွှတ်ချမိလိုက်တာ ခေါင်းပေါ်တည့်တည့်ကို ပိပါလေရောလားကွာ၊ ခများ လေးလည်း ဂိသွားရတာပေါ့ကွာ"

"ဪ...ဖြစ်မှဖြစ်ရလေ"

"အေးကွာ...မင်းလည်း သတိထားပါ"

"ဟုတ်ကဲ့ပါ ဦးလေး"

နောက်တော့ဦးလေးလည်း အိမ်ထဲကိုပြန်ဝင်သွားတယ်။ ဦးလေးကို ကြည့်ရတာတော်တော်ကြီးစိတ်ထိခိုက်နေပုံရတယ်။ လက်တစ်ဖက်က ဗိုက်ကြီးကိုပွတ်ပြီးဝင်သွားလိုက်တာ လေချဉ်တောင် တက်နေလေရဲ့။

ကျွန်တော်လည်းစားပွဲခုံပုလေးဘေးမှာရှိနေတဲ့ထိုင်ခုံလွတ်မှာ ထိုင်လိုက်တယ်။ ပြီးတာနဲ့ညဦးမှာ အပျော်ကြူးနေတဲ့ လေပြည်ဆတ် ကောာ့လက်ကော့ အချို့ကို အားရပါးရကြီး ရှူသွင်းပစ်လိုက်တယ်။

"ဂဒ့်"



www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးကိုတွန်းဖွင့်လိုက်သံကြောင့် မှိတ်ထားတဲ့မျက်ဝန်းကိုဖွင့်ပြီး ကြည့်မိလိုက်တော့ ဂစ်တာကြီးကိုင်ပြီး ဝင်လာတဲ့ မွှေးဝါကို လရောင်မှုန်ဝါးဝါးအောက်မှာ တွေ့လိုက်ပါတယ်။

သူကျွန်တော့်ကိုမြင်သွားတယ်။

"ဟာ...မောင်တင်၊အဲ့..တင်မောင်"

"ဟွန့်"

သူ့ခေါ်သံကြောင့် စိတ်ပျက်သံက ပွင့်ထွက်သွားတယ်။ သူ...၊ ကျွန်တော်အနားကို လျှောက်လာပြီးဂစ်တာကိုပေးတယ်၊ ပြီးတာနဲ့ထိုင်ခုံလွတ်မှာ ဝင်ထိုင်ပြီး...

"ဒီည မန်ယူနဲ့လီဗာပူးပွဲ ရှိတယ်၊ ကြည့်မလား တင်မောင်"

မွှေးဝါ စကားကြောင့် ကျွန်တော် စိတ်ဝင်စားသွားတယ်။ ရှင်းရှင်းပြောရရင် ကျွန် တော် ကမန် ယူ ခရေစီ ။ပြီး တော့၊ ချန် ပီ ယံ လိဒ် မှာ ကံမကောင်းစွာနဲ့ဆုံတွေ့ကြရတာ။ ဒါကြောင့် ကြည့်ချင်စိတ်က ချက်ချင်းမီးထတောက်တယ်။

ဒါပေမယ့် ကိုယ်က ဒီနေ့မှရောက်တဲ့ ဧည့်သည်ဆိုတာ အခေါ်တို့ဆီက ခွင့်တောင်းရမှာ ခပ်ခက်ခက်။

"ဟော့ကောင်...တင်မောင်၊ ဘယ်လိုလဲ"

မွှေးဝါက ဆက်မေးတယ်။ ကျွန်တော် မွှေးဝါမျက်နှာကို စိုက်ကြည့်မိလိုက်တယ်။ ပြီးတာနဲ့...



www.burmeseclassic.com

www.burmeseclassic.com


"ကြည့်ချင်တယ်ကွ၊ ဒါပေမဲ့ အခေါ်တို့က..."

ကျွန်တော်စကားကို ရှေ့ဆက်မပြောချင်တော့။ ဒါပေမယ့် မွေးဝါက အထာနပ်ပုံရတယ်။

"အိုကေ...ဒီကိစ္စငါ့တာဝန်ထား"

"ဖြစ်ပါ့မလားကွာ"

"စောင့်ကြည့်လေ"

မွေးဝါက ပြောပြီးတာနဲ့ ထိုင်ရာကနေ ထလိုက်ပြီး အိမ်ထဲကို လှမ်းဝင်သွားတယ်။

ကျွန်တော်မှာတော့ ရင်တမမနဲ့ပေါ့။

တော်တော်လေးကြာတော့မွေးဝါထွက်လာတယ်။ ကျွန်တော့်ကို ညာဖက်လက်မလေးထောင်ပြတယ်။

ဆိုတော့ကာ။ ဝမ်းသာမှုက ရင်ထဲမှာ လှုပ်ခနဲ။

"ဒါ...ဒါဆိုဘယ်နှစ်နာရီလဲကွ၊ မွေးဝါ...အဲ"

ကျွန်တော့်စကားဟာလမ်းခုလပ်မှာတင် တန့်သွားတယ်။ မွေးဝါ မျက်နှာတစ်ချက် ဖရိုဖရဲ ဖြစ်သွားတယ်။ ဒါပေမယ့် သူချက်ချင်းပဲ ပြုပြင်လိုက်ပါတယ်။ ပြီးတာနဲ့...

"ရှစ်နာရီအတိကွ၊ သွားမယ်ဆို အခုလစ်မှ အတော်ပဲ"

"ဟင်"

"မဟင်နဲ့ကွာ၊ ခုနစ်နာရီခွဲနေပြီ"


www.burmeseclassic.com

www.burmeseclassic.com



"အာ…ဒါ…ဒါနဲ့ဘယ်မှာ သွားကြည့်ရမှာလဲ"

"လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ"

"ဒါဆို လစ်စို့လေ"

"အေး"

နှစ်ယောက်သားပြိုင်တူမတ်တပ်ထရပ်လိုက်ကြတယ်။ ပြီးတာနဲ့ ခြေလှမ်းတွေက ခြံအပြင်ဘက်ဆီသို့ …။

ခြံအပြင်ရောက်တော့…

"ဟေ့ကောင် မင်းနာမည်လည်းငါပြောဦးလေ"

ကျွန်တော့်စကားကြောင့် မွှေးဝါဟာ ရယ်ကျဲကျဲနှင့်ငဲ့ကြည့်တယ် ပြီးမှ…

"မှတ်ထားပေါ့ကွာ ဇော်ဇော်တဲ့ ၊ အများအခေါ်ကတော့ ဖိုးဇော် ပေါ့ကွာ၊ အဲ…တချို့ကတော့ ကိုဇော်လို့ ခေါ်ကြတယ်"

"ဘာလဲ ကလေးတွေကလား"

"မဟုတ်ဘူး ကောင်မလေးတွေကွ၊ ဟား…ဟား…ဟား…"

"ဟင်"

သူ့ဘာသာသူ ပြောပြီး သူ့ဘာသာ ရယ်နေလေရဲ့။ ဘာတွေများ ရယ်စရာပါနေလို့ပါလိမ့်။

ဒီကောင် ကြောင်တောင်တောင်ကောင်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း...ရှိတ်ကင်း"

သူကရယ်ပြီးတာနဲ့ပြောပြောဆိုဆိုပဲ ညာဖက်လက်ကိုကမ်းပေးလာတယ်။

ဆိုတော့ကာ။

တောကနေ မြို့တက်လာတဲ့ကောင်ပဲ။ ဒီလောက်တော့ ဘယ်ညံ့ပါ့မလဲ။ ဒါကြောင့် သူ့လက်ကိုဆွဲပြီး ယမ်းခါပစ်လိုက်တယ်။

ဒီအခါမှာတော့ သူက...

"ငါ့တို့ သူငယ်ချင်းတွေ ဖြစ်သွားကြပြီနော် တင်မောင်"

"ဖြစ်ကြပြီပေါ့ ဇော်ဇော်ရာ"

"ဒါဆို...အိုကေ"

"အိုကေ"

ဝန်းကျင်ဟာ လရောင်အေးနဲ့ငြိမ်းမြနေလေရဲ့။

ဒီလိုနဲ့...ဒီလိုနဲ့...

ပါးနှစ်ပြန်သာသာလောက် လျှောက်လှမ်းလာကြ အပြီးမှာတော့ လမ်းသွယ်ထဲကနေ ကောင်မလေးနှစ်ယောက်ဟာ အသံစာစာ စာစာလေးနဲ့ထွက်လာကြပါတယ်။

ပုံစံလေးတွေကလည်း ဒုံပျံလေးတွေပီပီ လှုပ်ခါလှုပ်ခါနဲ့ပေါ့။ မသိရင်တော့ လရောင်အေးအေး လဲ့လဲ့အောက်မှာ သူယောင်မယ်နှစ်ယောက်သွားကန် ပေါ်လာတဲ့ အလားပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို မွှေးဝါက မြင်တော့ ကျွန်တော့်ကို တစ်ချက်ငဲ့ကြည့်ပြီး ညာဖက်မျက်စိတစ်ဖက်မှိတ်ပြတယ်။

ပြီးတာနဲ့ ကျွန်တော့်လက်ကို ခပ်တင်းတင်းဆွဲပြီးကောင်မလေးနှစ်ယောက်နောက်ကို ပြေးကပ်လိုက်တယ်။ ကျွန်တော့်လည်း ရုတ်ချည်းမို့ ကြောင်အမ်းအမ်း ပင် ဖြစ်ချိန်မရလိုက်။ ဒီအချိန်မှာတော့ ငတိက ဘယ်ဖက်က ကောင်မလေးတစ်ယောက်ရဲ့ဦးခေါင်းကို သူ့လက်နဲ့ပုတ်လိုက်ပါတယ်။

"အဲ့...ပျူလုတ်တုတ်၊ ကုလားနဲ့ခွေးနဲ့ညား"

ကောင်မလေးဟား လန့်ဖျပ်သွားပြီး ငဲ့ကြည့်ပါတယ်။

အရင်ဆုံးကြည့်တာ ကျွန်တော့်ကို။ အို...လရောင်အောက်မှာ မြင်လိုက်ရတဲ့ သူမမျက်နှာ ဖြူဖပ်ဖြူရော်လေးမှာ စက်ထန်မှုက ရောပြွမ်းနေတယ်။

ပြီးတော့ မွှေးဝါကို ကြည့်တယ်။

"ဩော်...သောက်ကောင်"

သူမက ငတိကို သိသလို အမူအရာနဲ့ နှုတ်ခမ်းစူပြီး ပြောတယ်။

ဒီအခါမှာတော့ငတိကဘယ်လိုထပ်ပြီးလုပ်လိုက်တယ်မသိ။ ကောင်မလေးမျက်နှာဟာ အနည်းငယ် စက်ထန်တဲ့ပုံပြန်ပေါ်သွားပါတယ်။ ပြီးတော့ ကျွန်တော့်မျက်နှာကို ငဲ့ကြည့်တယ်။ ဒီအချိန်မှာပဲ ငတိက...

www.burmeseclassic.com

www.burmeseclassic.com



"ငါ...ငါမဟုတ်ဘူး၊ ဒီကောင်...ဒီကောင်"

ဆိုပြီး ပြောပါတယ်။

"ဟာ...ဟေ့ကောင်၊ ဇော်...ဇော်ဇော်...မင်း...မင်း"

"ဘာ...မင်း...မင်းလဲ၊ မင်းပဲ ကောင်မလေးက ချစ်စရာလေးကွာ ငါထိပ်ထုချင်လိုက်တာဆိုပြီးတော့"

"ဟာ...ဘယ်...ဘယ်တုန်းက ပြောလို့လဲ"

"အစောနကလေ၊ ပြောပြီးတာနဲ့ မင်းပြေးပြီးထုတော့တာပဲဟာ"

"အာ"

ကျွန်တော်ဘာပြောလို့ ပြောရမှန်းပင် မသိတော့။

ကောင်မလေးကတော့ လက်နှစ်ဖက်ကို ခါးမှာထောက်ပြီး ကျွန်တော်ကို စူးစူးဝါးဝါးနဲ့ စိုက်ကြည့်နေလေရဲ့။

ကျွန်တော့် ဦးခေါင်းကို ပဲ တတွင်တွင် ယမ်းနေမိတော့ရဲ့။ ဇော်ဇော်ကိုလည်း မတရားကြီး စိတ်တိုမိသွားတယ်။

ကျန်တဲ့ ကောင်မလေး တစ်ယောက်ကလည်း ကျွန်တော့်ကို ကြောင်တွေတွေနဲ့ ငေးကြည့်နေလေရဲ့။

ကျွန်တော့်စိတ်ထဲမှာတော့ ဇော်ဇော် မျက်နှာကိုပဲ စုတ်ပြတ်သွားအောင် လက်သီးနဲ့ ဆွဲထိုးပစ်ချင်နေမိတယ်။

"ရှင့်နာမည် ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



အသံ မာဆတ်ဆတ်လေးကြောင့် ငုံ့ထားလုလုခေါင်းကအပေါ် ပြန်မတ်သွားတယ်။ ကျွန်တော်ကောင်မလေးမျက်နှာကိုတစ်ချက်ကြည့်မိလိုက်တယ်။

"ဟင်...ပြောလေ"

သူမကထပ်မေးတယ်။

ကျွန်တော်ပြောလိုက်ပါတယ်။

"တင်...ကိုတင်မောင်" လို့

ဒီတစ်ခါမှာတော့ကောင်မလေးရဲ့

မျက်နှာလေးဟာအနည်းငယ်

ကြည်လင်လာတယ်။ နောက်တော့...

"တင်မောင်...ကိုတင်မောင် ပေါ့နော်"

"အင်း"

"ဟုတ်ပြီလေ ၊ ကြုံတုန်းမို့ ကြိုပြောထားတယ်။ ဒီကောင် ဇော်ဇော်နဲ့ပေါင်းရင် သတိထားပေါင်းကြားလား"

"ဗျာ"

"ဩ်...ဇော်ဇော်နဲ့ပေါင်းရင် သတိထားပေါင်းလို့"

"ဟာဗျာ၊ကျွန်တော်က သူနဲ့ပေါင်းရအောင် သူကမိန်းမမှမဟုတ်တာ၊ ဘာလဲ... အခြောက်ကြီးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...အဲ...အဲဒီလိုမဟုတ်ဘူးလေ"

"ဒါ...ဒါဆို...သူ...သူကယောက်ျားလျာလား"

"ကျွတ်"

ငတိမက စုတ်သပ်တယ်၊ကြာတော့ ဟိုကောင် ငတိက မနေ သာ တော့ဘဲ...

"ကဲ. . . .ကဲတော်ပြီ သက်သက်ဝေ ၊နင်တို့ပြောမှပဲ ငါက ယောကျ်ာလျာဖြစ်လိုက် ၊ အခြောက်ဖြစ်လိုက်နဲ့ ဒီကောင် ရွှေတောသား ကလည်းတကယ်ပဲ၊ ကဲ...ငါမိတ်ဆက်ပေးမယ်"

ငတိကမျက်နှာကြီးအလိုင်းမင်းလွဲသွားရင်းကနေဝင်ပြောလာ တယ်။

ဆိုတော့ကာ...ကျွန်တော်သဘောပေါက်လိုက်ပြီ။ ငတိနဲ့ငတိမ နှစ်ယောက်တို့ဟာ သူငယ်ချင်းတွေဆိုတာ။

"ကဲ ...နင်တို့နှစ်ယောက်မှတ်ထား၊ သူ့ နာမည်က တင်မောင်တဲ့ ဒီနေ့မနက်ပဲ ငါတို့ ခေါင်းရင်းကအိမ်ကိုရောက်လာတာ၊ သမိုင်းအစိကနဲ့ ကျောင်းတက်မှာ ငါတို့နဲ့အတန်းတူ၊ ဘာသာတူ....."

"ဟယ်... တကယ်"

"တကယ်ပေါ့"

"ဟေးဟေ့"



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ဝတီမက သူမဟုတ်သလိုပဲလက်ချပ်လေးတွေတီးလို့။ ဘေးကတစ်ယောက်ကတော့ ခပ်ပြုံးပြုံး အမူအရာနဲ့ပါပဲ။

ဒီမှာတင် ဝတီက....

"ကဲ....တင်မောင် မှတ်ထား၊ သူက သက်သက်ဝေတဲ့ သူက ခင်မေဦးတဲ့ ၊ ငါတို့က သူငယ်တန်းထဲက သူငယ်ချင်းတွေ အခု တက္က သိုလ်တက်မယ်လုပ်တော့မင်းတစ်ယောက်တိုးလာပြီပေါ့ကွာ ၊ ဘော် ဘော်တွေလိုပဲ ဆက်ဆံကြားလား"

"အေး...အေးပါကွာ၊ ငါ...ငါ..ဝမ်းသာတယ်ကွာ"

တကယ်ပါ ကျွန်တော်ရဲ့အတန်းတူတက်ရမယ့် တစ်ရပ်ကွက် တည်းသား သူငယ်ချင်းတွေရတော့ မတရားကြီး ပျော်ရွှင်နေမိတယ်။ ဒီအ ချိန်မှာပဲ ဝတီက ...

"ဟဲ့...နင်တို့က ဘယ်လဲ"

"ဩော်...ဘော...ဘောသွားကြည့်မယ်လေ၊ သိတယ်မို့လား၊ မန် မန်နဲ့ပူးပူး"

သက်သက်ဝေက ဦးခေါင်းလေးယိမ်းကားယိမ်းကာနဲ့ပြောတယ် ဒီတော့ ဝတီက...

"ဘာလဲ...နင်က မန်မန်ပဲလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခင်မေဦးကပူးပူးပေါ့"

"ဒါပေါ့"

တချိန်လုံးငြိမ်နေတဲ့ ခင်မေဦးက တိုတိုတုတ်တုတ်နဲ့ပဲ ပြော ပါတယ်။ ငတိက...

"ကဲ... ငါနဲ့ ခင်မေဦးနဲ့က ပူးပူး၊ဟော့ကောင် ...တင်မောင် မင်းနဲ့ သက်သက်ဝေနဲ့က မန်မန်ပေါ့ကွာ၊ ဒီတော့တွေ့ကြပြီပေါ့၊ ကဲ... လာ ... လစ်ကြစို့"

ငတိစကားဆုံးတာနဲ့ ကျွန်တော်တို့ဘောပွဲပြမယ့်လက်ဖက်ရည် ဆိုင်ကို ချီတက်လာခဲ့လိုက်ကြတယ်။

ဒီအခါမှာတော့ သက်သက်ဝေက ...

"ဟဲ့... ခင်မေဦး ၊ငါရဲ့နာမည်လေးက နင့်ကို ဂိုးပြတ်သွင်းမှာနော်" လို့လှည့်ပြောတယ်။ ဒါကို ခင်မေဦးကမခံဘူး။

"အိုး . .. ငါရဲ့တောရက်စ်ကလည်း နင့်ကို ဂိုးပြတ်သထက်ပြတ် အောင် ပြန်သွင်းမှာပဲဟာ ....ဟဲ.. .ဟဲ..."

"အေးပါ. . . အေးပါ၊ငါ့မန်မန်က သွင်းမှ နင်ကြိတ်မနိုင်ခဲမရ မအော်နဲ့"

"ဟွန်း...နင်လည်းငါ့ပူးပူးက သွင်းမှ နှုတ်ခမ်းကိုက်ပြီးအံမကြိတ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ…မကြိတ်ဘူး"

"အေး…ငါလည်းမအော်ဘူး"

"ဟွန်း…နာနီလေးရေ၊ ဒီက ခင်မေဦးကို အော်အောင်သွင်းပစ်ပြလိုက်စမ်းပါ၊ ဟွင်း…ဟွင်…ဟွင်း…"

"အင်း … ငါ့ တောရက်စ်ကလည်း နင့်ကို ညီးကြွေသွားအောင် သွင်းပြလိမ့်မယ်၊ ဟား…ဟား…ဟား…"

ငတိမနှစ်ယောက် စကားတွေကို ကြားရတာ ကျွန်တော်တောင် စိတ်ညစ်လာတယ်။ ဒါကြောင့် ဘေးက ငတိကို ငဲ့ကြည့်မိလိုက်တယ်။

ဒါကိုသဘောပေါက်တဲ့ငတိက…

"သူတို့ပြည်တွင်းရေးနဲ့ သူတို့ တော့ ဟုတ်နေတာပဲ" တဲ့ ။

ကျွန်တော်ရယ်ကျဲကျဲနဲ့ လုပ်နေမိလိုက်ပါတော့တယ်။

ဒီလိုနဲ့ လက်ဖက်ရည်ဆိုင်အနား ရောက်ခါနီးတော့ ငတိက …

"ဟေ့ကောင် . . . တင်မောင်၊ ငါ့ တောရက်စ်က မင်းကို သွင်းမှာနော်" တဲ့ ။

ဒီတော့ ကျွန်တော်ကလည်း…

"အေး . . . ငါ့မန်မန်ကလည်းဗီဒစ်ရယ်၊ နာနီရယ်၊ ရွှန်းနီရယ်၊ ပက်ဂျီဆန်ရယ်၊ ကာရစ်ရယ်၊ ဂစ်ရယ်၊ ပေါစနီးရယ် အားလုံးပေါင်းပြီး မင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ပိုင်းသွင်းလိမ့်မယ် သိလား၊ ဒါမှ မင်းအားမရသေးဘူးဆိုရင်တော့ ဖာဒီ နန်ကပါတက်သွင်းလိမ့်မယ်...ဟွန်း"

"အမ်း"

ဝေတိခမျာ မျောက်အိုကြီးခေါင်ကုတ်နေသလိုဖြစ်သွားလို့။

www.burmeseclassic.com

www.burmeseclassic.com

IF

ဆိုင်ရဲ့ လောင်းရိပ်အောက်ထဲကို လှမ်းဝင်လိုက်တယ် ဆိုရင်ပဲ ဆိုင်ထဲမှာ ရှိတဲ့ လူအချို့က ကျွန်တော်တို့ကို ငဲ့ကြည့်ငဲ့ကြည့် နဲ့ လုပ်ကြပါတယ်။ အထူးသဖြင့်တော့ သက်သက်ဝေနဲ့ ခင်မေဦးတို့ကိုပေါ့။

ကျွန်တော်တို့လည်း လွတ်နေတယ်လို့ ထင်ရတဲ့နေရာကို လျှောက်သွားလိုက်ကြပြီး စားပွဲထိုးလေးဆီမှာ ခုံတောင်းလိုက်တယ်။

ချက်ချင်းဆိုသလိုပဲ၊ ပလတ်စတစ်ထိုင်ခုံလေးလုံးရောက်လာပြီး နည်းနည်းစီစေ့ကြကာ ထိုင်လိုက်ကြပါတယ်။

သိပ်မကြာလိုက်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘောပွဲက စပါလေရော။ ဒီလိုအချိန်မှာ နာနီရဲ့ပုံရိပ်က တီဗွီဖန်သားပြင်ပေါ်မှာပေါ်လာတယ်။ ဒါကို သက်သက်ဝေကမြင်သွားတယ်ထင့်။ ခင်မေဦးကို…

“ဟေ့…တွေ့လား။နင့်ကိုအသည်းခွဲမယ့်လူ”

ခင်မေဦးကလည်း မခံပါဘူး၊ ပြန်လည်ချေပဖို့ အခွင့်အရေးစောင့်နေတယ်။

ဒီအချိန်မှာပဲ ဂျရက်ရဲ့မျက်နှာကြီးပေါ်လာတယ်။

“ဟော. . .သက်သက်ဝေတွေ့လား၊ နင့်မန်မန်ကို အပြင်းထည့်မယ့် ငါ့တမန်တော်…ဟဲ…ဟဲ…”

ဆိုတော့ သက်သက်ဝေငြိမ်ကျသွားတယ်။ ပြီးမှ လေသံဖျော့ဖျော့လေးနဲ့

“အေးပါ…စောင့်ကြည့်ပါ၊ နင့်ကောင်တွေနဲ့ငါ့ကောင်တွေဘယ်သူက အထည့်ပိုများမလဲဆိုတာ”

“ဟွင်း…ဟွင်း…ဟွင်း…”

“ဆိုင်ထဲကို ကျွန်တော်မျက်လုံးဝေ့ကြည့်လိုက်ပါတယ်။ သက်သက်ဝေနဲ့ ခင်မေဦးအပြင် နောက်ထပ်အမျိုးသမီးသုံးယောက်လောက်ကိုပါ တွေ့လိုက်ရပါတယ်။

ဒါကြောင့်…

ဇော်ဇော်ဆိုတဲ့ မွေးဝါငတိကို လက်တို့ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ...တို့နောက်မှာလည်း အမျိုးသမီးတွေသုံးယောက် လောက်ရှိတယ်ကွ"

လေသံအုပ်အုပ်လေးနဲ့ ပြောမိလိုက်တာပါ။ ဒါကို တေဇကလည်း လေသံအုပ်အုပ်လေးနဲ့ ပြန်ပြောပါတယ်။

"ဟုတ်လား။ အင်း . . . အမျိုးသမီးပဲကွာ ၊ဘောမချစ်လို့ ဘယ်ရမလဲ" တဲ့။

ဆိုတော့ကာ...

ကျွန်တော့ ကြောင်သွားတာပေါ့။ တေဇက ဘာကိုပြောတာလဲပေါ့ ဒါကြောင့် . ..

"ဟော့ကောင် . . .မင်းစကားကဘာလဲကွာ"

"ဟာ ...ဒီကောင်ကွာ၊ မင်းအခုဘာလုပ်နေတာလဲ"

"ဘောပွဲကြည့်နေတာလေ"

"အေး ... အဲဒီ ဘောကို ပြောတာပဲ၊ တော်ပြီကွာ စကားမများနဲ့ ကြည့်တော့"

ဒီလိုဆိုတော့လည်း ကျွန်တော့်မှာ ကြည့်ရတာပေါ့လေ။

ဒီအချိန်မှာပဲ...

ဂျရတ်ဖြတ်တင်ပေးတဲ့ဘောလုံးကို တောရက်စ်က ဆွဲယူသွားပြီး မန်ယူနောက်တန်းက ဖာဒီနန်ကို လိမ်ပြီး သွင်းယူ ထည့်လိုက်ပါတယ်။

"ဟေး...ဖြောင်း ...ဖြောင်း..."



www.burmeseclassic.com

www.burmeseclassic.com



လီဗာပူးသမားအချို့ရဲ့ လက်ခုပ်သံတွေ ဆိုင်ထဲမှာ ညံသွားပါတယ် အဲဒီအထဲမှာ ခင်မေဦးနဲ့ ဇော်ဇော်တို့လည်း ပါတာပေါ့လေ။ ဒီမှာတင် ခင်မေဦးက သက်သက်ဝေဖက်လှည့်ပြီး...

"ဟော့...တွေ့လား၊ ငါ့အသည်းကျော်က နင့်ကိုထည့်လိုက်ပြီ၊ ဘယ့်နယ်လဲ နေသာထိုင်သာရှိရဲ့လား"

လို့ ဘာအဓွေးမှ မရှိတဲ့မေးစေ့လေးကို လက်နဲ့ပွတ်ပြီး ပြောပါတယ်။

ဇော်ဇော်ကလည်း ကျွန်တော့်ကို ဘယ့်နယ်လဲဆိုတဲ့သဘောနဲ့ ငဲ့ကြည့်တယ်။

ဒီလိုဆိုပြန်တော့ ကျွန်တော့်ရင်မှာနင့်ခနဲဖြစ်ရတယ်။

သက်သက်ဝေကြည့်တော့လည်း မခံချိမခံသာဖြစ်နေတယ်တူပါရဲ့။ တီဗွီဖန်သားပြင်ဆီကို စိုက်ကြည့်နေလို့။

ဒီလိုနဲ့ပွဲက တစ်ဖက်နဲ့တစ်ဖက် အကြိတ်အနယ် ယှဉ်ပြိုင်နေကြရင်း ပထမပိုင်းပြီးခါနီးမှာတော့ လီဗာပူးက ဂျရတ်ကထုံးစံအတိုင်း အဝေးကစ်နဲ့နောက်တစ်လုံးသွင်းလိုက်ပါတယ်။

ထုံးစံအတိုင်း....

ဟေးခနဲ၊ ဝေါခနဲပေါ့။

ကျွန်တော့်စိတ်အထင်တော့ ဇော်ဇော်နဲ့ ခင်မေဦးတို့ရဲ့ အသံက ပိုကျယ်မယ်ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟားဟား...ဘာရမလဲ၊ ငါ့လီဗာပူးကွ၊ ဂျရတ်ရေ... များများသာ ထည့် ဒီမှာ သက်သက်ဝေ မခံစားနိုင်တော့ဘူး ဖြစ်နေပြီ၊ ဟားဟားဟား"

ဆိုပြီး ခင်မေဦးကမတ်တပ်ကြီးရပ်ပြီး အော်ပြောလေတော့ဆိုင် ထဲမှာတော့ ရယ်သံတွေ ဘဝင်ညံသွားပါလေရောလား၊

ဩော်...သက်သက်ဝေခမျာ သနားစရာငြိမ်ကုပ်နေလို့။ ဆိုတော့ ကာ...

ကျွန်တော်ကလည်း သူမ နည်းတူပဲပေါ့။

ဒီလိုနဲ့...

ပထမပိုင်းပြီးသွားခဲ့တယ်။

ကျွန်တော်တို့လည်း ကော်ဖီမစ်ပလိန်းလေးခွက် မှာသောက် လိုက်ကြသည်။

ဒီလိုအချိန်မှာ ခင်မေဦး ကသက်သက်ဝေကိုရိသလို၊ ဇော်ဇော် ကလည်းကျွန်တော့်ကို ရိပါတယ်။

ကျွန်တော်ဘေးမှာ ရှိနေကြတဲ့ မန်ယူသမား လေးယောက်ဟာ လည်း ငြိမ်ဆေးကျွေးထားတဲ့အလား ကုပ်နေလို့။

ကြည့်ရတာမန်ယူကိုကျွန်တော်လို့ပဲ ယုံစားထားကြတယ်နဲ့တူပါ ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့...ဒုတိယပိုင်းပြန်စပါတယ်။

ပွဲက သူ့သမ္မတ၊ ကိုယ်ဝန်ကြီးချုပ်နဲ့ တော်တော်ကြီးကြည့်ကောင်းပါတယ်။

ဒီလိုနဲ့ဆယ့်ငါးမိနစ်လောက် အကြာမှာတော့ မန်ယူကွင်းလယ်ကနေ ကာရစ်ဖြတ်တင်ပေးလိုက်တဲ့ဘောလုံးကို နာနီက ထုံးစံအတိုင်းအလိမ်အခေါက်တွေနဲ့ဆွဲသွားပြီး ဂိုးဧရိယာရှေ့က ရွှန်းနေဆီကို ထိုးပေးလိုက်ပါတယ်။ ရွှန်းနီကလည်း လီဗာပူးနောက်တန်းသုံးယောက်ကြားကနေအပြင်းကန်သွင်းထည့်လိုက်ပါတယ်။

"ဟာ...ဂိုး...ဖြောင်း...ဖြောင်း..."

ဆိုင်ထဲမှာ ညံသွားတဲ့ အသံတွေဟာ ခပ်စောစောက အသံတွေထက်ပိုပြီး ကျယ်လောင်သွားပါတယ်။

ကျွန်တော်လည်း အားရပါးရ နဲ့ ပျော်ရွှင်မိသွားတာပေါ့။ သက်သက်ဝေကို ကြည့်လိုက်တော့လည်း ထပြီးကတော့ မတတ်လှုပ်ရှလှုပ်ရှနဲ့..။

"ဟား...ဟား...မှတ်ထား၊ အဲဒါရွှန်းနေတဲ့၊ဟဲ့...ခင်မေဦး ဘယ့်နှယ်လဲ၊ ရွှန်းနေရဲ့သွင်းချက်နင်နည်းနည်းလေးတော့ ခံစားသွားရတယ်မို့လား၊ ဟားဟား"

သက်သက်ဝေစကားဆုံးတာနဲ့ခင်မေဦးရယ်ကျဲကျဲလေးလေးနဲ့...



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကောင်တွေက တစ်လုံးတည်း သွင်းရသေးတာပါ။ ငါ့ကောင်တွေက နှစ်လုံးသွင်းထားတာနော်၊ နင် ရှုံးနေပါသေးတယ် သက်သက်ဝေရယ်၊ ငဲ့ငဲ့ငဲ့"

ဟောင်ဖွာဟောင်ဖွာနဲ့ သက်သက်ဝေ အသံပြန်ငြိမ်ကျသွားတယ်။ ဒီလိုနဲ့ နောက်ထပ်ဆယ့်ငါးမိနစ်လောက်အကြာမှာတော့ လီဗာပူးက တောရက်စ်က နောက်တစ်ဂိုးထပ်သွင်းပါတယ်။

"ရှီး. .ဟေး...ဖြောင်း....ဖြောင်း...ဖြောင်း"

ထုံးစံအတိုင်း လက်ခုပ်သံတွေ ညံထွက်လာပေမယ့်မန်ယူဂိုးသွင်း တာလောက်မကျယ်။

ဒါပေမယ့် ခင်မေဦးကတော့ ထုံးစံအတိုင်း ကျယ်ပါတယ်။ အသံကို ပြောပါတယ် ။

ဒီအချိန်မှာ တီဗွီဖန်သားပြင်ပေါ်မှာ တောရက်စ်ကို လီဗာပူးသားတွေဝိုင်းပြီး ဂုဏ်ပြုနေကြပါတယ်။

ဒါကို ခင်မေဦးက...

"ကဲ. . . အသည်းကြီးတောရက်စ်ရေ ၊ငါ့သူငယ်ချင်းလေးကို ထပ်ပြီးအီစိမ့်သွားအောင်လို့နောက်ထပ် တစ်လုံးလောက်သွင်းပြလိုက်ပါဦး၊ ဟား...ဟား...ဟား..."



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလာလေတော့ သက်သက်ဝေခများ ငြိမ်ကုပ်နေရှာလို့။ ဦးခေါင်းကလည်းတယမ်းယမ်းနဲ့။

သူမယမ်းချင်လည်းယမ်းချင်စရာ၊ ပွဲချိန်ကနောက်ထပ်ဆယ့်ငါး မိနစ်ဝန်းကျင်လောက်ပဲကျန်တော့တာရယ်၊ ပြီးတော့ နှစ်ဂိုးပြတ်နေပြီ လေ။

ဒီလိုနဲ့....

ပွဲက အကြိတ်အနယ်ပါပဲ ။ လီဗာပူးကဖောက်လိုက်၊ မန်ယူက ဖောက်လိုက်နဲ့၊

ဆိုင်ထဲမှာ မန်ယူသမားတွေရဲ့အသံတွေ ညံနေပါတယ်။

နာနီလည်း လိမ်တာဖောက်တာပါပဲ၊ဒါပေမယ့် လီဗာပူးနောက် တန်းက အချိတ်အဆက်မိနေလေတော့ ကျွန်တော်တို့ မန်ယူသမားတွေ ကိုအာသီသမပြေစေရပါဘူး။

အထူးသဖြင့်တော့ သက်သက်ဝေကိုပေါ့လေ။

ဒီလိုအချိန်မှာပဲ...

လီဗာပူးဂိုးသမား ကနေပြီးတော့ ညာခြမ်းမှာရှိတဲ့တစ်ယောက် ကိုပေးပါတယ်။ညာခြမ်းကနေပြီးတော့အလယ်ကဂျရတ်ကိုပေးပါတယ် ဂျရတ်ကလည်း နောက်ခံ လူနှစ်ယောက်ကို လှည့်ပြီး ဆွဲပြေးတယ်။ ပြီး တော့ အဝေးကစ်နဲ့ ကန်မလိုလုပ်ပြီး ဂိုးဧရိယာထဲကို ရောက်စေဖို့ ပေးဘာ ရတ်ဒီမှာတင်တောရက်စ်ကနောက်တန်းကလူတွေကြားထဲကနေ



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ပြေးပြီးဘောလုံးကို ဆွဲယူလိုက်တယ်။ ပြီးတာနဲ့ နောက်ခံလူ ဗီဒစ်ကို လှည့်ပြီးဂိုးသမားဗန့်ဒါဆားရဲ့အံပေါ်ကနေကျော်ပြီးညာဖက်ထောင့်ထဲကို လှလှပပလေးမသွင်းလိုက်ပါတယ်။

"ဂိုး...ဟေး...ဖြောင်း...ဖြောင်း...ဖြောင်း"

ထုံးစံအတိုင်းလက်ခုပ်သံအချိုးညီထွက်သွားတယ်။

"ဟူး"

ကျွန်တော်လေပူတစ်ချက်ကို မှုတ်ထုတ်မိလိုက်တယ်။

သက်သက်ဝေကိုလှည့်ကြည့်မိလိုက်တော့ ခမျာလေးငြိမ်နေရှာလို့။ ခင်မေဦးကတော့ အောင်ပွဲရသူပီပီ ပခုံးနှစ်ဖက်ကို လှုပ်ယမ်းနေလို့။

ဇော်ဇော်ကို ငဲ့ကြည့်မိလိုက်တော့လည်း ဘယ့်နှယ်လဲဆိုတဲ့ သဘောနဲ့ ကျွန်တော့်ကိုမျက်ခုံးနှစ်ဖက်ပင့်ပြတယ်။ ကျွန်တော်ဘာများပြောရမလဲ။

ဒီအချိန်မှာပဲ ခင်မေဦးက...

"တောရက်စ်ရယ်...အသည်းကြီးရယ်၊ ဟက်ထရစ်ဆိုတော့ ဒီမှာ ငါ့သူငယ်ချင်းလေးငိုင်ကျသွားပြီးဖှဲ့၊ ဘာလို့ အဲဒီလောက်ရက်စက်ရတာလဲဟယ်၊ ဟီးဟီး...ဟွင်း...ဟွင်း"

ဆိုပြီး ထပြောပါလေရောလား။

ပြော်...သက်သက်ဝေ ခမျာ ချိနဲ့နေရှာလို့။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပွဲပြီးသွားတော့ မန်ယူဟာ လေးဂိုးတစ်ဂိုးနဲ့ရှုံးပါတယ်။ မန်ယူကိုအထူးတလည်ကြီးယုံစားမိသူတွေကတော့ တက်တခေါက်ခေါက်နဲ့ပေါ့။

အပြန်လမ်းမှာတော့ ဇော်ဇော်နဲ့ခင်မေဦးတို့က လန်းဆန်းနေသလောက် ကျွန်တော်နဲ့ သက်သက်ဝေကတော့ အသံတိတ်နေမိလို့။

"ဟိတ်...ဘယ့်နယ်လဲ သက်သက်ဝေ၊ အီစလံဝေနေပြီလား"

ခင်မေဦးက မေးတယ်။ ဒီတော့ သက်သက်ဝေက...

"နောက်တစ်ကြော့ ရှိပါသေးတယ်ဟာ"

"ဟားဟား...နောက်တစ်ကြော့ မှာ လေးဂိုးပြတ်မှဖြစ်မှာနော်"

"ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ၊ လုံးဝမဖြစ်နိုင်လေ ဟားဟားဟား"

သက်သက်ဝေငြိမ်ကျသွားတယ်။ မငြိမ်ကျလို့လည်း မဖြစ်ဘူးလေ။

နောက်တစ်ကြော့ အဝေးကွင်းမှာ လေးဂိုးနဲ့ပြတ်ဖို့ဆိုတာ ဖြစ်မှမဖြစ်နိုင်တာရယ်။

ဘာပဲဖြစ်ဖြစ်ပါလေ။

ကျွန်တော်ကတော့ ဘောချစ်တဲ့ ကောင်မလေးနှစ်ယောက်နဲ့ ခင်မင်ခွင့်ရလို့ ကျေနပ်နေမိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကောင်းကင်ကို မော့ကြည့်မိလိုက်တယ်။ ကောင်းကင် ပြင်ဟာ လရောင်ဖြာကျပေးထားပြီး သာယာနေတယ်။

ဒါကြောင့် မိုးကောင်းကင်ကြီးကို ချစ်မိသွားလိုက်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်သည်
လူသားတွေကို
စိတ်နှလုံးရွှင်ပြုံးစေလျှင်
လူသားတွေက ချစ်သည်။

ပညာရှင်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

II

"အနောက်တောင်ဆီမှာ... မိုးသည်းတဲ့အချိန်...ပြန်လာခဲ့ပါပြော တဲ့သူကြီးရယ်... မိုးလောက်မင်းက...သစ္စာမရှိဘူးကွယ်"

ဂစ်တာကိုခေါက်ပြီး သီချင်းဆိုနေတုန်းမှာပဲ ရှေ့တည့်တည့်ကို ဇော်ဇော် ရောက်လာတယ်။

ဒါကြောင့် ကျွန်တော် အတီးကိုရပ်လိုက်တယ်။

"ပြော"

ဆိုတော့ ဇော်က လက်ဖက်ရည်ဆိုင်သွားဖို့ အထာကို လုပ်ပြ တယ်။ ဒါကြောင့် ကျွန်တော်လည်းဂစ်တာကိုခြံထဲဝင်ထားလိုက်ပြီး ထွက် လာခဲ့လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာတင် ငတိက...

"ဆိုင်မှာ သက်သက်ဝေတို့ စောင့်နေကြတယ်ကွာ၊မင်း...ဟို ရောက်ရင် ခပ်တည်တည်နဲ့နေနော်"

"အံမာ...ငါက ခပ်တည်တည်နဲ့မနေရအောင် မင်းလိုမျက်နှာရှုံး များမှတ်နေလား"

"အေးပါ...ဟုတ်ပါတယ်၊ကြိုပြောထားတာပါ"

"ဟွန်း...မင်းကွာ"

"ဟဲ...ဟဲ...ဟဲ..."

ငတိက ကြာကူလီပြုံးပြုံးရင်းဆက်လျှောက်သွားတယ်။

ဒီလိုနဲ့...

လက်ဖက်ရည်ဆိုင်ထဲရောက်တော့ သူပြောထားသလိုပဲ သက်သက်ဝေနဲ့ ခင်မေဦးတို့ ရှိနေကြတယ်။

ဒါကြောင့် ကျွန်တော် တို့လည်း သူတို့ ထိုင်နေတဲ့ ဝိုင်းကခုံလွတ် မှာဝင်ထိုင်လိုက်ကြတယ်။

ရှင်းရှင်းပြောရရင် ကျွန်တော်သူမတို့ကို ခင်တွယ်မိပါတယ်။ ဒါပေမယ့် မိန်းကလေးတွေနဲ့ပတ်သက်လာရင် မျက်နှာရှုံးလို့ အထင်ခံရ မှာစိုးတာကြောင့် ခပ်တည်တည်နဲ့ပဲ နေနေလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာတော့ အာသွက်လျှာသွက်ရှိတဲ့ သက်သက်ဝေက...

"ဖော်ဖော်မှာလေ၊ ဩော်...ကိုတင်မောင်လည်းသောက်ချင်စား ချင်တာ မှာနော်၊ သက် ဒကာခံမယ်...အဟဲ"

လို့ပြောလာတော့ မွေးဝါငတိက လက်ဖက်ရည်တစ်ခွက်နဲ့ကြက်ဥပေါင်မုန့်ကြော်တစ်ချပ် မှာတယ်။

ကျွန်တော်လည်း ဘာမှာလို့ မှာရမှန်းမသိသေးတာကြောင့် ခေတ္တစဉ်းစားနေလိုက်တယ်။

ဒီအခါမှာတော့ သက်သက်ဝေနဲ့ခင်မေဦးတို့က ကျွန်တော်ရင်ဘတ်ကို သိသိသာသာကြီးနဲ့စိုက်ကြည့်နေကြတယ်။ ကျွန်တော်လည်း ယောင်ယမ်းပြီး အင်္ကျီကြယ်သီးတစ်လုံးပဲ မတပ်ဘဲထားတာကို သတိမူမိလိုက်တယ်။ ဒါကြောင့် တပ်လိုက်ရရင် ကောင်းမလားလို့စဉ်းစားမိလိုက်ပြန်ပါတယ်။ ခက်တာက ကျွန်တော် မနေတတ်။ ဒါကြောင့် ဒီအတိုင်းပဲထားပြီး အနားကိုရောက်လာတဲ့ စားပွဲထိုးလေးဆီမှာ အအေးတစ်ပုလင်းမှာလိုက်ပါတယ်။

သူမတို့နှစ်ယောက်ကတော့ ကျွန်တော် ရင်ဘတ်ကို ငေးကြည့်နေဆဲ။

ဆိုတော့ကာ...

ကြာတော့ ကျွန်တော် ရှက်လာတာပေါ့၊ ဒါကြောင့်....



www.burmeseclassic.com

www.burmeseclassic.com



"ခင်...ခင်ဗျားတို့က ဘာ...ဘာကိုကြည့်နေကြတာလဲဟင်"

ကျွန်တော်မေးမိလိုက်တော့ နှစ်ယောက်စလုံးက ပြာပြာသလဲနဲ့

"ဘာ... ဘာမှ မဟုတ်ပါဘူး၊အဟီး" ဆိုပြီး ပြောကြပါတယ်။ ဒါ မကြောင့်ကျွန်တော်လည်းစကားကိုလိုတာထက်ပိုမပြောမိစေဘဲခပ်တည် တည်နဲ့ပဲနေနေလိုက်ပါတယ်။ အဲအခါမှာတော့ မွေးဝါငတိက ..

"နင်တို့ကလည်းဟာ"

လို့ပြောပါတယ်။

ကျွန်တော်ကတော့ ဘာမှ နားမလည်မိ။ ဒါပေမယ့်ကျွန်တော်တို့ ဝိုင်းဟာ စကားနည်းပြီး တိတ်ဆိတ်နေတယ်။

ဒါကြောင့် တစ်ခုခုတော့ မှားနေသလို့ တွေးမိလိုက်တယ်။ ဒါပေ မယ့် ဘာမှားနေမှန်းမသိ။

ပိုပြီး သေချာစေတာကတော့ သက်သက်ဝေနဲ့ခင်မေဦးတို့ဟာ ကျွန်တော့်ကိုမသိမသာ အကဲခတ်နေကြခြင်းပင်။ ကောင်မ ဟိုကောင် ငတိ တစ်ခုခုတော့ လုပ်ကြံထားပြီထင့်။ ကြာတော့ စိတ်ထဲမရိုးမရွနဲ့ဖြစ်လာ တယ်။ ထိုင်နေရတာလည်းစိတ်ထဲမှာ မွန်းကျပ်လာသလိုပဲ။ ခန္ဓာကိုယ်က လည်း လှုပ်ရှလာတယ်။

ငတိကိုငဲ့ကြည့်လိုက်တော့လည်းဘာမှမဟုတ်သလိုနဲ့ပေါင်မုန့် ကြော်ကို ဇွန်းနဲ့ဖဲ့စားနေလေရဲ့။

"ဟို...ဟိုကာင်မောင်"



www.burmeseclassic.com

www.burmeseclassic.com



သက်သက်ဝေက တိုးတိုးဖွဖွလေးနဲ့ခေါ်တယ်။

"ဗျာ"

ကျွန်တော် ထူးမိလိုက်တယ်။ ဒီအခါမှာတော့ သက်သက်ဝေက အားနာသလိုလို ရှက်ရွံ့သလိုလို ပုံစံလေးနဲ့ အရာဝတ္ထုပစ္စည်းလေးတစ်ခုကို ထိုးပေးလာပါတယ်။

"ယူ...ယူပါ၊ဒီဆေးက ကျွန်...အဲ...သက်ရဲ့မောင်လေးဖြစ်တုန်းကဆို အလွှားလိုက်ကွာကျတာ"

"ဗျာ...အလွှားလိုက်...အင်"

ကျွန်တော် ကြောင်နနနဲ့ဖြစ်နေမိသွားတယ်။ ဒီအခါမှာတော့ မွေးဝါငတိက...

"ဟာ...တင်မောင်၊ယူ...ယူလိုက်လေကွာ"

ဆိုပြီး သက်သက်ဝေလက်ထဲကဗူးလေးကိုယူပြီး ကျွန်တော့်လက်ထဲကိုထိုးထည့်ပါတယ်။

ကျွန်တော့်လည်း ဘုမသိ ဘမသိ ယူမိလိုက်တာပေါ့။ ပြီးတော့ ဗူးလေးကို စိုက်ကြည့်နေမိသည်။ ဗူးလေးကိုစိုက်ကြည့်နေမိတယ်။ ဗူးလေးက ဖန်ပုလင်းလေး၊ ပရုပ်ဆီပုလင်းလည်း မဟုတ်၊ တံဆိပ်လည်းမပါ။

"ကိုတင်မောင်"

သက်သက်ဝေကခေါ်တယ်။

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ...ဒီဆေးက ရယ်ဒီမိတ်မဟုတ်ဘူး၊ သက်အာဖေစပ်ထား တာ၊ ဒါကြောင့်တံဆိပ်မပါတာ သုံးကြည့်ပါ"

"ဩော်"

ကျွန်တော့်မှာတော့ ဘာမှ နားမလည်နိုင်။

ဒီအချိန်မှာပဲ ခင်မေဦးက...

"ရော့... ကိုတင်မောင်၊ ဒါက သွေးသောက်ရမှာ ဝက်ဝံအံပုံလေ ရှားတယ်။ တစ်ခါသွေးသောက်ရင် လက်ဖက်စားဇွန်းတစ်ဇွန်းစာ လောက် ဆိုရင်ရတယ်။ တစ်နှစ်လောက်ဆို ကျိန်းသေပျောက်တယ်"

"ဗျာ... ဟာ... လုပ်ပြန်ပြီ"

ဘာတွေလဲ၊ ကျွန်တော်ဘာမှ နားမလည်။ ဒါ့ကြောင့် ထပ်ဆင့်ပြီး ကြောင်နနဖြစ်နေရပါတယ်။

ဒီတော့ မွှေးဝါကာခပ်စောစော ကလိုပဲ ခင်မေဦးလက်ထဲ က နေ ယူပြီးကျွန်တော့်လက်ထဲကို ထိုးထည့်ပါတယ်။

ကျွန်တော့်ကြည့် မိလိုက်တော့ လက်တစ်ဆစ်စာလောက်ရှိ နိုင်တဲ့ အရိုးဖြူဖြူတစ်ခု၊

"ဟို...ဟို...ကျွန်...ကျွန်တော်က..."

"ဟာ . . . အားမနာနဲ့. . . . ပော့ကောင်၊ ပြီးတော့တို့တွေက သူငယ်ချင်းတွေလေ ဒါကြောင့် ကျေးဇူးလည်းတင်စရာမလိုဘူးသိလား၊ ကဲ ...လာကွာ ပြန်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



မွှေးဝါကစကားဖြတ်ပြီးအတင်းပြောတယ်။ပြီးတော့ ကျွန်တော့်လက်ကို အတင်းဆွဲပြီးပြန်ဖို့ပြင်ဆင်တယ်။

"နေ ... နေပါဦးကွာ၊ ငါ မရှင်းတာတွေ မေးစမ်းပါရစေဦး"

"ဟာ ... နောက်မှမေးကွာ၊ ငါ .. ငါအီးအီးပါချင်နေပြီကွ"

"ဒါဆိုလည်း မင်းပြန်နှင့်လေ"

"ဟာကွာ ...လာတုန်းကလည်း အတူတူ၊ ပြန်တော့လည်း အတူတူပေါ့ကွာ"

"အို ... နီးနီးလေးပဲဟာ၊မင်းဘာသာမင်း ပြန်နှင့်"

"လာပါကွာ"

"ဟေ့ကောင် ...မလိုက်ဘူးကွာ၊သွားနှင့်ဆို"

ကျွန်တော့် လေသံမာသွားလို့ထင့်။ ဝေတိ ကိုယ်ရှိန်သတ်သွားတယ်။ သက်သက်ဝေနဲ့ခင်မေဦးလည်း မျက်ဝန်းလေးတွေကလယ်ကလယ်နဲ့။

"ကဲ ...မလိုက်ရင်လည်းနေကွာ"

"နေတယ်ကွာ"

"ဟုတ်ပြီ၊ကဲ .. .ခင်ဘောချစ်နှစ်ယောက်ရေ ငါတော့လစ်ပြီ၊ နင်တို့ဘာသာ နင်တို့ ကြည့်ရှင်းကြတော့"

ဝေတိက ပြောပြီးတာနဲ့ထွက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာတော့ သက်သက်ဝေနဲ့ ခင်မေဦး တို့ဟာ မျက်လုံးလေးတွေကလယ်ကလယ်နဲ့ ဘေးဝဲယာကိုငဲ့ကြည့်ကြပါတယ်။

"အဲ...မသက်သက်ဝေနဲ့ မခင်မေဦး"

"ရှင်"

"ရှန်"

နှစ်ယောက်စလုံးပြိုင်တူထူးကြပါတယ်။

ကျွန်တော်လည်းလက်နှစ်ဖက်ထဲမှာ တစ်ဖက်စီကိုင်ထားဆဲဖြစ်တဲ့ ဆေးပုလင်းနဲ့ အရိုးကိုတစ်လှည့်စီကြည့်မိပြီး...

"ဒါ...ဒါတွေက ကျွန်တော် ဘာလုပ်ရမှာလဲဟင်"

ကျွန်တော့်အမေးကြောင့် သူမတို့နှစ်ယောက် တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ကြပါတယ်။

ပြီးတော့မှ သက်သက်ဝေက...

"ကျွန်မ...အဲ...သက်ပေးတဲ့ဆေးက ဝဲခြောက်တွေပျောက်တဲ့ဆေးလေ"

"ဗျာ...ဝဲခြောက်ပျောက်တဲ့ဆေးဟုတ်လား"

"ဟုတ်...ဟုတ်တယ်လေ"

"ကျွန်တော်က ဘာလုပ်ရမှာလဲ"

"ဟို...အဲ ...ကိုတင်မောင့်မှာ ဝဲခြောက်တွေရှိတယ်ဆို"

"ဗျာ...ဘယ်...ဘယ်သူပြောတုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဇော်ဇော်"

"ဘာ...ဒီကောင်က"

"ဟုတ်...ဟုတ်တယ်"

သေလိုက်ပါတော့။ ခွေးကောင်မွေးဝါ။ လူကိုမဟုတ်ကဟုတ်က တွေ ပြောသွားတယ်။

"တောက်"

နှုတ်ခမ်းဖျားက တက်တစ်ချက်ကအလိုလိုထွက်သွားတယ်။ ကိစ္စ ကမပြီးသေး။ လက်ထဲမှာ အရိုးကရှိနေသေးတယ်။ ဒါကြောင့် ခင်မေဦး မျက်နှာကိုကြည့်မိပြီး...

"ဒီ...ဒီအရိုးကကော..."

ကျွန်တော့်အမေးကို ခင်မေဦးက ချက်ချင်းမဖြေသေးဘဲ သက် သက်ဝေကိုငဲ့ကြည့်ပါတယ်။ ပြီးမှ ကျွန်တော့်ကိုလက်ထဲက အရိုးလေးကို သူမညာဖက်လက်ညှိုးလေးနဲ့ထိုးထိုးပြီး...

"ဒီ...ဒီအရိုးက ဝက်ရူးထပြန်တာပျောက်တယ်လေ"

"ဗျာ...ဝက်ရူးပြန်တာ၊ ကျွန်တော့်ကဘာ...ဘာလုပ်ရမှာလဲ၊ ဟာ ခွေးကောင် ဇော်ဇော်၊ မင်းကွာ"

"ဟုတ်တယ်၊ ဇော်ဇော်ကပြောတယ်၊ ရှင့်မှာ ....အဲ...အဲ...ဒီ... ဝက်..ဝက်ရူးပြန်"



www.burmeseclassic.com

www.burmeseclassic.com



"တော်"

ကျွန်တော်သံကုန်ခြစ်အော်မိလိုက်ပြီး ထိုင်ရာကနေ ဝုန်းခနဲ ထရပ်လိုက်ပါတယ်။ ပြီးတော့ လက်ထဲမှာရှိနေတဲ့ ပုလင်းလေးနဲ့အရိုး လေးနဲ့စားပွဲပေါ်ပြန်တင်လိုက်တယ်။

ပြီးတာနဲ့ဆိုင်ထဲကနေ လှစ်ခနဲ ။

"ကိုတင်မောင်…ကိုတင်မောင်"

လှမ်းခေါ်သံထိတ်ထိတ်ပြာပြာတွေက နားစည်ထဲမှာ မကြားတစ်ချက်ကြားတစ်ချက်။

ဒေါသကရင်ထဲမှာ လိပ်ခနဲ လိပ်ခနဲ။ အာရုံထဲမှာတော့ ဟိုကောင် မွေးဝါမျက်နှာကိုသာ မြင်ယောင်နေမိတယ်။ ဖြစ်နိုင်ရင်တော့ ဒီကောင့် မျက်နှာကို ဖရိုဖရဲကြီး နဲ့စုတ်ပြတ်သွားအောင် ဆွဲထိုးချင်နေမိရဲ့။

ဘယ့်နှယ်ဗျာ။ ဝဲခြောက်တွေနဲ့ဝက်ရူးပြန်ရောဂါရှိတယ်လို့ လီ ဆယ်ပြီး လျှောက်ပြောထားတယ်။

ဟွန်း…ခင်းတော့လား တွေ့မယ်။

အိမ်အနား ရောက်ခါနီးမှာတော့ ဒီကောင့်ကို ကျွန်တော့်အဒေါ်ခြံ ထဲဝင်သွားတာ တွေ့လိုက်ရတယ်။

ဒေါသက ပိုပြီး ဆူဝေလာတယ်။ ဒါကြောင့် ခြေဆောင့်သံတွေက ပြင်းနေတယ်။ ပြီးတော့ ခြေထောက်တစ်ချက်နင်းတိုင်း နင်းတိုင်း ဒီကောင့် မျက်နှာကြီး ကို နင်းပစ်နေမိတယ်လို့ သဘောထားလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"သွီး…ညောင်…ဝေါင်း……ဖလူး…..ဖလူး"

"အား ….ဒီကြောင်ကွာ"

အိမ်တံခါးဝက မဲလုံးရဲ့အမြီးကို တက်နင်းမိလိုက်တယ်။

တကယ်ဗျာ၊ ဟိုကောင်သောက်ခွက်ကြီး ဖြစ်လိုက်ပါတော့လား။

အိမ်ထဲလည်း ရောက်ရော ဝတီက ကျွန်တော့် အဒေါ်ဘေးမှာ ထိုင်ပြီး လက်ဖက်ပွဲနဲ့ရေနွေးကြမ်းကို ကြိတ်မော့နေလေရဲ့။

ကျွန်တော့်ကိုလည်း မြင်ရော တရုတ်တွေလုပ်တဲ့ အမူအရာဖြစ်တဲ့ ဝမ်ဆွေ့ဝမ်ဆွေ့ပုံစံနဲ့လုပ်ပြရင်း….

"ဟာ… သူငယ်ချင်းလာကွာ၊ ဒီမှာ ကျောင်းအပ်ဖို့ကိစ္စတွေပြောကြမလို့ မင်းကို စောင့်နေတာလာကွာ"

လို့ ဆီးပြောတယ်။

ကြည့်ပါလား။ တော်တော်မူယာမာယာများတဲ့ကောင်။

နောက်ဆုံးတော့ ကျွန်တော့်လည်း ဒီကောင့်ဦးခေါင်းကို ပခုံးက ပြုတ်ထွက်လာအောင် ဆွဲလှည့်ဖြုတ်လိုက်ပြီး ဘယ်ဖက်လက်နဲ့ဆံပင်ဝါကြောင်ကြောင် တွေကို ဆုပ်ကိုင်ထားပြီး ညာဖက်လက်သီးနဲ့တစ်လုံးပြီး တစ်လုံး အားရပါးရကြီးနဲ့ အချက်ပေါင်းများစွာ ထိုးပစ်လိုက်တာ မျက်နှာကြီးမှာ သွေးသံတရဲရဲနဲ့ဖိုရိုဖရဲ ကြီးကို ဖြစ်နေလို့။

တကယ်ဗျာ။ ကောင်းလိုက်တဲ့ စိတ်ကူး၊



www.burmeseclassic.com

www.burmeseclassic.com



လက်တွေမှာတော့ဒီကောင်ကမ်းပေးတဲ့လက်ဖက်ပွဲထဲကလက်ဖက်တွေကို ပါးစပ်နဲ့မိတ်ဆက်ပေးနေမိတော့ရဲ့။

"အား…ကောင်းလိုက်တဲ့လက်ဖက်ကွာ၊ဆိုးဆေးမပါလို့မည်းနေတာကလွဲရင်"



www.burmeseclassic.com

www.burmeseclassic.com

## III

ကျောင်းအပ်တဲ့ ကိစ္စတွေ တိုင်ပင်ကြဖို့မယ်လို့သာ ပြောနေတာ လက်ဖက်တစ်ပွဲနဲ့ ရေနွေးတစ်အိုးသာ ပြောင်တလင်းခါသွားတယ်။ အခု အချိန်အထိ ဘာမှ မပြောရသေးဘူး။

အဒေါ်ကလည်း မီးဖိုခန်းထဲ ဝင်သွားလိုက်တာ ရှူဋ္ဌလိပ်ရေထဲ လွှတ်လိုက်သလိုပဲ။ ဒီလိုအချိန်မှာ....

အိမ်တံခါးဝကို အရိပ်မည်းမည်းကြီး ထိုးကျလာတာကြောင့် ငဲ့ ကြည့်မိလိုက်တော့ သက်သက်ဝေနဲ့ ခင်မေဦး။

"ဟာ...လာကြဟေ့"

ငတိက မျက်နှာဖြဲနဲ့ ဖိတ်ခေါ်တယ်။ ဟိုနှစ်ယောက်ကလည်း မျက်လုံးလေးတွေ ပေကလပ်ပေကလပ်နဲ့ ဝင်လာကြပြီး အနားရောက်တာနဲ့ မိန်းကလေးပီပီ ဝှန်းကနဲ ထိုင်ချလိုက်ကြတယ်။

ဒီမှာကင် သက်သက်ဝေက...



www.burmeseclassic.com

www.burmeseclassic.com



"နင်...နင်တို့ ဘာမှ မဖြစ်ကြဘူးနော်"

လို့ပြောတော့ ငတိ မွေးဝါက...

"ဘာမှမဖြစ်ပါဘူးဟ၊ တို့က တစ်ပြည့်သားတွေပဲဟာ"တဲ့။

ဒီတော့ ခင်မေဦးက...

"ဘယ်...ဘယ်လို...ဘယ်လို"

"ဩော်...မြန်မာပြည် တစ်ပြည်သားတွေလို့ ပြောတာ၊ဟား... ဟား..."

တကယ်၊ ဒီကောင်မွေးဝါ ပေါက်ကရတော့ သိပ်ပြောတတ်တဲ့ ကောင်။ဒီမှာတင် သက်သက်ဝေက...

"မသိပါဘူးဟယ်။ ငါတို့က ဆေးရုံတို့၊ ရဲစခန်းတို့ လိုက်ရတော့ မယ် မှတ်တာ၊ တော်သေးတာပေါ့"လို့ စိုးရိမ်တဲ့ လေသံလေးနဲ့ ပြောလာ တာကြောင့် ကျွန်တော်က...

"ဘယ်လိုက်ရပဲ့မလဲဟာ၊ ဒီကောင်အစောနကပဲ ငါ့ကို ထိုင်ပြီး ကန်တော့တောင်းပန်တာ နှစ်လုံးကိုပြူးလို့ ဒါကြောင့် ကျေနပ်ပေးလိုက် တာ"

"ဩော်...ဟင်...နှစ်...နှစ်လုံးဆိုတာ ဘာလဲဟင်"

"မျက်လုံးလေဟာ၊ ငါ့ကို ကြည့်ပြီးပြူးနေတာ"

"ဩော်...အဲ့...ဲ"



www.burmeseclassic.com

www.burmeseclassic.com



သက်သက်ဝေကဘာကို အတွေးပေါက်တယ်မသိ။ နွတ်ခမ်းရှေ့ကို လက်ဖဝါးလေးနဲ့အုပ်ပြီး ရက်ဝဲဝဲလေးနဲ့ရယ်တယ်။

မွှေးဝါငတိကတော့ ငြိမ်ကုပ်နေလို့။ မငြိမ်လို့လည်း မရဘူးလေ။ သူရှို့လိုက်တဲ့မီးက ကျွန်တော့်ရင်ဘတ်ထဲမှာ အငွေ့လောက်တော့ကျန်နေသေးတယ်မို့လား။

"ကဲ...ခဏစောင့်ဟာ၊ ငါလက်ဖက်သုပ်သွားယူလိုက်ဦးမယ်"

ကျွန်တော့်ပြောပြီးတာနဲ့လက်ဖက်ပန်းကန်ကိုကောက်ယူလိုက်ပြီး မီးဖိုခန်းဆီသို့....။



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းများစွာနဲ့

အသက်ရှုကျပ်နေတဲ့ကမ္ဘာ

ငါ့ရေပိုက်ခေါင်းထဲမှာ

မီးမလာဘူး။

ဥဩက

ငါ့ရင်ထဲမှာဆယ့်နှစ်ရာသီမကက

ပျော်တယ်။

(ကိုယ်ပိုင်သံစဉ်သီချင်း၊ ဇွန်၊ ၂၀၀၃၊ ဖက်ရှင်)

အောင်ဘညို

www.burmeseclassic.com

www.burmeseclassic.com

## IV

ကျောင်းပရိဝုဏ်အတွင်းထဲကို ခြေချမိလိုက်တာနဲ့ စိတ်တွေက အကြီးအကျယ် မြင့်မြတ်သွားတယ်။ မျက်နှာကို ထိတို့ပုတ်ခတ်သွားတဲ့ လေပြည်အေးလေးကလည်း လှိုက်လှဲစွာကြိုဆိုလိုက်တဲ့အလား။

မျက်ဝန်းကို မြန့်ကျက်ပြီး မြင်ကွင်းတစ်ဆုံးမျှော်ကြည့်မိလိုက်တော့ ခံ့ညားနေတဲ့ ကျောင်းဆောင်ကြီးကပြေးလာတဲ့ချစ်စဖွယ်သားငယ်လေးကို ရင်ခွင်ထဲဆွဲသွင်းပွေ့ဖက်တီတာတော့မယ့် မိခင်တစ်ယောက်အလား။

"ဟား...ဒါဒီကျောင်းတော်ကြီးကနေ ပညာတွေသင်ကြားပြီး ဒီ နိုင်ငံတော်ကြီးရဲ့တိုးတက်ခေတ်မီလာမယ့် အနာဂတ်တွေမှာ ကျုပ်တို့တာဝန်ကို ယူရတော့မှာပါလား"

www.burmeseclassic.com

www.burmeseclassic.com



ဓာအေးမြလတ်ဆတ်နေတဲ့လေပြည်နုကိုအဆုပ်ထဲ အားပါးတရရှူသွင်းလိုက်ပြီး တီးတိုးရေရွတ်မိလိုက်တယ်။

သူငယ်ချင်းတွေကိုငဲ့ကြည့်မိလိုက်တော့လည်းအတွေးကိုယ်စီနဲ့ပျော်ရွှင်မှုကိုယ်စီဖြစ်နေကြတယ်။

ကျွန်တော်သူတို့အနားကိုလျှောက်သွားလိုက်တယ်။

ပြီးတော့ အငေးမျက်ဝန်းကို ဖြန့်ကျက်လိုက်ရာ ခပ်လှမ်းလှမ်းဆီမှာရဲပတောင်းခတ်အောင် ပွင့်နေတဲ့စိန်ပန်းပင်ကြီးကို တွေ့လိုက်ရတယ်။

"ဟာ...ဟိုမှာစိန်ပန်းပင်ကြီး ပွင့်နေတာရဲနေတာပဲ၊ လာကြပေါ့...သွားကြရအောင်"

ကျွန်တော့်ပြောပြောဆိုဆိုနဲ့ ခင်မေဦးလက်ကိုဆွဲပြီး ချီတက်ဖို့ပြင်ဆင်လိုက်တယ်။ ဒီအခါမှာတော့ခင်မေဦးဟာ ငြင်းဆန်ခြင်းမပြုဘဲလိုက်ပါလာခဲ့တယ်။ ပြီးတော့ ဇော်ဇော်နဲ့ သက်သက်ဝေတို့ပါ ပါလာကြတယ်။

ရင်ထဲမှာ ပြောပြလို့မတတ်တဲ့ ပျော်ရွှင်မှုတွေ စီးဝင်ပျံ့နှံ့နေတယ်ဒီလိုနဲ့...စိန်ပန်းပင်ကြီးနဲ့တစ်ခေါ်စာအကွာအဝေးကိုရောက်လာခဲ့တယ်။

"ဟော့ကောင်...တင်မောင်၊ဟာ...ကြည့်စမ်း၊ကဗျာဆန်တယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ဖော်ဖော့်စကားကြောင့် လှမ်းလက်စ ကျွန်တော့်ခြေလှမ်း တစ်စုံဟာ ရပ်တန့်သွားတယ်။ ပြီးတော့ ဖော်ဖော့်မျက်နှာကို လှမ်းကြည့်မိလိုက်တယ်။

"ဘာလဲကွာ"

ကျွန်တော့်အမေးကို ဖော်ဖော်ကရယ်တယ်။ အဲဒီလို ရယ်ရင်းက နေကျွန်တော်နဲ့ ခင်မေဦးရဲ့နှစ်ယောက်ကြားကိုကြည့်တယ်။ ကျွန်တော် လည်းငဲ့ကြည့်မိလိုက်တယ်။

"အယ်...အဟီး"

နှုတ်ဖျားကအံ့သြစွာရေရွတ်ခြင်းနဲ့ရှက်ရွံ့စွာရယ်မိခြင်းကို တစ်ပြိုင်နက်တည်းပြုမိလိုက်ပြီးခင်မေဦးရဲ့လက်ကိုကိုင်ထား ဆဲကနေလွှတ်ပေးမိလိုက်တယ်။ ခင်မေဦးကတော့ ဘာမှမဖြစ်သလိုနဲ့ ဟိုကြည့် သည်ကြည့် လုပ်နေတယ်။

ဒီအခါမှာတော့ ဖော်ဖော်က. . .

"ဟော့ကောင်. . . ဟိုမှာတွေ့လား၊ စိန်ပန်းပင်အောက်မှာ ကောင်မလေးတစ်ယောက်ကြွေကျနေတဲ့ စိန်ပန်းပွင့်လေးတွေကို လိုက်ကြည့်နေတယ်"လို့ပြောလာတာကြောင့် ကျွန်တော့်လည်း သတိထားကြည့်မိလိုက်တယ်။ ဟုတ်ပါတယ်။

အသက်အရွယ်အားဖြင့်တော့ ခန့်မှန်းရခက်တဲ့ အနေအထားပါ။ ဒါပေမဲ့ ကျွန်တော်စေ့စေ့ငုငုနဲ့ကြည့်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဝါဖန့်ဖန့်နုနက်ခင်း နေရောင်ခြည်အောက်မှာ စိန်ပန်းပင်ကြီးက ရဲပတောင်းဆေတ်အောင် ပွင့်နေပါတယ်။ အဲဒီစိန်ပန်းပင်ကြီးရဲ့အောက်မှာ အနီရောင်နဲ့နက်ပြာရောင်နှစ်ရောင်စပ်တဲ့ အပွင့်ရိုက်ပါတိတ်ဝမ်းဆက်ကို ဝတ်ဆင်ထားတဲ့ အမျိုးသမီးတစ်ယောက်က ရှိနေတယ်။

ကြင်ကွင်းက သေချာကြည့်လေ ကဗျာဆန်လေ။

"ဟာ. . .ဘာလုပ်နေကြတာလဲ၊ သွားကြမယ်လေ"

သက်သက်ဝေက၊ သာယာနာပျော်ဖွယ်ကောင်းတဲ့ အသံပြဲကြီးနဲ့ ပြောပြီး ခင်မေဦးလက်ကိုလာဆွဲတယ်။

"လာ. . . .ဒိုးမယ်"

သက်သက်ဝေနောက်ကို ခင်မေဦးပါသွားတယ် ။

ဆိုတော့ကာ. . . . ကျွန်တော်နဲ့ဇော်ဇော်တို့လည်း နောက်ကနေ အာဂပြေးဂါလေးနဲ့ ။



www.burmeseclassic.com

www.burmeseclassic.com

V

"ဟေး…ဟား…ဟား…ဟိဟိ…ခိခိ…ခိ…ဝါး"

သက်သက်ဝေနဲ့ ခင်မေဦးတို့နှစ်ယောက်ရဲ့ ပျော်ရွှင်နေမှုအသံတွေက ဝန်းကျင်လေးအပါးမှာ ဝဲလွင့်နေတယ်။ သူတို့ကြည့်ရတာ အင်မတန်ပျော်ရွှင်နေပုံရတယ်။ စိန်ပန်းပွင့် ကြွေလေးတွေကို လိုက်ကောက်ပြီး အပေါ်မြှောက်လိုက်၊ ပြန်ဖမ်းလိုက်လုပ်နေကြပါတယ်။

နောက်တော့ ကျွန်တော့်လည်း ခပ်စောစောကတည်းက တွေ့မြင်ခဲ့ရတဲ့ပါတိတ်ဝမ်းဆက်နဲ့ အမျိုးသမီးကို သတိထားကြည့်မိလိုက်တယ်

သူမက သက်သက်ဝေတို့ကို ငေးကြည့်ပြီး ခပ်နွေးနွေးအပြုံအရာကြီးနဲ့ ပြုံးနေတယ်။

သူမကိုကြည့်ရတာ ကျွန်တော်တို့ထက်အတန်းကြီး ပုံရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အနည်းငယ်လည်း ရင့်ကျက်မယ့်ပုံက ပေါ်လွင်နေတယ်။ ဝတ်ထားတဲ့ ပုံစံကလည်း ကိုရီးယားစတိုင်ရဲ့ကူးစက်မှုက လုံးဝကင်းလွတ်နေတဲ့ အနေအထား။

ကျွန်တော်ငေးကြည့်နေတုန်းမှာပဲ သူမလည်း ကျွန်တော့်တို့ကို ငဲ့ကြည့်လာတယ်။

ကျွန်တော်ပြုံးပြမိလိုက်ပါတယ်။ ဒါပေမယ့် သူမက ချက်ချင်း မျက်နှာလွှဲသွားလေတော့ ကျွန်တော့်အပြုံးက လင်မရတဲ့ လင်တရူးတစ်ယောက်လိုင့်တုံ့တုံ့ကြီးနဲ့ကိုဖြစ်လို့။ ဒါကြောင့် ကျွန်တော်သူမမျက်နှာကိုပဲ စိုက်ကြည့်နေမိလိုက်တယ်။

ပြီးတော့ မျှော်လင့်လို့ပေါ့လေ။

ဟော...ငဲ့ကြည့်လာတယ်။

ကျွန်တော်အမြန်ပဲ ပြုံးပြလိုက်ပါတယ်။

သူမချက်ချင်း ပြန်လှည့်သွားတယ်။

ဟူး... ပျက်ပြန်ပြီ။

ဟော...နောက်တစ်ခါပြန်လှည့်ကြည့်လာတယ်။

ကျွန်တော်ချက်ချင်းပဲပြုံးပြလိုက်ပါတယ်။

သူမကလည်းထုံးစံအတိုင်း....။

ဆိုတော့ကာ...ကျွန်တော်မှာ ပါးစပ်ကြီးဟာစိဟာစိနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကိုယ့်မျက်နှာကိုယ် ပြန်မြင်ယောင်ကြည့်မိတယ်။ ဒီအခါမှာတော့ မြင်လာရတဲ့မြင်ကွင်းက အစာပြတ်နေတဲ့ ငါးတန်ငါးကြီးကို ကုန်းပေါ်မှာပစ်တင်ထားသလို ၊ ပါးစပ်ကြီးက ဟပြဲ ဟပြဲနဲ့ပဲ။ ပြီးတော့ အထက်နှစ်လုံးက ပြူးပြီး ၊ အလယ်နှစ်လုံးက တုန်နေလို့ အောက်နှစ်လုံးကတော့ယိမ်းတိမ်း ယိမ်းတိုင်။

ခြော်...မျက်လုံးရယ်၊ အသည်းနှလုံးရယ်၊ ဒူးနှစ်လုံးရယ်ကို ပြောပါတယ်။

ဒီလိုအချိန်မှာပဲ သူမက သွားတော့မလို့နဲ့တူပါရဲ့။ ကျွန်တော်ရှိတဲ့ဖက်ကို ခန္ဓာကိုယ်လေးလှည့်ပြီး နွဲ့နွဲ့ယိမ်းယိမ်းလေးနဲ့ လျှောက်လှမ်းလာပါတယ်။ ဦးခေါင်းလေးကလည်း အောက်ကိုငုံ့ပြီး ခြေလှမ်းချမယ့် မြေနေရာကို အာရုံစိုက်ထားပုံရပါတယ်။

ကျွန်တော်ကတော့ ငေးကောင်းနေဆဲ။

ဒီလိုနဲ့...

သူမလျှောက်လှမ်းလာလိုက်တာ ကျွန်တော့် အနားအရောက်မှာတော့ ရုပ်ရှင်တွေ၊ ဗီဒီယိုထဲကအတိုင်း ဒေါက်မြင့်ဖိနပ်က ခဲလေးကို တက်နင်းမိပြီး ခြေခေါက်လဲပါလေရောလား။

"အမေ့...ကုလားနဲ့ဘဲဥတွေကွဲ...အို"

သူမပါးစပ်ကလွှတ်ခနဲယောင်ယမ်းပြောဆိုအပြီးမှာတော့ မြေပြင်ပေါ်မှာ ခွေခနဲ ဖြစ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အား...ကျွတ်...ကျွတ်..အင်း"

ကျွန်တော်လည်း သူမအနားကို ခပ်သွက်သွက်နဲ့တိုးကပ်သွားလိုက်ပြီး ညာဖက်ခြေထောက်က ကြိုးသိုင်းဒေါက်မြင့်ဖိနပ်လေးကို ချွတ်လိုက်တယ်။ ပြီးတာနဲ့အိတ်ထဲမှာ အဆင်သင့်ပါလာတဲ့ ပရုတ်ဆီဘူးကို ထုတ်ပြီးလူးပေးရင်းနဲ့နှိပ်ပေးလိုက်တယ်။ ကျွန်တော့်နှိပ်ပေးတာ တော်တော်အဆင်ပြေပုံရပါတယ်။ တစ်ချက်ပဲအော်ပြီး ငြိမ်ကျသွားပါတော့သည်။ ဒါပေမယ့် နှုတ်ခမ်းလေးတစ်စုံက အနည်းငယ်ရွဲ့လိုက်၊ မျက်နှာလေးတစ်စုံက အနည်းငယ်လှုပ်ရှားလိုက်၊ မျက်ဝန်းဝိုင်းကြီးတစ်စုံက အနည်းငယ် ပြူးကျယ်သွားလိုက်တော့ ဖြစ်နေတာပေါ့လေ။

ဒီလိုနဲ့တော်တော်လေးကြာတော့...

"အား...ရပြီ၊ အိုကေသွားပြီ၊တော်တော့"

လို့ သူမက မျက်ဝန်းရွှဲကြီးနဲ့စိုက်ကြည့်ပြီး ပြောပါတယ်။

ဒါကြောင့် ကျွန်တော်လည်း...

"ကျွန်တော်နှိပ်ပေးတာ အဆင်ပြေလား"

"အင်း...ပြေပါတယ်၊ ကောင်းလည်းကောင်းသွားပြီ"

"ဒါဆိုမတ်တပ်ရပ်ကြည့်လေ"

ကျွန်တော့်စကားဆုံးတာနဲ့သူမက ဖွေ့ခနဲ ထရပ်လိုက်ပါတယ်။ ပြီးတော့ ခြေထောက်ကိုလည်း အနည်းငယ်မြှောက်ပြီး ခါကြည့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုကေ ...ဝွတ်သွားပြီ၊ကျေး ...ကျေးဇူးပဲနော်"

"ဟုတ်...ရ...ရပါတယ်"

"ဟင်း...ဟင်း...ဟင်း...ယူကလေ နိုပ်တာသိပ်တော်တာပဲ၊ ဒါကြောင့် တစ်နေ့တော့ အိမ်ကို ခေါ်သွားပြီး နှိပ်ခိုင်းရဦးမယ်"

"ဗျာ"

"သြော်...ကျွန်မအဘိုးက ခြေထောက်တွေ ကိုက်တတ်လို့ ပြောတာပါ"

"သြော်"

"ဘိုင်း...နော်"

"ဟုတ်...ဘိုင်း...ဘိုင်း...ဘိုင့်"

ကျွန်တော် သူမရဲ့ကျောပြင်ယိမ်းယိမ်းလေးကိုအခွန်တော် ကင်းမဲ့စွာနဲ့ ငေးကြောတွေကို ထုတ်လွှတ်နေမိတော့ရဲ့။

"ဟာ...ဟော့ကောင်...ဟော့ကောင်၊တင်မောင်...ဟာ...ငကြောင်ကွာ"

ဆိုတဲ့ စိတ်ပျက်လက်ပျက်အသံကျယ်ကျယ်ကြီးကြောင့် လွင့်ပျံနေတဲ့စိတ်အာရုံတို့ပြန်စုသွားတယ်။ ဘေးကိုငဲ့ကြည့်မိလိုက်တော့ ဖော်ဖော့်ကို အံ့သြတဲ့ မျက်ဝန်းကြီးနဲ့တွေ့လိုက်ရတယ်။

ပြီးတာနဲ့ မျက်ဝန်းရှေ့ကို ပြန်ကြည့်မိလိုက်တော့...

www.burmeseclassic.com

www.burmeseclassic.com



မရွှေရော့က ဟိုးအဝေးကြီးကို ရောက်နေလေပြီ။

"ဟာ...မင်းကွာ၊ ဒီလောက်ကြောင်တတ်မှန်းမသိဘူး"

ဇော်ဇော်ရဲ့ဇျစ်တောက်တောက်အသံက နားစည်းထဲကို တိုးဝင်မြည်ဟီးနေတယ်။ သက်သက်ဝေနဲ့ခင်မေဦးတို့ကို ကြည့်မိလိုက်တော့လည်း ရုပ်တည်ကြီးတွေနဲ့ဘာမှမသိလိုက်သလို။

ဇော်ဇော်ပြောလည်း ပြောချင်စရာ။

ကျွန်တော့်စိတ်ကူးတွေ အယဉ်လွန်မိသွားတယ်လေ။

ဒါ...ကျွန်တော့်ဘဝအတွက် ပထမဦးဆုံးအကြိမ်စိတ်ကူးယဉ်မိသွားခြင်းပင်။

❀❀❀❀



www.burmeseclassic.com

www.burmeseclassic.com

# VI

ဖိတ်မန္တကပြုမှု ကင်းမဲ့နေသော ကင်တင်းထဲကို လေးယောက်စလုံး လှမ်းဝင်ပြီးတာနဲ့ နီးရာစားပွဲမှာပဲ ဝင်ထိုင်လိုက်ကြတယ်။

ထိုင်ခုံမှာ ဖင်ချ၊အဲ့ .. တင်ပါးချပြီးတယ်ဆိုရုံပဲရှိသေးတယ်။ စားပွဲထိုးကြီးက လှစ်ခနဲ ရောက်ချလာတယ်။

"ဘာသုံးဆောင်ကြမလဲညီမလေးတို့"

စားပွဲထိုးက သက်သက်ဝေနဲ့ ခင်မေဦးတို့ရဲ့မျက်နှာနှစ်ခွက်ကိုပဲကြည့်ပြီးမေးပါတယ်။ ဟိုနှစ်ကောင်ကလည်း ရွက်ကြမ်းရေကျို မျက်နှာပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ပဲကိုတင်ပြီး စဉ်းစားခန်း ဝင်နေပါတယ်။ ဒါကို ကျွန်တော့်ဘေးမှာရှိနေတဲ့ ဖော်ဖော်က ရိပ်မိတယ်။ ဒါကြောင့် ...

"ကျွန်တော်က အီကြာကွေးနဲ့ ကွေကာတစ်ခွက်"

လို့မှာတယ်။ စားပွဲထိုးက ခေါင်းညိတ်ပြီး ကျွန်တော့်ကို ဖတစ်ချက်ကြည့်တယ်။ ဒီတော့ ကျွန်တော်ကလည်း....

"ချိုစိမ့်တစ်ခွက်နဲ့ အီကြာကွေး"

လို့မှာလိုက်တယ်။

ဒီအခါမှာတော့ ဟိုနစ်ကောင်က မျက်ဝန်းလေးတွေ ဖေကာလပ်ပေကာလပ်။ နှုတ်ခမ်းလေးတွေ လှုပ်ရွလှုပ်ရွနဲ့ လုပ်ပြီး သက်သက်ဝေကာ...

"သက်ကို ပလိန်းတစ်ခွက်နဲ့ ပေါက်စီ"

လို့မှာတယ်။ နောက်တော့ ခင်မေဦးကလည်း....

"ကျွန်မက ... အင်း... ကွေကာနစ်ခွက်ပေး၊ ပေါက်စီနဲ့ စားရင်းသောက်မယ်"

ခင်မေဦး စကားဆုံးတာနဲ့ စားပွဲထိုးကြီးက ကျွန်တော်နဲ့ ဖော်ဖော့်မျက်နှာကို တစ်ချက်စီကြည့်ပါတယ်။ ကြည့်ပြီးတော့လည်း ခပ်တည်တည်ကြီးနဲ့ ပြုံးပါတယ်။ သူ့အပြုံးက သေပန်းပွင့်တဲ့ မသာကောင်ရဲ့ အပြုံးမျိုး၊ ပါးစပ်ကလည်း လေသံခပ်တိုးတိုးနဲ့ ပြောသွားသေးတယ်။

"အဟင်း....ကိုယ့်ပြည်တွင်းဖြစ် ပစ္စည်းတွေကို သိပ်ကြိုက်ကြတာပဲ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုကြားမိတဲ့ဇော်ဇော်ကပြုံးတယ်။ ကျွန်တော်လည်းပြုံးမိတာပေါ့လေ။ အဲ…နားမလည်တဲ့ ဟိုနှစ်ယောက်ကတော့ မျက်ဝန်းလေးတွေပေကလပ်ပေကလပ်နဲ့။

ဘာမှတော့မမေးဘူး။ မေးလည်းအဖြေက မသိဘူးလေလို့ပဲဖြေမိမှာပဲ။

ဒီလိုနဲ့…

ကျွန်တော်ဆိုင်ထဲကို မျက်ဝန်းဝေ့ပြီးကြည့်မိလိုက်ပါတယ်။

ဆိုင်ထဲမှာကျွန်တော်တို့လိုပဲ ကိုယ့်အုပ်စုလေးတွေနဲ့ကိုယ်ရယ်မောပျော်ရွှင်ဖွယ်နဲ့စားသောက်နေကြလို့ ။

ဒီလိုအချိန်မှာ….

"ဟေ့ကောင်…တင်မောင်၊ ဟိုမှာ…ဟိုမှာ"

"အင်"

ဇော်ဇော်ရဲ့အပြောကြောင့်ယောင်ရမ်းပြီးဆိုင်အဝကိုကြည့်မိလိုက်တယ်။

"ဟင်…စိန်ပန်းမမ"

ရင်ထဲက တိတ်တခိုးနဲ့ပေးထားမိတဲ့ နာမည်ကိုရေရွတ်မိသွားပြီးထိုင်နေရာကနေ ထရပ်မိလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မမသေးမှာ စတိုင်ကျကျနဲ့ ဝတ်စားဆင်ယင်ထားတဲ့ လူတစ်ယောက်ကိုပါ တွေ့လိုက်ရတယ်။ သူတို့ကို မြင်ရတာပျော်ရွှင်ကြည်နူးနေကြပုံတော့မပေါ်။

"ဟော့ကောင်...နှာခေါင်း သိပ်မပွနဲ့"

"အေးပါကွ"

ဇော်ဇော်အပြောကို ရပ်နေလျက်ကပဲ တုံ့ပြန်မိလိုက်တယ်။ သက်သက်ဝေနဲ့ခင်မေဦးတို့ကလည်း မသိမသာနဲ့ငဲ့ကြည့်ကြတယ်။

မမကို ကြည့်ရတာ စိတ်ရှုတ်နေတဲ့ပုံပဲ။ ဧကန္တသူတို့ စိတ်ကောက်နေကြလေသလား။ သေးက ဘဲကြီးကို ကြည့်လိုက်တော့လည်းရုပ် တည်ကြီးနဲ့ပင်။

အဲဒီလိုကျွန်တော်ရပ်လျက်ကြီးကပဲ ငေးမိနေတုန်းမှာ မမက ကျွန်တော်တို့ကိုမြင်သွားတယ်။

မမ မျက်ခုံးလေးတစ်စုံဟာ သိသိသာသာ လေးနဲ့မြင့်တက်သွားတယ်။

ကျွန်တော်ချက်ချင်းပဲပြုံးပြမိလိုက်သလားမသိ။ သူမကလည်း ပြုံးပြပြီးတာနဲ့ ကျွန်တော်ရှိရာ တည့်တည့်ဆီကိုလျှောက်လှမ်းလာတယ်။ ကျွန်တော့်မှာတော့ ထိုင်လိုက်ရအခက်၊ ထနေရအခက် ဖြစ်သွားတယ်၊ အဲဒီလိုဖြစ်နေတုန်းမှာပဲ မမတို့က ကျွန်တော်တို့ စားပွဲဝိုင်းအနားကို ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတယ်။ ပြီးတော့ကျွန်တော့်ကို ဘယ်ဖက်မျက်ဝန်းလေးတစ်ဖက် မှိတ်ပြတယ်။

"အဃ်"

ကျွန်တော် ကြောင်နနနဲ့ ရေရွှတ်နေမိတုန်းမှာပဲ မမဟာ ကျွန်တော့် အနားရောက်လာတယ်။

ပြီးတော့ ဘေးကထိုင်ခုံလွတ်မှာ ဆတ်ခနဲထိုင်ချလိုက်တယ်။ ဘေးကပါလာတဲ့ဘဲကြီးကိုတော့တစ်ချက်ကလေးမှုကရုမစိုက်။ ဘဲကြီးကတော့ထိုင်စရာခုံမဲ့နေပြီးမတ်တပ်ကြီးနဲ့ကြောင်ကွကွဖြစ်နေလို့ ။ ကျွန်တော်မှာဘာပြောလို့ပြောရမှန်းမသိ။

ဒီအချိန်မှာပဲ မမက. ..

"မင်းတို့ကလည်းကွာဖယ်ရီဂိတ်မှာ လာစောင့်ပေးပါဆိုမစောင့်ပေးဘူး။ ခုတော့ ..."

လို့ စကားကို ဆက်မပြောဘဲရပ်တန့်ထားလိုက်တယ်။ ပြီးတာနဲ့ ကြောင်ကွကွဖြစ်နေတဲ့ ဘဲကြီးကို တစ်ချက်မော့ကြည့်ပြီး ...

"ကဲ. . .ကိုကျော်ဇေဇေဝင်းမောင်၊ ရှင်ပြန်သင့်ပြီ ထင်တယ်နော်၊ ရှင့်ဘေးမှာ ကျွန်မထက်သာတာတွေ အများကြီးရှိနေတာပဲ။ နောက်တစ်ခါ ဆိုရင်တော့ ရှင့်ကို လုံခြုံရေးတွေနဲ့တိုင်မယ်"

လို့ လေသံခပ်မာမာနဲ့ပြောလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာတော့ ကျော်ဇေဇေဝင်မောင်ဆိုတဲ့ဘဲကြီးဟာ စိတ်ပျက်သွားသလို ဟန်ပန်နဲ့စုတ်တစ်ချက်ကိုသပ်ပြီး ငယ်ထိပ်ပေါ်ကမျက်မှန်ကို မျက်ဝန်းရှေ့ဆွဲချလိုက်တယ်။ ပြီးတာနဲ့ မမကိုတစ်ချက်ကြည့်ပြီး လှည့်ထွက်သွားတယ်။ ခပ်လှမ်းလှမ်းရောက်တော့ခါးကြားကဟန်ဖုန်းကို ထုတ်ပြီး နားထင်မှာ ကပ်လိုက်ရင်းဆက်လျှောက်သွားနေလေရဲ့။

"ဟင်း"

မမဆီက သက်ပြင်းချသံလေးတစ်ချက် ပြို့ထွက်လာတယ်။ ပြီးတော့ကျွန်တော်တို့ လေးယောက်စလုံးရဲ့မျက်နှာတွေကို အလှည့်ကျကြည့်ရင်း ပြုံးပြတယ်။

သက်သက်ဝေနဲ့ခင်မေဦးတို့ကတော့ ပေါက်စီတွေကို ကိုက်စားနေရင်း တန်းလန်းကနေ ထုံးစံအတိုင်း မျက်လုံးလေးတွေ ပေကလပ်ပေကလပ်နဲ့၊ ဖော်ဖော်ကလည်းပါးစပ်ထဲထည့်ထားတဲ့အီကြာကွေးကိုငုံထားဆဲကြီးနဲ့ရယ်။

ကျွန်တော်ကတော့ အဲဒီမမရဲ့လုပ်ဆောင်မှု သရုပ်ဆောင်ကွက်အတွက်ဘာပြောလို့ ပြောရမှန်းမသိ။

ဒီလိုအချိန်မှာပဲ မမက‥ .

"အနောက်အယှက်ဖြစ်သွားရင် ခွင့်လွှတ်ပေးကြပါကွာ။ အဲဒီဘဲကြီးက တို့နဲ့သိရုံပဲသိတာပါ။ ခင်လည်း မခင်ပါဘူး၊ ပြီးတော့ လူရှုပ်ငှုံမွ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၊ ရှင်းရှင်းပြောရရင်ကွာ စားပြီးနားမလည် ကြီး မင်းတို့ သဘောပေါက်မှာပါ"

ဆိုတဲ့ အသံကြောင့် ကျွန်တော်တို့ အားလုံးလိုလို ဦးခေါင်းဖွေ ညိတ်ပြမိလိုက်ကြတယ်။

"ကဲ...ဒါဆို ဒီပိုင်းကိုတို့ဒကာခံမယ်၊ ကျေးဇူးတင်တဲ့အနေနဲ့ရယ် ခင်မင်မှုအနေနဲ့ရယ်ပေါ့၊ ဘယ်နယ့်လဲ"

မထင်မှတ်ဘဲ တင်သွင်းလာတဲ့ မမရဲ့အဆိုကို ကျွန်တော်တို့ တစ်ယောက်မှ ကန့်ကွက်မဲ မထည့်မိကြ။

"ဟုတ်ပြီ၊တို့နာမည်လည်းမှတ်ထားကြပေါ့၊ခင်လေးကြည်လို့ခေါ် တယ်၊ မက်စ်နဲ့လေ ဒီနှစ်ဖိုင်နယ်ပေါ့"

"ဟုတ်...မှတ်ထားပါ့မယ်"

အနီးဆုံး ပြောဆိုမိသူက ကျွန်တော်ရယ်ပါ။

"ဒါဆို မင်းတို့ နာမည်တွေနဲ့ ဘာသာရပ်တွေက"

"ကျွန်တော်တို့ လေးယောက်စလုံးက တစ်ရပ်ကွက်တည်းသား တွေချည်းပဲ၊ မေဂျာကလည်းဟစ်စထရီချည်းပဲ၊ ကျွန်တော့်နာမည်ကတင် မောင်ပါ"

"ဘယ်...ဘယ်လို၊တင်မောင်ပါ...ဟုတ်လား"

"ဟာ...ပါ...မပါဘူးလေ၊တင်မောင်...တင်မောင် ...ဟဲဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

"ကျွန်တော်ကဖော်ဖော်ပါ၊ အဲ. . . ဖော်ဖော်"

"သက်ကသက်သက်ဝေ"

"ကျွန်မက ခင်မေဦး"

"အိုကေလေ"

နောက်တော့ရှင်းသန့်အေးကြည်တဲ့လေပြည်ကကျွန်တော်တို့ရဲ့ ဖော်ရွေမှုစကားလုံးတွေကိုညင်ညင်သာသာလေးသယ်ဆောင်သွားလေတော့ရဲ့။

ဘယ်တိမ်ကမ်းပါးယံမျက်နှာကြက်မှာ ကမ္ဘည်းထိုးမှတ်တမ်းတင်ထားလေမလဲ...ဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com

# VII

"ဟိ...ဟိ...ဟီး...ခီး"

"ခိ...ခိ...ခိ...ခိ..ဟီး"

"ဟာ...နင်တို့ကရယ်နေကြတာအခုအထိမဝကြသေးဘူးလား"

ကျွန်တော်က လေသံမာမာနဲ့ပြောမိလိုက်တော့ သက်သက်ဝေတို့ကအသံမထွက်ဘဲကျိတ်ပြီးရယ်ကြတယ်။ တကယ်...တကယ်။ ဒီဟာမနှစ်ကောင် တော်တော်အရယ်သန်ကြတယ်။

မနက်က အိမ်ကအထွက်လမ်းထိပ်မှာ စတွေ့ကတည်းက ရယ်တာ။ အခုကျောင်းဝင်းထဲကိုဝင်နေပြီ။ ရယ်ချင်စရာတော့ကောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ လေ။ ဒါပေမယ့် လူတစ်ယောက်ရဲ့ ဒုက္ခကိုကြည့် ပြီး ခဏ ခဏရယ်နေကြတာဆိုတော့ကြားရတဲ့ကျွန်တော့်မှာ အလှောင်ခံနေရ သလိုကြီး။

ကျွန်တော်ကလည်းကျွန်တော်ရယ်။

ကိုယ့်ကိုယ်ကိုယ် တက္ကသိုလ်ကျောင်းသားဆိုတဲ့ဂုဏ်ပုဒ်က ရှိနေ လေတော့ လှချင်ပချင်တာပေါ့။ ဒါကြောင့် ဂျင်းဘောင်းဘီအပွနဲ့ရှပ်အင်္ကျီ ကိုယ်ကျပ်ကိုဝတ်လာခဲ့တယ်။ ဖြစ်ချင်တော့အင်္ကျီက နည်းနည်းပိုကျပ်နေ ပြီ။ ဘောင်းဘီက ခါးဆိုဒ်တော်တော်ကြီးချောင်နေတယ်။ ကျွန်တော့်ခါးက နှစ်ဆယ့်ကိုးသာသာပဲရှိတဲ့ဟာမှာဘောင်းဘီကသုံးဆယ့်နှစ်ဖြစ်နေ တယ်။

ဆိုတော့ကား နှစ်လက်မသာသာကြီးချောင်နေတယ်။ ရွာမှာဆို ရင်တော့ ခါးပတ်နဲ့ထိန်းပြီး ဝတ်ခဲ့ဖူးပါတယ်။

အခုလည်း အိမ်ကမထွက်ခင်မှာဝတ်ကြည့်တော့ အဆင်ပြေသ လိုလိုရှိနေခဲ့တယ်။ ဒါပေမယ့် ခါးပတ်နဲ့ အတင်းဆွဲကျပ်ထားလေတော့ နောက်ဖက်မှာ တင်ပါးနေရာကပွပြီး အပြင်ထွက်နေတာကို သတိမထား မိနိုင်ဘူး။

ဆိုတော့ကား...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ အင်္ကျီက ကိုယ်ကျပ်၊ ဘောင်းဘီက ပွပွနဲ့ ရာဇာနေဝင်းဝိုက်ကိုမပေါ်ဘဲ အာပလာတင်မောင်ဂိုက်ပေါ်နေပြီး ရယ်စရာကြီးဖြစ်နေပါတယ်။

ဒါကြောင့် လျှောက်နေရင်းကပဲ ခါးပတ်ကိုထိပ်ဖြုတ်ပြီး တစ်ပေါက် လျှော့တပ်လိုက်ပါတယ်။ အဲဒီလိုဆိုပြန်တော့လည်း ဘောင်းဘီက အောက်ကို လျှောလျှောကျနေပါတယ်။

ဒါကြောင့် ခဏခဏမမတင်နေရတယ်။ ဒါကိုပဲ ဒင်းတို့က ရယ်လားပြုံလားနဲ့။ ဒီကြားထဲ ဖြတ်သွားဖြတ်လာ ကျောင်းသားတွေကလည်း မကြားတကြားနဲ့ စရင်း ရယ်မောသွားကြလေသေးရဲ့။

ဘာတဲ့ . . .

"ရာဇာတောသား" တဲ့လေ။

ပြောချင်ရာသာ ပြောကြပါစေတော့။ ကျွန်တော်ကတော့ ကိုယ်စတိုင်နဲ့ ကိုယ် ခိုက်နေတာပဲ။

ဒီလိုနဲ့ပဲ လက်က နာရီကိုကြည့်မိလိုက်တယ်။ အတန်းတက်ဖို့ နာရီဝက်ကျော်ကျော်လောက်လိုနေသေးတယ်။ ဒါကြောင့် စိန်ပန်းပင်ကြီး ရှိတဲ့ဆီကို သွားချင်နေမိတယ်။

"ကဲ . . . ဟောကောင်တွေ၊ ငါ စိန်ပန်းပင်ကြီး ရှိတဲ့ဆီကို သွားမလို့ ဘယ်သူလိုက်ဦးမလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်စကားအဆုံးမှာသုံးယောက်စလုံးကဦးခေါင်းယမ်းကြတယ်။

"ဒါဆို...ငါ သွားပြီ"

ကျွန်တော် ပြောပြီးတာနဲ့ဘောင်းဘီကို ဆွဲတင်လိုက်ပြီး လှည့်ထွက်လာခဲ့လိုက်တယ်။

"ဟဲ့...တင်မောင်"

သက်သက်ဝေ ခေါ်သံ၊ ကျွန်တော်တန့်ပြီး ငဲ့ကြည့်လိုက်တယ်။

"နင့်ကို ရာဇာနေဝင်းနဲ့မှားပြီး အော်တိုဂိုင်းရေးခိုင်းကြလိမ့်မယ် သိလား"

သက်သက်ဝေက စကားဆုံးတာနဲ့ ကျွန်တော် နှစ်လုံးကို ပြူးပြလိုက်တယ်။(မျက်လုံး)

ပြီးတာနဲ့ခပ်တည်တည်ပဲ လှည့်ထွက်လာခဲ့လိုက်တယ်။ လူအချို့ကတော့ ကျွန်တော့်ကို ကြည့်ပြီး ပြုံးတုံ့ပြုံးတုံ့တွေနဲ့ရယ်။



www.burmeseclassic.com

www.burmeseclassic.com

VIII

မြေနီလမ်းလေးအတိုင်း ဆယ့်ငါးမိနစ်လောက် လျှောက်လာအပြီးမှာတော့ ရဲထွေးနေအောင် ပွင့်ဝေနေတဲ့ စိန်ပန်းပင်ကြီးရဲ့လောင်းရိပ်အောက်ကို ရောက်လာခဲ့ပါတယ်။

စိန်ပန်းပင်ကြီးအောက်ကို ရောက်တော့ မခင်လေးကြည်ကို မတွေ့ရဘဲ တစ်ခန်းတည်းသားတွေဖြစ်တဲ့ ခင်ချိုအေး၊ မျိုးမျိုးကျော်နဲ့ ဝေလွင်မြင့်တို့ကို တွေ့လိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပြောရရင် သူတို့ နဲ့ ကျွန်တော်မခင်ပါ။ ဒါပေမယ့် ကျွန်တော်ကို မြင်တာနဲ့ သူတို့သုံးယောက် ပြုံင်တူရယ်ကြပါတယ်။

ဘာကြောင့် ရယ်ကြတယ်ဆိုတာကိုလည်း ကျွန်တော်သဘောမပေါက်ပါတယ်။ ဒါပေမယ့် မကြားချင်ယောင်ဆောင်ပြီး သူတို့နဲ့ ကျောခိုင်းရာဖက်မှာ ကျော်ခိုင်းပြီး နေနေလိုက်ပါတယ်။

ဒီလိုအချိန်မှာ လေပြည်လေးက တစ်ချက်ဝေ့လာပါတယ်။ ဒီလိုဝေ့လိုက်တဲ့ အခါမှာတော့ စိန်ပန်းပင်ကြီးပေါ်က စိန်ပန်းပွင့်အိုလေးတွေဟာ လေဟုန်ကိုစီးပြီး မြေပြင်ပေါ်ကြွေကျလာကြပါတယ်။

ကျွန်တော်လည်း လေဟုန်မှာ ဝေ့ကာဝဲကာနဲ့ လည်ပြီး ကြွေကျလာတဲ့ စိန်ပန်းပွင့်လေးတွေကို ငေးရီကြည့်နေမိလိုက်တယ်။

ဒီလိုအချိန်မှာပဲ ကျွန်တော့်ရှေ့တည့်တည့်ကို လာပြီး ရပ်လာတဲ့ အရိပ်သုံးခုကြောင့် ကြည့်မိလိုက်တယ်။

"ဟင်....နင် ....နင်တို့"

ကျွန်တော့် တအံ့တသြနဲ့ ရေရွတ်မိလိုက်တယ်။ မရေရွတ်မိဘဲ နေနိုင်ရိုးလား။ ကျွန်တော့်ရှေ့တည့်တည့်မှာ ညာဖက်လက်ဖဝါးလေးတွေ ဖြန့်ပြီးရပ်နေကြတဲ့ ခင်ချိုအေးတို့ သုံးယောက်။

ကြည့်ရတာ ကျွန်တော့်ဆီက တစ်ခုခုတောင်းနေသလိုပဲ။

"ဘာ...ဘာ...ဘာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကြောင်နနနဲ့မေးမိလိုက်တယ်။ ဒီအခါမှာတော့ သူတို့သုံးယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြတယ်။ ပါးစပ်တွေကလည်း ပြုံးဖြဲဖြဲအမူအရာတွေနဲ့။

နောက်တော့ မျိုးမျိုးကျော်က...

"နင့်စတိုင်က လုံးဝ ရာဇာနေဝင်းပဲ၊ ဒါကြောင့် ငါတို့ကို အော်တိုလက်မှတ်လေး ရေးပေးပါလားဟာ၊ ခိ...ခိ...ခိ..."

လို့ ပြောပြီးရယ်ရင်းနဲ့က သူ့လက်ဖဝါးလေးကို ကျွန်တော့်ရှေ့တိုးကပ်ပေးပါတယ်။ ဒီအချိန်မှာတော့ ကျန်တဲ့ နှစ်ယောက်ကလည်း လှောင်ရယ်သံတွေနဲ့ရယ်ကြတယ်။

ကျွန်တော် ရှက်စိတ်ဝင်မိသွားတယ်။

"ဟင်...နင်...နင်တို့ ငါ့ကို လှောင်ကြတာလား"

သူတို့ သုံးယောက်ဘာမှ ပြန်မပြောကြ ရယ်သံကတော့ အရှိန်မပြတ်။

ကျွန်တော်ဒေါသထွက်မိသွားတယ်။ ဒါကြောင့် ဒေါသထွက်ပုံပေါ်လွင်အောင် ခါးထောက်ပြီး မျက်နှာကြီးကျုံ့ပြီး ကြည့်လိုက်ပါတယ်။ ပြီးတာနဲ့လေသံခပ်မာမာနဲ့ပင်...

"ဟင်...နင်...နင်တို့ တော်ကြတော့နော်"

ကျွန်တော့်အသံတွေ တုန်ခါနေတယ်။ ဘာသဘောလဲ။ ဘာလို့လူတစ်ယောက်ကို ဒီလောက်အထိ လှောင်ပြောင်ချင်နေကြရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ လွှန်လာပြီနော်၊ ငါရှေ့ကသွားကြတော့၊ ကြာရင်...ငါ...ငါ"

ကျွန်တော် ဘယ်လိုပဲပြောပြောသူတို့က မမှုရေးချ မမှုကြ။ ကြာတော့ကျွန်တော်ဒေါသက အထွက်အထိပ်မှာ။ဒါကြောင့် လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်မိလိုက်တယ်။ ပြီးတော့နေမချိထိုင်မသာကြီးနဲ့ဖြစ်ကာကမူးရှူးထိုးနဲ့ဖြစ်နေမိသည်။

သူတို့ကတော့ အရယ်မပျက်ကြ။ မပျက်တဲ့အပြင် မြေပြင်ပေါ်မှာတောင် ထိုင်ပြီး ရယ်နေကြသေးတယ်။

ကြာတော့ ကျွန်တော်သူတို့ မျက်ခွက်တွေကို ဆွဲပြီးထိုးပစ်ချင်စိတ်ပေါက်လာတယ်။

စိတ်ပေါက်လာတဲ့အတိုင်း လုပ်လို့မဖြစ်ဘူးဆိုတာကိုလည်း သတိစိတ်က ဝင်နေသေးတယ်။

ဒါကြောင့် နောက်ဆုံးတော့ရင်ထဲကဒေါသကို ဖြေတဲ့အနေနဲ့စိန်ပန်းပင်စည်ကြီးရှိတဲ့ဆီကို လျှောက်သွားလိုက်တယ်။ အနားရောက်တာနဲ့...

"ကဲကွာ...ကဲကွာ...၊ရယ်ကြဦး...ရယ်ကြဦးယား"

ဘယ်နှစ်ချက် ထိုးမိလိုက်မှန်းမသိ။ စိန်ပန်းပင်စည်ကြီးကတော့ဘာမှမဖြစ်။ ကျွန်တော့်ညာဖက်လက်ကတော့ နာကျင်သွားလေရဲ့။ လက်ဖမိုးလေးကိုကြည့်မိလိုက်တော့လည်း သွေးစလေးတွေစို့နေလို့။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ပြန်ငဲ့ကြည့်မိလိုက်တော့ ကုပ်ချောင်းကုပ်ချောင်းနဲ့ လှည့်ထွက်သွားကြလေပြီ။

ဒီလိုအချိန်မှာဘဲ ဘယ်အချိန်ကတည်းက ရောက်လာလိုက်မှန်း မသိလိုက်ရတဲ့ မခင်လေးကြည်ကို ဘွားကနဲ့ တွေ့လိုက်ရတယ်။

"ဟင်.....မ...မခင်လေးကြည်"

ကျွန်တော်တအံ့တသြနဲ့ ရေရွတ်မိလိုက်တယ်။ မခင်လေးကြည်ဟာ ကျွန်တော့်ဆီကို လျှောက်လှမ်းလာတယ်။ မျက်ဝန်းမှာလည်း ဂရုဏာသက်တဲ့ အငွေ့အသက်တွေနဲ့။

ကျွန်တော်အနားကို ရောက်တယ်ဆိုရင်ပဲ ကျွန်တော့်ရဲ့ညာဖက်လက်လေးကို ဆွဲယူပြီးကြည့်လိုက်တယ်။

ကျွန်တော့်မှာတော့ ရှက်စိတ်တွေရော၊ နာကျင်မှုဝေဒနာ၊ အံ့သြမှုတွေကော ရောပြွန်းနေလို့၊ ဒါကြောင့် ဦးခေါင်းကြီးကိုပဲ ငိုက်စိုက်နေမိတော့ရဲ့။

ဒီအခါမှာတော့ မခင်လေးကြည်ကတစ်ရှူးစက္ကူလေးနဲ့ ကျွန်တော်လက်ဖမိုးကသွေးစသွေးနလေးတွေကို ခပ်ဖွဖွလေးနဲ့ သုတ်ပေးနေလေရဲ့။

"ဒေါသကြီးတာနဲ့ ရက်စက်တာဟာ လူမိုက်တွေရဲ့ သင်္ကေတပဲ။ နောက်ဆိုရင်သတိထားပါ တင်မောင်"



www.burmeseclassic.com

www.burmeseclassic.com



ညှင်းညှင်းဖွဖွလေးနဲ့ ထွက်ပေါ်လာတဲ့ မခင်လေးကြည်ရဲ့ အသံဟာ ကျွန်တော့်နားစည်ကတစ်ဆင့် ရင်ထဲကို တိုးဝင်စီးမျောသွားတယ်။

ဒီအချိန်မှာတော့ ကျွန်တော်ရဲ့အထက်နှစ်လုံးက သူမကို ငေးရီကြည့်မိလိုက်တယ်။ အလယ်နှစ်လုံးကတော့လှိုက်မောနေလို့အောက်နှစ်လုံးက တော့ တုန်ခါနေလို့။

ဩော်. . . မျက်လုံးရယ်၊ အသည်းရယ်၊ ဒူးနှစ်လုံးရယ်တို့ကို ပြောပါတယ်။

ဆိုတော့ကာ....

ဟိုမျောက်ဖင်နီမ သုံးကောင်ကိုပဲ ကျေးဇူးတင်ရတော့မလိုလိုကြီး။



www.burmeseclassic.com

www.burmeseclassic.com

# IX

"ဟာကွာ...တောက်"

ထမင်းစားနေရတဲ့အခြေအနေမှာ ဇွန်းကိုကိုင်နေရတာအဆင်မပြေတာကြောင့် စိတ်တိုစွာနဲ့ပဲဇွန်းကို လွှတ်ချမိလိုက်တယ်။ ပြီးတော့ထိုင်နေရာကနေဝုန်းခနဲထရပ်မိလိုက်တယ်။

"ဟင်...တင်...တင်မောင်...ဘာ...ဘာဖြစ်"

သက်သက်ဝေက စိုးရိမ်စွာနဲ့ မေးတယ်။ ဒါပေမယ့် ချက်ချင်းသဘောပေါက်သွားတယ်ထင့်။စကားကလမ်းခုလပ်မှာပဲ ရပ်တန့်သွားတယ်။

"အေးဟယ်...နင့်အဖြစ်ကလည်း၊ ကဲပါ...ငါအသားနွှာပြီးနှပ်ပေးမယ်၊ပြီးရင် ဘယ်ဖက်လက်နဲ့ပဲ စားကြည့်ပေါ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ခင်ဖမဦးက ပြောပြီးတာနဲ့ ကျွန်တော်ရဲ့ထမင်းချိုင့်ကိုဆွဲယူလိုက်ပြီး ပြောတဲ့အတိုင်း လုပ်ပေးလာပါတယ်။

ကျွန်တော်လည်း ဖြစ်ပြီးတဲ့ပြဿနာက ဖြစ်ပြီးနေပြီမို့ စိတ်ကိုပဲ လျှော့ချလိုက်ပြီး ထိုင်ခုံမှာပြန်ထိုင်လိုက်တယ်။ အာရုံထဲမှာကတော့ ဟိုမျောက်ဖင်နီမ သုံးကောင်ရဲ့မျက်ခွက်တွေက ရစ်ဝဲရစ်ဝဲနဲ့။

"မင်းကွာ...ကိုယ့်အသားကိုယ်များ အနာခံရတယ်လို့"

ဇော်ဇော်ကမနက်ကပြောပြီးသားစကားကိုပဲဆက်ပြောလာတယ်။

ကျွန်တော်သူ့ကို ဘာစကားမှပြန်မပြောမိလိုက်ပါ။ အကယ်၍သာ စိန်ပန်းပင်စည်ပေါ်ကိုကျွန်တော့်လက်သီးမကျရောက်သွားခဲ့ပါလျှင်ဟိုသုံးယောက်ရဲ့မျက်နှာတွေရွှဲပြဲကန်မှာကျိန်းသေတယ်။

ဒါကြောင့်လူကိုမနိုင်၍အပင်အားလက်သီးနဲ့ထိုးခဲ့ရ ဘယ်မို့လား။ အခုတော့စာလည်းလိုက်မရေးနိုင်၊အစားလည်း ကောင်းကောင်း မစားဖြစ်၊

"တင်ရ ခ္ခင်"

ခေါ်သံတိုးလျလျလေးကြောင့် ငဲ့ကြည့်မိလိုက်တယ်။

"ဩော်...နင်တို့ပါလား"

ကျွန်တော့်မျက်နှာချက်ချင်းပြန်လှည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပြောရရင် ကျွန်တော့် သူတို့ သုံးယောက်စလုံးရဲ့မျက်နှာတွေကို မတွေ့ချင်။

လူတစ်ယောက်ရဲ့အားနည်းချက်ကို လှောင်ပြောင်သရော်တတ်တဲ့လူတွေကိုကျွန်တော်စက်ဆုပ်တတ်ပါတယ်။ အခု သူတို့သုံးယောက်က ကျွန်တော်စက်ဆုပ်တတ်တဲ့ လူစာရင်းထဲမှာ ပါနေတယ်။

"တင်မောင်"

ခေါ်သံ တိုးလျလျလေးက နားစည်ထဲမှာတိုးဝင်လာဆဲ။ သက်သက်ဝေကတော့ ထမင်းအစားမပျက်။ ခင်မေဦးကလည်း ကျွန်တော့်ရဲ့ချိုင့်ထဲက ထမင်းတွေကို ဇွန်းနဲ့မွှေနှောက်နယ်ဖတ်နေဆဲ။

"တင်မောင်ရယ်...ငါတို့က ပျော်စေပျက်စေ သဘောမျိုးလေးနဲ့ စလိုက်မိတာပါ၊ ပြီးတော့ တို့ကတစ်ခန်းတည်း အတန်းတူတွေလေ"

ဘယ်သူရဲ့အသံဆိုတာ ကျွန်တော်တိတိကျကျ မခန့်မှန်းတတ်သလိုပြန်ပြောစရာ စကားလုံးတွေကလည်းပျောက်ရှလွင့်ပါးနေကြတယ်

"ငါတို့အဲဒီကိစ္စကို အနူးအညွတ်တောင်းပန်ပါတယ်ဟာ နင်ကျေနပ်ဖို့ဆိုရင် ငါတို့ ကန်တော့ဆိုလည်း ကန်တော့ပါ့မယ်"

"အာ"

ကျွန်တော့် ကြောင်အအနဲ့ပဲငုံ့ကြည့်မိလိုက်တယ်။ ဒီအခါမှာတော့ငတိမသုံးယောက်က ကန်တော့ကြဖို့ပြင်ဆင်နေကြတယ်။ ကရုဏ်းကွ ကုန်းကွနဲ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဟေ့...ဟေ့၊ အဲဒီလောက်အထိမလိုဘူး"

ကျွန်တော် အသည်းအသန်နဲ့ပဲ ငြင်းဆန်လိုက်ပါတယ်။

"ဒါဆို..ဘယ်.. ဘယ်လိုတောင်းပန်ရမလဲဟင်"

ခင်ချိုအေးက ကုန်းကွကုန်းကွနဲ့ပဲဆက်ပြောပါတယ်။ ဒါကြောင့် ခပ်စောစောက ပြောခဲ့တဲ့ သူကလည်း ခင်ချိုအေးပဲဆိုတာကျွန်တော်သဘောပေါက်လိုက်တယ်။

ကင်းတင်းထဲမှာရှိနေကြတဲ့ အရွယ်စုံအရောင်စုံ ကျောင်းသားကျောင်းသူတွေ အချို့ကတော့ ကျွန်တော်တို့ကို ငဲ့ကြည့်ငဲ့ကြည့်နဲ့။ ဒီလိုဆိုပြန်တော့လည်း ကျွန်တော်ဝတိမ သုံးကောင် ကိုအားနာမိသွားပြန်တယ်။

"ကဲပါလေ ... နောက်ကို မိန်းကလေးတွေဖြစ်ပြီး လွန်လွန်ကျူးကျူးကြီး မနောက်ရင်ပြီးတာပါပဲဟာ။ ငါခွင့်လွှတ်ပါတယ်လေ ကျွန်တော် စကားဆုံးတော့ သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီးပြီ။

"ဟေး"

"ဟား"

"ဗွတ်"



www.burmeseclassic.com

www.burmeseclassic.com



သံပြိုင်ရေရွတ်လိုက်ကြပြီး တစ်ယောက်လက်ဖဝါးကို တစ်ယောက်ရိုက်ကြပါတယ်။သူတို့ကို ကြည့်ရတာ တော်တော်လေးအတွဲညီကြမယ့်ပုံ။

"ကဲ ... ငါတို့တွေတစ်ခန်းတည်းအတူ ဖြစ်ကြပေမယ့် မခင်ကြပါဘူး၊အခု ခင်မင်ကြတဲ့ အထိမ်းအမှတ်အဖြစ်သောက်ကြစားကြမယ်"

မျိုးမျိုးကျော်ရဲ့စကား၊

"အေး...ကောင်းတယ်၊ လာ...နံ့တွေယူထိုင်ကြစို့"

ဝေလွင်မြင့်က ထောက်ခံစကားဆိုပြီး နီးရာဝိုင်းတွေကနေ ခုံလွတ်တွေ ဆွဲမလာတယ်။

ခင်ချိုအေးကတော့ နှုတ်ဆိတ်နေလေပြီ။ အဲဒီလို နှုတ်ဆိတ်စွာနဲ့ပဲ ကျွန်တော်အနားမှာ ဝင်ထိုင်ပါတယ်။ နောက်တော့ စားစရာတွေ သောက်စရာတွေ မှာတယ်။ ပြီးတော့ မျိုးမျိုးကျော်က....

"ကဲ... တင်မောင်၊ ငါတို့ကတော့ နင့်ကို သူငယ်ချင်းအဖြစ်ခင်လိုက်ပြီ၊ အဲဒီတော့ နင်နဲ့ဒီက သက်သက်ဝေတို့ကကော ငါတို့ကို တစ်ဖန်ပြန်ခင်မှာလား"

"အယ်"

မျိုးမျိုးကျော် စကားအဆုံးမှာ ကျွန်တော်အနည်းငယ် ကြောင်မိသွားတယ်။

"ဘယ်လိုလဲ...ပြန်ခင်မှာလားလို့"



www.burmeseclassic.com

www.burmeseclassic.com



ဝေလွှင်မြင့်ကပါ ဝင်မေးလာတယ်။ ဒါကြောင့် ကျွန်တော်လည်း ခပ်မြန်မြန်ပဲ ဦးခေါင်းကို ညိတ်ပြပေးလိုက်ပါတယ်။

"ဟေး...ဒါမှကွ"

သူတို့ သုံးယောက်ကတော့ ထုံးစံအတိုင်းညာသံပေးပြီးလက်ခုပ်တီးပါတယ်။ ဇော်ဇော်၊ သက်သက်ဝေနဲ့ ခင်မေဦးတို့ရဲ့ မျက်နှာတွေကို ကြည့်မိလိုက်တော့လည်းပြုံးနေကြလို့။

ဒီလိုအချိန်မှာပဲ ဝေလွှင်မြင့်က...

"ဟို...သက်သက်ဝေနဲ့ခင်မေဦး ငါတို့ကိုပြန်ခင်မယ်မို့လား" လို့ မျှော်လင့်ခြင်းမျက်ဝန်းလေးနဲ့ မေးတော့ သက်သက်ဝေတို့က ဦးခေါင်းလေး တွေ ချက်ချင်းပဲညိတ်ပြတယ်။

ဒီမှာတင် ဝေလွှင့်မြင့်က ထပ်ပြီး...

"ဟဲ့...ကို...အဲ...ဇော်ဇော်၊ နင်ကကော ငါတို့သုံးယောက်ကို ခင်မယ်မို့လားဟင်"

"အင်းပါ"

ဇော်ဇော်က ဦးခေါင်းကြီးကိုညိတ်ပြီးအဖြေပေးတယ်။ ဒီအခါမှာတော့ ဝေလွှင်မြင့်က ခင်ချိုအေးနဲ့ မျိုးမျိုးကျော်တို့ကို ပျော်ရွှင်စွာနဲ့ကြည့်ပြီး......

"ဟာ...ဇော်ဇော်ကလည်း ငါတို့ကိုခင်တယ်တဲ့၊ ကဲ...အဲဒီတော့ ငါတို့ကလည်း ဇော်ဇော့်ကို တစ်ဖန်ပြန်ခင်ကြစို့ဟေ့"

"အေး...ဟုတ်ဝာယ်" (မျိုးမျိုးကျော်အသံ)



www.burmeseclassic.com

www.burmeseclassic.com



"အေး...ခင်မယ်"(ခင်ချိုအေးအသံ)

"ဟေး...ဖြောင်း...ဖြောင်း...ဖြောင်း"(သုံးယောက်ပေါင်းညာသံ)

သူတို့ကတော့ သူတို့အယူအဆနဲ့ သူတို့ ပျော်ရွှင်နေကြလို့။ ဇော်ဇော့်မျက်နှာကြီးကတော့ ပြုံးသာပြုံးနေတာ မသိရင် အီးမှန်ထားတဲ့ မျက်ခွက်ကြီးနဲ့၊ အနည်းငယ် ဖရိုဖရဲ ဖြစ်နေလို့။

ဘေးဝိုင်းက ကျောင်းသားကြီး အချို့ကလည်း ပြုံးတုံ့ပြုံးတုံ့ အမူအယာနဲ့။

သူတို့ဘာကြောင့် ဒီလိုကြီးပြုံးနေကြတယ်ဆိုတာ ကျွန်တော်သိတာပေါ့။

ဘာပဲဖြစ်ဖြစ်ပါလေ။

ပကာသနနဲ့ မာယာကင်းတဲ့ ကျွန်တော် တို့ရဲ့မိတ်ဖြစ်ဆွေဖြစ်ပွဲလေးဟာ အခုလို တက္ကသိုလ်နယ်မြေမှာရှိခဲ့တယ်ဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com

# X

အတန်းဆင်းဆင်းချင်း ကျွန်တော်တို့အုပ်စု ဖယ်ရီကားရှိရာကို လျှောက်သွားကြတယ်။ အဲဒီလို လျှောက်သွားရင်းကနေ မခင်လေးကြည် ကိုများ တွေ့လေမလားဆိုတဲ့အသိနဲ့ ခိုးကြောင်ခိုးဝှက် ရှာဖွေကြည့်မိလိုက်တယ်။

ရှာသာရှာဖွေနေတာပါ။ လူအုပ်ကြီးက ထူထဲနေလေတော့ ဖကောက်ရိုးပုံထဲက အပ်ပျောက်ကို ရှာနေရတယ်ဆိုတဲ့ စကားပုံကြီးလို။

"ဟာ"

ထင်မှတ်မထားတဲ့ မခင်လေးကြည်က ကျွန်တော့်မျက်ဝန်းတည့်တည့် မြင်ကွင်းထဲကို ဘွားကနဲကြီးပေါ်လာတယ်။

ကျွန်တော်ကျိတ်ပြီး ဝမ်းသာသွားတယ်။ ရင်ထဲမှာလည်း ခိုးလိုးခုလုကြီးဖြစ်သွားတယ်။ ဒါဝမ်းသာလုံးဆို့တယ်လို့ခေါ်တာလားမသိ။ သူမက



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော်တို့ ရှိရာဆီကို နွဲ့နွဲ့ယိမ်းယိမ်းလေးနဲ့ပဲ လျှောက်လာနေပါတယ်။

ကျွန်တော်လည်း ပထမတော့ အူယားဖားယားနဲ့ ပြေးသွားမိလိုက်တော့မလို့ပဲ။ ဒါပေမယ့် ထလာတဲ့အကြောကို ထူးခတ်လိုက်ရတယ်။ (ဝမ်းသာကြော)

"ဒီလိုနဲ့ ...

သူမဟာ ကျွန်တော့်နဲ့ ခပ်လှမ်းလှမ်းကို ရောက်လာပါတယ်။ ဒီမှာတင် ခင်မျိုးအေးတို့သုံးယောက်ကိုပါ တွေ့လိုက်ရတာကြောင့် ထင့်။ မျက်နှာမှာ အံ့ဩရိပ်က စွန်းထင်သွားတယ်။

ဒီမှာတင် ကျွန်တော်လည်း သူမနားကို ခပ်မြန်မြန်လေး လျှောက်သွားလိုက်ပြီး...

"သူငယ်ချင်းတွေ ဖြစ်သွားပြီလေ၊ တစ်ခန်းတည်းသားတွေပဲ"

"ဩော်"

သူမက ဒါပဲပြောတယ်။ ကျွန်တော်လည်း ရုတ်ခြည်းကြုံတွေ့လာရတဲ့ အဖြစ်အပျက်မို့ ဘာပြောလို့ ပြောရမှန်း မသိတော့။

သေချာတာကတော့ ကျွန်တော်တို့ ရှစ်ယောက်စလုံးခြေစုံတွေ ချပ်နေမိကြလို့။ ဒီမှာတင် ဇော်ဇော်က...

"ဟာ... တင်မောင်၊ ခင်ချိုအေးတို့နဲ့ပါ မခင်လေးကြည်ကိုမိတ်ဆက်ပေးလိုက်လေကွာ"



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောတယ်။ဒါကြောင့် ကျွန်တော့်လည်းယောင်စိန်ဖြစ်နေရင်းကခနေ...

"သြော်...ဟော့...ဒါ မခင်လေးကြည်တဲ့၊ မက်စ်နဲ့ဖိုင်နယ် တက်နေတာလေ၊ ငါတို့ရဲ့ဘော်ဘော်ပဲပေါ့။ ငါတို့ကို ခင်သလို ခင်လို့ရတယ် သိလား"

လို့ ဟိုသုံးယောက်ကို မိတ်ဆက်ပေးလိုက်တယ်။

"ဟုတ်ကဲ့...ကျွန်မက မျိုးမျိုးကျော်"

"ကျွန်မက ဝေလွင်မြင့်ပါရှင်"

"ကျွန်မကခင်ချိုအေးပါရှင့်"

သုံးယောက်စလုံးက ရှိန့်ရှိန့်လေးတွေနဲ့ အမည်တွေပြောပြီး မိတ်ဆက်ကြတယ်။

မခင်လေးကြည်ကတော့ ထုံးစံအတိုင်း အပြုံးအေးအေးလေးကို နှုတ်ခမ်းမှာဖူးပွင့်လို့ဦးခေါင်းလေးတညိတ်ညိတ်လုပ်နေလေရဲ့။ နောက်မှ...

....

"ကဲ...ညီမတို့ကလည်းဒီက တင်မောင်တို့ခင်သလိုတို့ကိုပြန်ခင်နိုင်ပါတယ်နော်၊ လမ်းမှာတွေ့ရင် ရှောင်မသွားကြေးနော်၊ ဟဲ...ဟဲ..."

မခင်လေးကြည်က အရွှန်းလေးဖောက်ပြီး ပြောတယ်။ ဒီမှာတင် မျိုးမျိုးကျော်က...



www.burmeseclassic.com

www.burmeseclassic.com



"အို…စိတ်ချ၊ မခင်လေးကြည်ဖက်က ခင်လာပြီဆိုတော့လည်း ကျွန်မတို့ကလည်း ပြန်ခင်ကြရတာပေါ့၊ ဟုတ်ဘူးလား…ဝေလွင်မြင့်"

"ဟုတ်ပ…ဟုတ်ပ…"

ဝေလွင်မြင့် တို့ အုပ်စုကတော့ အတိုင်အဖောက်တွေ ညီနေကြလို့ ။ ခင်မေဦးကတော့ ကျွန်တော်နဲ့ မခင်လေးကြည် တို့ရဲ့မျက်နှာတွေကို တစ်လှည့်စီကြည့်ပြီးပြုံးပြုံးသက်နေလို့။

ငတိမကြည့်ရတာတစ်ခုခုကိုတွေးနေသလိုကြီး ၊ နောက်တော့ ကောက်ကာငင်ကာနဲ့….

"အင်း…မမက မက်စ်နဲ့ဆိုတော့ မေးရဦးမယ်။ စမ်းသပ်တာ တော့ မဟုတ်ပါဘူး ။ မမရဲ့အိုင်ကျူလေးကို သိချင်လို့ပါ။ ပြီးတော့ သူတို့ လည်း သိချင်မှာသိကြမှာလေ။ ဒါကြောင့်ပါ။

ခင်မေဦးစကားကြောင့် ကျွန်တော် အနည်းငယ်ကြောင်အမ်း သွား တယ်။ အားလုံးရဲ့ မျက်နှာတွေကလည်း ကျွန်တော့်နည်းတူ။ မခင်လေးကြည်ကတော့ ခပ်နွေးနွေးအမူအရာလေးနဲ့ပြုံးနေလိုက်ရင်း။

"မေးလေ ညီမရဲ့၊ တို့သိတာဆို ချက်ချင်းပြန်ဖြေမယ်လေ"

"ဟုတ်ပြီ…ဒါဆိုမေးမယ်၊ဒီလိုမမရဲ့၊ကောင်မလေးသုံးယောက် ဟာ မြို့ကိုကျောင်းသွားတက်ပြီး ပြန်လာကြတယ်။ သူတို့ရွာကို ရောက်ဖို့ အတွက်က ချောင်းတစ်ခုကို လှေနဲ့ဖြတ်ရဦးမယ်တဲ့၊ အဲဒါကြောင့် သူ့တို့



www.burmeseclassic.com

www.burmeseclassic.com



.သုံးယောက်ရဲ့အစ်ကိုသုံးယောက်က လေ့တစ်စင်းနဲ့လာကြိုကြတယ်လေ အဲဒီမှာတင် ကောင်မလေးသုံးယောက်က အချင်း ချင်းတိုင် ပင် လိုက် ကြတယ်။ သူစိမ်းယောက်ျားလေးတွေနဲ့လှေအတူတူမ စီးချင်ဘူး။ကိုယ့်အစ်ကိုနဲ့ပဲနှစ်ယောက်အတူစီးပြီးရွာဘက်ကိုပြန်ကြမယ်လို့ပေါ့စမ်းသပ်လိုက်တာပါ။ အဲဒါ…အင်း…အဲဒီအစ်ကို သုံးယောက်က ညီမတွေစိတ် ချမ်းသာအောင် ဘယ်လိုဆောင်ရွက်ပေးလိုက်ကြတယ်ဆိုတာကိုသိချင်တာပါမမ၊ဟို လှေက တစ်စင်းတည်းရယ်နော်"

ခင်မေဦးမေးခွန်းက ကျွန်တော့်ကို တော်တော်လေးအုံးစားသွားတယ်။ ဟိုငတိမတွေခများလည်း နားထင်စပ်လေးတွေကို လက်ညှိုးလေးတွေထောက်ရင်း မျက်လုံးပေကလပ်ပေကလပ်နဲ့တွေးဆနေကြလေရဲ့။

မခင်လေးကြည် ကတော့ အေးအေးပုံစံနဲ့ပင်။တစ်ချက်တော့ စဉ်းစားနေလေရဲ့။ နောက်တော့…

"အင်း… တို့သိပြီးသားပါကွာ၊ မေ့တောင်မေ့နေတယ်၊ အင်း… ဪ…ဟုတ်ပြီ၊ ဒီလိုလေ…သေချာနားထောင်နော်"

ဆိုပြီး ဆက်တိုက်ပြောချသွားလေရဲ့။

ကျွန်တော့်မှာတော့ နားမလည်တစ်ချက်လည်တစ်ချက်နဲ့။ ခင်မေဦး ကတော့ ဟုတ်…ဟုတ်တယ်၊ မှန်တယ်နဲ့ ဦးခေါင်းကို ညိတ်ပြီး ပြန်ပြန်ပြောနေလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့....

မခင်လေးကြည်နဲ့ ခင်ချိုအေးတို့ အပြန်အလှန် လက်ဆွဲနှုတ်ဆက်ကြလေရဲ့ ဆိုတော့ကာ...

မိုးငွေ့ယှက်နွယ်တဲ့ လေပြည်ထုလေးရဲ့ ဝေ့ခတ်မှုမှာ ကျွန်တော့်ရင်ခွင်က ကျေနပ်နေလို့ပေါ့။

နောက်တော့ မခင်လေးကြည်ဟာ ကျွန်တော်တို့ကို နှုတ်ဆက်ပြီး သူမစီးမယ့် ဖယ်ရီကားရှိရာကို လျှောက်သွားလေရဲ့။

ကျွန်တော်လည်း ရှိရင်းစွဲခင်မင်မှုထက်ပိုပြီး ခင်မင်မိသွားရင်း မခင်လေးကြည်ရဲ့ ကျောပြင်ကို ခေတ္တငေးမောကြည့်မိလိုက်ပါတယ်။

"ဟဲ့...တင်မောင် လိမ့်မယ်လေ"

"ဩော်...အေး...."

ခင်မေဦးအပြောကိုတုံ့ပြန်ရင်း ကားရှိရာသို့ လျှောက်လာခဲ့လိုက်ကြတော့သည်။

ကားပေါ်ရောက်တော့ ခင်မေဦးကိုမေးခွန်းပဟေဠိကိုပြန်မေးလိုက်ရတယ်။ ကျွန်တော်မှ နားမလည်လိုက်ဘဲ။ ဒါကို ခင်မေဦးက.....

"နင်တို့က မေးခွန်းကိုသေချာနားမလည်လိုက်လို့ပါ၊ ရော့ ...ဒီမှာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ဘယ်အချိန်က ဘယ်လိုသိပြီး ဘယ်အချိန်ကတည်းက ရေးထားမှန်းမသိရတဲ့စာရွက်လေးတစ်ရွက်ကိုအားလုံးဝိုင်းကြည့်လိုက်ကြတယ်။

အစ်ကိုတွေကို A,B,Cလို့မှတ်ပြီးကောင်မလေးတွေကို 1,2,3 လို့မှတ်ပါ။

ပုံစံ

| | |
|---|---|
| ဒီဘက်ကမ်း | ရွာဘက်ကမ်း |
| A,B,C | --,--,--, |
| 1,2,3 | --,--,--, |

(1) ကောင်မလေးနှစ်ယောက်ကို အရင်ဆုံးလှော်ခတ်သွားပါစေ။

| | |
|---|---|
| A,B,C | --,--,--, |
| 1,--,--, | --,2,3 |

(2) ကောင်မလေးတစ်ယောက်က ပြန်လာပြီး ကျန်တစ်ယောက်ကို ခေါ်သွားပါ။

| | |
|---|---|
| A,B,C | --,--,--, |
| - ,--,--, | 1,2,3 |

(3) ကောင်မလေးတစ်ယောက်က ပြန်လာပြီး မိမိရဲ့အစ်ကိုရဲ့အတူ နေခဲ့ပြီး အခြားအစ်ကိုနှစ်ယောက်ကို ရွာဘက်ကမ်းကူးသွားပါစေ။



www.burmeseclassic.com

www.burmeseclassic.com



A,--,--, --,B,C

1,--,--, --,2,3

(4) အစ်ကိုတစ်ဦးက ညီမဖြစ်သူနဲ့ပြန်လာပြီး ညီမကို ချန်ထားပြီး အခြားအစ်ကိုတစ်ယောက်ကို ရွာဘက်ကမ်းဆီ ပြန်ခေါ်သွားပါ။

--,--,--, A,B,C

1,2,-- --,--,3

(5) ညီမဖြစ်သူက ပြန်သွားပြီး ကောင်မလေးအဖော်တစ်ဦးကို ရွာဘက်ကမ်း ပြန်ခေါ်သွားပါ။

--,--,--, A,B,C

1,--,--, --,2,3

(6) နောက်ဆုံးကောင်မလေးတစ်ယောက်က ပြန်လာပြီး သူငယ်ချင်းကောင်မလေးကို ရွာဘက်ကမ်းပြန်ခေါ်သွားရင်း. . .

--,--,-- က,ခ,ဂ

--,--,-- 1,2,3

မှတ်ချက်။ ငါလည်း သူများပြောလို့ သိရတာပါ။ အဲဒီသူများဆိုတဲ့သူကလည်း ပဟေဠိပေါင်း ချုပ်စာအုပ် တစ်အုပ်ထဲက ဖတ်ပြီးသိ ထားတာတဲ့။

ပုံ

ခင်မေဦး



www.burmeseclassic.com

www.burmeseclassic.com



မိုးငွေ့ယှက်နွယ်တဲ့လေပြည်ထုရဲ့ဝေ့ခတ်မှုမှာ ကျွန်တော့်ရင်ခွင်က ကျေနပ်နေလို့။



www.burmeseclassic.com

www.burmeseclassic.com

## XI

ညက ကျွန်တော်တော်တော်နဲ့ အိပ်မရခဲ့ပါ။ ပထမတော့ စာထိုင်ကျက်နေသေးတယ်။ ဒါပေမယ့် လက်က ကိုက်နေတော့ စာကျက်ရတာလည်းစိတ်ကသိပ်မပါလှဘူးရယ်။

ဒါကြောင့် ကိုးနာရီစွန်းစွန်းမှာတင် အိပ်ရာထဲ ဝင်လှဲပစ်လိုက်တယ်။ အိပ်ရာထဲ ရောက်တော့လည်း အိပ်ပျော်ခြင်းနဲ့ ဝင်လှဲပစ်လိုက်တယ်။ အိပ်ရာထဲရောက်တော့လည်း အိပ်ပျော်ခြင်းနဲ့ ဝေးကွာနေတယ်။ အာရုံထဲမှာကတော့ မခင်လေးကြည်ရဲ့ ယုယပေးခဲ့မှု ပုံရိပ်တွေက ထပ်ခါတလဲလဲ မြင်ယောင်နေမိရတယ်။

ဒီအချိန်မှာတော့ မခင်လေးကြည်ရဲ့ မျက်နှာအေးအေး ကြည်ကြည်ဟာ ကျွန်တော့်ကိုညှို့ယူဖမ်းစားနေသလို ခံစားနေခဲ့ရတယ်။ ရင်ထဲမှာလည်း အမျိုးအမည်မသိတဲ့ ဝေဒနာတစ်ရပ်က လှပ်ခနဲလှပ်ခနဲ။

ကျွန်တော်မခင်လေးကြည်ကို ချစ်များချစ်နေမိပြီလား။

ကိုယ်ကို့ကိုအကြိမ်ကြိမ်ဝေဖန်ဆန်းစစ်ကြည့်မိတယ်။ ထွက်လာတဲ့အဖြေကလည်းမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုဘာလဲ။

ဘာကြောင့် သူ့ရဲ့မျက်နှာလေးက အာရုံကို လွှမ်းမိုးခြယ်လှယ်နေရတာလဲ။

သေချာတာကတော့ ခင်မင်ကြတယ်ဆိုတဲ့ သူငယ်ချင်းမိတ်ဆွေတွေ အဆင့်ထက်သိသိသာသာ ကျော်လွန်နေတာပဲ။

အဲသလို အဖြေထုတ်ရခက်တဲ့ အတွေးတွေနဲ့ပဲ အိပ်ပျော်သွားခဲ့တယ်။

အိပ်ပျော်သွားပြန်တော့လည်း အပ်မက်ထဲမှာ မခင်လေးကြည် ရောက်လာသေးတယ်။ ကျွန်တော့်ကို ကျောင်းစာတွေကို ဂရုစိုက်ဖို့နဲ့ ရည်းစားသညာတွေ မထားဖို့ ဆုံးမတယ်။

သူ့ပုံစံက အစ်မတစ်ယောက်က မောင်ငယ်တစ်ယောက်ကို ပြောဆိုဆုံးမနေသလိုကြီး။

"ဟာ...ဟုတ်ပြီ"

ကျွန်တော်တွေးရင်းကပဲ အဖြေတစ်ခုကို ရလိုက်တယ်။ ဟုတ်တယ်။ ကျွန်တော် မခင်လေးကြည်ကို ကိုယ်ရဲ့အစ်မတစ်ယောက်လို ချစ်ခင်တွယ်တာမိသွားတာပဲ။

ဟုတ်တယ်...ဟုတ်တယ်။

"ဒေါ်လေးရေ...ဒေါ်လေးရေ၊ တင်မောင်ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးအပြင်ကနေလှမ်းပြီး မေးလိုက်တဲ့ အသံစာစာလေး ကြောင့် ကျွန်တော့်အတွေးစတွေပြတ်တောက်ကုန်တယ်။ ဒါခင်မေဦးအသံပဲ။

"အေး…ရှိတယ်ကွယ့်၊ အိပ်ရာက မထသေးဘူး"

ဒွေးလေးရဲ့ပြန်ဖြေစကားသံ အဆုံးမှာတော့ ကျွန်တော်စဉ်းစားခန်းဝင်နေရာကနေ ဝေါက်ခနဲ ထထိုင်လိုက်တယ်။ ပြီးတော့….

"ဒွေးလေးရေ…နိုးနေပြီဗျာ့"

ကျွန်တော်အော်ပြောလိုက်ပေမယ့် ဒွေးလေးရဲ့ပြန်ဖြေသံကို မကြားလိုက်ရပါဘူး။

ဒါကြောင့် အိပ်ရာကထပြီး စောင်တွေ၊ ခြင်ထောင်တွေကို သိမ်းလိုက်တယ်။ ပြီးတာနဲ့ အောက်ထပ်ကို ဆင်းလာခဲ့လိုက်တယ်။

အောက်ထပ်ရောက်တော့….

"နင်ကလည်း နေဖင်ထိုးအောင် အိပ်ရလား တင်မောင်ရာ"

ခင်မေဦးက မူနွဲ့နွဲ့လေးနဲ့ စကားဆိုတယ်။ ကျွန်တော်ဘာမှ ပြန်မပြောမိဘဲ ခင်မေဦးမျက်နှာလေး ကို အမှတ်တမဲ့ ငေးရီပြီးကြည့်မိလိုက်တယ်။ ကြည့်မိမှာပေါ့။ ခင်မေဦး မျက်နှာလေးဟာ အလှတန်ဆာဖြစ်တဲ့ ကာလာတွေကို နေရာတကျ ခြယ်မှုန်းထားတယ်လေ။

ကျွန်တော် ပြုံးမိလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ခင်မေဦးက ရိပ်မိသွားတယ်။ ရှက်ဝဲဝဲလေးနဲ့ပြုံးပြီးဦးခေါင်းကိုငုံ့ထားတယ်။

"ဟော့"

ကျွန်တော်က လေသံတောင့်တောင့်ကြီးနဲ့ခေါ်မိလိုက်တော့ သူမ ဆတ်ခနဲ မော့ကြည့်တယ်။ မျက်တောင်လေးနှစ်ဖက်ကိုလည်း ပေကလပ် ပေကလပ်နဲ့။ ဒါကြောင့် ကျွန်တော်က...

"နင် အလှတွေတန်ချိန် အပြည့်တင်ထားပါလား၊ ဘယ်ပွဲရုံမှာ သွားသွင်းမလို့လဲ"

လို့ပြောမိလိုက်တော့ သူမက...

"အံမာ. . . လှကိုများ ကုန်ပစ္စည်းကျနေတာပဲ၊ ဟွန်း ... နင့်လက်သက်သာလားလို့လာမေးတာ၊ မသက်သာရင် ဆေးခန်းသွားပြဖို့ လာတာ"

ဆိုပြီး မျက်စောင်းလေးတစ်ချက်နဲ့ ပစ်ပေါက်ပါတယ်။

"ဩော်...ဒီလိုလား ကေနွ ဆေးခန်းက ဆရာဝန်ကို ပြစားတော့ မယ်ဆိုပါတော့"

"ဟယ် ... ကောင်စုတ်၊ ငါ့ ဘာသာငါ ကျောင်းပိတ်ရက်မို့ ပြင်တဲ့ ဟာကို"

"ဟား...ဟား...ဟုတ်ပါတယ်လေ၊ လက်ကတော့ ညောင်းကိုက် တယ်ဟ၊ အိပ်လို့လည်း တော်တော်နဲ့မရဘူး၊ ခဏစောင့် ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ"

ကျွန်တော်ရေချိုးခန်းရှိတဲ့ အိမ်နောက်ထဲကို ဝင်သွားဖို့ ပြင်ဆင်လိုက်တယ်။ ဒီလိုနဲ့ ခြေလှမ်း ငါးလှမ်း လောက် လှမ်းအပြီးမှာတော့ ...

"ခြော်...မေ့ဟော့မလို့ တခါတည်း ပြောရမှာ"

လို့ ပြောပြီး ခင်မေဦးကို ကြည့်မိလိုက်တယ်။

သူမက ခပ်စောစောကအတိုင်း ရှက်ဝဲဝဲလေးနဲ့ ငုံ့ကြည့်တယ်။ ဒါကြောင့်...

"နင် ဒီနေ့ မတရားလှတယ်ဟ"

"ဂယ်"

"ဂယ်ပေါ့"

"ခိ...ခိ"

ကျွန်တော် လှည့်ထွက်လာခဲ့လိုက်တော့တယ်။ ခြော်...မြောက်ပြောလို့ ပြောမှန်းမသိ ...။



www.burmeseclassic.com

www.burmeseclassic.com

## XII

ဆရာဝန်က သောက်ဆေးနဲ့လူးဆေးပဲပေးလိုက်ပြီး နောက်ထပ် နှစ်ရက်ဆိုရင် လုံးဝသက်သာသွားလိမ့်မယ်လို့ ပြောတာကြောင့် ကျေနပ်စွာနဲ့ပဲ နှစ်ယောက်သားပြန်ထွက်လာခဲ့ကြပါတယ်။

ဆေးခန်းက အထွက်မှာတော့ သူမက ပြုံးတုံ့တုံ့လေးနဲ့လုပ်ပြီး ဗိုက်ကို လက်တစ်ဖက်နဲ့ပွတ်ပွတ်နေပါတယ်။

ပြီးတော့ ကျွန်တော့်ကိုလည်း ရယ်ရယ်ပြပါတယ်။

ဆိုတော့ကာ ကျွန်တော်လည်းဘုမသိ ဘမသိနဲ့ရယ်ရယ်ပြမိတာပေါ့။

ဒီအခါမှာတော့ ဖြတ်သွားဖြတ်လာ လူအချို့ငဲ့ကြည့်ငဲ့ကြည့်နဲ့ လုပ်ပါတယ်။ အဲဒီကို ငဲ့ကြည့်ငဲ့ကြည့်နဲ့လုပ်သွားရင်းကနေ အဒေါ်ကြီးတစ်ယောက်က သူ့ဘေးက အဖော်တစ်ယောက်ကိုပြောလိုက်ပါသေးတယ်။

"အင်း...ငယ်ငယ်ရွယ်ရွယ်လေးတွေနော်"တဲ့။

သူတို့ပြောသွားတာကိုကျွန်တော်သဘာမပေါက်ပါဘူး။

ဒီလိုနဲ့နှစ်ယောက်သား ဆက်လျှောက်လာခဲ့ လိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ ရက်သလိုလို ရှိုးသလိုလိုလေးနဲ့ ပြုံးရင်း ဗိုက်နေရာလေးကိုပဲ လက်နဲ့ ပွတ်ပွတ်နေပါတယ်။

ဆိုတော့ကာ ကျွန်တော် တဒင်္ဂတွေဝေသွားတယ်။ ဒါကြောင့် ချက်ချင်းပဲ ခပ်စောစောက ဖြတ်လျှောက်သွားတဲ့ စကားနဲ့ ဆက်စပ်ကြည့်မိလိုက်တယ်။

ဟား...သဘောပေါက်ပြီ။

ထွက်လာတာက ဆေးခန်းထဲက သူနဲ့ ကျွန်တော် နှစ်ယောက်တည်း။ ပြီးတော့ သူမက ပြုံးတုံ့ပြုံးတုံ့ အမူအရာနဲ့ ဗိုက်နေရာလေးကို လက်နဲ့ ပွတ်တယ်။

"ဟာ...ဒါ...ဒါ...ဟိုဟာ ရှိတဲ့ ကိစ္စနဲ့ နွယ်...နွယ်"

ကျွန်တော် တအံ့တသြနဲ့ ရေရွတ်မိလိုက်တော့ သူမက ပေကလပ်ပေကလပ်နဲ့ ငဲ့ကြည့်တယ်။

"ဟဲ့...ဘာ...ဘာလဲဟဲ့"

"ဘာလဲဟဲ့ မလုပ်နဲ့၊ နင်...နင်...နင့်ဗိုက်ကို လက်နဲ့ မပွတ်နဲ့တော့"

"ဟင်...ဘာ...ဘာဖြစ်လို့"

"ဘာဖြစ်ဖြစ်ဟာ မပွတ်နဲ့တော့"

ကျွန်တော်က အသည်းအသန်ပြောမိတော့ သူမ စုတ်တစ်ချက်သပ်ပြီး ဦးခေါင်းကို လက်နဲ့ ကုတ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျွန်တော်က....

"နေပါဦး၊နင်က ဆေးခန်းကထွက်လာတည်းက ဘာလို့ ဗိုက်ကို လက်နဲ့ပွတ်နေရတာလဲ"

"ဩော်...ဒါလား"

"အေး"

"အဟီး...ဗိုက်ဆာလို့ဟ"

"ဟော...ဒါဆို ပြုံးတုံ့ပြုံးတုံ့နဲ့ လုပ်နေတာကရော"

သူမ ချက်ချင်းပြန်မဖြေဘဲ ပြုံးတုံ့ပြုံးတုံ့နဲ့ပဲ ငဲ့ကြည့်လာပြန်ပါ တယ်။ လာပြန်ပြီ ဒီအမူအယာ။

"ဟဲ့...ပြောလေ"

ကျွန်တော် ဆောင့်ကြီးအောင့်ကြီးနဲ့ မေးမိလိုက်တယ်။

ဒီတော့မှသူမက...

"ငါလေ...နင့်ကို ကျိုက်ပိုင်းဘုရားကို လိုက်ပို့နိုင်းချင်လို့ဟ"

"အယ်...နင့်နှယ့်ဟာ"

သူမ ရှက်စဖွယ် အမူအရာလေးကိုပြုလို့ ဦးခေါင်းလေးကို ငုံ့ထား ပါတယ်။

အေးလေ...သူမ ရှက်နေရှာမှာပေါ့၊ မိန်းကလေးပဲဟာ။

"ကဲ...ခင်မေဦး ဗိုက်ဆာတာကိုတော့ ငါဝယ်ကျွေးမယ်၊ ဘုရား ကိုတော့ နောက်တစ်ပတ်မှ သွားကြတာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောမိတော့သူမက…

"ရပါတယ်ဟယ်"

အသံလေးက မျှော်လင့်ချက်မဲ့သွားတဲ့ အသံလေးနဲ့၊ မတတ်နိုင်ဘူးလေ။ တော်ကြာ ဟိုနှစ်ကောင်သိသွားခဲ့ရင်…။

ဒီလိုနဲ့…။

လက်ဖက်ရည်ဆိုင်ကို ရောက်ခဲ့ကြတယ်။ လက်ဖက်ရည်ဆိုင်ကို ရောက်တော့ ထုံးစံအတိုင်းသူမ ကော်ဖီမစ်နဲ့ပေါက်စီကို စားပြီး ကျွန်တော်ကလည်း ထုံးစံအတိုင်း အီကြာကွေးတစ်ချောင်းနဲ့ လက်ဖက်ရည်တစ်ခွက်ကို သောက်လိုက်တယ်။ အဲဒီလို သောက်နေ စားနေကြရင်းနဲ့ သူမက ဘက်ခ်အိတ်ထဲကနေ စာရွက်ခေါက်လေးတစ်ရွက်ကို ထုတ်လိုက်ပါတယ်ပြီးတော့ စားပွဲပေါ်ကို ဖြန့်ချလိုက်ပြီး ကျွန်တော့်ကို ကြည့်ခိုင်းတယ်။

စာရွက်လေးအပေါ်မှာ နာရီဒိုင်ခွက်နှစ်ခုကို ဘောပင်နဲ့ ဆွဲထားတယ်။







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သေသေချာချာနဲ့ကြည့်မိလိုက်တော့ တစ်ပုံက လေးနာရီ ။ တစ်ပုံကခုနစ်နာရီ။ဘာမှထူးခြားတာမတွေ့။ဒါပေမယ့်ကျွန်တော့်ကိုအံ့းစားတော့မယ်ဆိုတာကိုတော့အလိုလိုသဘောပေါက်မိလိုက်တယ်

"ကဲ...တင်မောင်၊ ဘာထူးတာတွေ့လဲ"

"ဟင်အင်း . . . တစ်ခုက လေးနာရီ၊ တစ်ခုက ခုနစ်နာရီ၊ ဒါပဲတွေ့တယ်"

"အေး . . . ဟုတ်တယ်၊ ငါအခုမေးချင်တာက နင့်ရဲ့ဉာဏ်ရည်ကိုသိချင်လို့ပဲ၊ ငါကတော့ သိပြီးပြီလေ၊ ဟဲ ...ဟဲ ..."

ထင်တဲ့အတိုင်းပဲ သူမ ကျွန်တော်ကို အံ့းစားပြီ။

ဆိုတော့ကာ ကျွန်တော့်လည်း နည်းနည်းတော့ စိတ်ဝင်စားသွားတယ်။

ဒါကြောင့်...

"မေးလေ...သိတော့လည်း ဖြေရတာပေါ့။"

"ဟုတ်ပြီ၊ ဒါဆို ငါမေးမယ်၊ တစ်နာရီဒိုင်ခွက်တစ်ခုကို မျဉ်းဖြောင့်နှစ်ကြောင်းဖြတ်ပြီး သုံးပိုင်းပိုင်းလိုက်တာနဲ့ တစ်ပိုင်းမှာရှိတဲ့ ဂဏန်းတွေရဲ့ပေါင်းလ ` နဲ့ ကျန်နှစ်ပိုင်းမှာရှိတဲ့ ဂဏန်းတွေရဲ့ပေါင်းလဒ်ချင်းဟာ တူနေရမယ်။ သဘောပေါက်တယ်နော်"

"အေး...ပေါက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ… အဲဒီလိုပဲ၊ နောက်ထပ်ဒိုင်ခွက်တစ်ခုကို မျဉ်းကြောင်းငါးကြောင်းထည့်ပြီး ခြောက်ပိုင်းပိုင်းလိုက်တာနဲ့ ပေါင်းလဒ်တွေဟာ တူနေရမယ်ဟာ၊ ဘယ့်နှယ်လဲ၊ လွယ်လွယ်လေးနော်၊ လုပ်ကြည့်လေ"

သူမက ပြောပြီးတာနဲ့ ဆရာမကြီးအထာနဲ့ ကျွန်တော့်မျက်နှာကို စိုက်ကြည့်တယ်။ ကျွန်တော့်နည်းနည်းတော့ အုံးစားသွားတယ်။ ဒါကြောင့် စာရွက်ပေါ်က နာရီဒိုင်ခွက်တွေကိုကြည့်ပြီး အဖြေရှာကြည့် လိုက်တယ်။

မရဘူးဖြစ်နေတယ်။ ထပ်စဉ်းစားတယ်။ မရပြန်ဘူး၊ ဒီအခါမှာတော့ ဆိုင်ထဲက ဝန်ထမ်းတစ်ယောက်ကပါ စိတ်ဝင်စားပြီး ငုံ့ကြည့်တယ်။ သူလည်းဦးခေါင်းကိုကုတ်နေတယ်။

ကျွန်တော်လည်းစဉ်းစားတာပဲ။ မရဘူးဖြစ်နေတယ်။ ကိုယ့်ကိုယ်ကို ညံ့နေကြောင်းလဲ သတိထားမိလာတယ်။ နောက်ဆုံးတော့ မစဉ်းစားချင်တော့တာကြောင့် "မသိဘူးဟာ" လို့ဝန်ခံလိုက်တယ်။

ဒီတော့ သူမက…

"နင် တော်တော်ညံ့တာပဲ တင်မောင်ရယ်၊ ဒီမှာကြည့်"

ဆိုပြီး ဘောပင်လေးနဲ့ လုပ်ပြသွားလေရဲ့၊ မြန်လိုက်တာ။ ကျွန်တော်လည်း သေချာကြည့်ပြီး အပိုင်းထဲက ဂဏန်းတွေရဲ့ရလဒ်ကိုပေါင်းကြည့်လိုက်တယ်။ ဟုတ်နေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ကာ…သူမဆီကနေ သင်ယူထားဦးမှလို့စဉ်းစားမိလိုက်တယ်။ ခြော်…ခင်မေဦး၊ခင်မေဦး။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းမှု သမုဒ်ပြင်ကျယ်

ကိုယ့်ရှေ့မှာ ပြန့်ကျက်နေတယ်။

ပဲ့ကိုင်သူရေ

ကိုယ့်ကို ရေချလှည့်ပါတော့လေ

သင့်ရဲ့လက်မောင်းများအတွင်းပွေ့ယူ

ကိုယ့်ရဲ့ထာဝရ အဖော်ဖြစ်လှည့်ပါ

သံသရာလမ်းမကို

ရှုဝံ့ကြယ်က

ထွန်းညှိပေးပါလိမ့်မယ်....

TAGORE



www.burmeseclassic.com

www.burmeseclassic.com

## XIII

နံနက်ခင်းရဲ့တိမ်သားထုမှာ မိုးငွေ့တွေ ခြုံ လွှမ်းနေတယ်။ တိုက်ခတ်နေတဲ့ ဖလေပြည်ထဲမှာလည်း အအေးဓါတ်က ယှက်ဖြာနေတယ်။ နေရောင်ခြည်က ကျောင်းပရိဝုဏ်ပေါ်မှာ ခါတိုင်းနေ့အချို့လို အုပ်စိုးမှု ကင်းပနေတယ်။

အခြေအနေနဲ့အချိန်အခါအရ ဆိုရင်တော့ ရာသီဥတုက မိုးစက်မိုးပေါက်တွေကို မြေပြင်ပေါ် သက်ဆင်းခွင့် ပေးလာနိုင်တယ်။

တစ်ချက်တစ်ချက်မှာ ခပ်ပြင်းပြင်းဝေ့ခတ်လိုက်တဲ့လေပြည်က မျက်နှာပြင်ကို အေးစက်သွားစေတာတော့ အမှန်။

ကျောင်းဝင်းထဲကို အရောက်မှာ ဟိုသုံးကောင်နဲ့ခွဲထွက်ပြီး မခင်လေးကြည် ရှိနေတတ်မယ့် အခန်းဖက်ကို ချီတက်လာခဲ့လိုက်တယ်။ ကျောင်းတက်ခေါင်းလောင်း ထိုးဖို့ကလည်း နာရီဝက်သာသာလောက်လို နေသေးတယ်မို့လား။

www.burmeseclassic.com

www.burmeseclassic.com



"တင်မောင်"

အေးမြလန်းဆန်းစေတဲ့ လေပြည်တို့နဲ့အပြိုင်သာယာကြည်လင်တဲ့အသံကြောင့် ဆတ်ခနဲ့လှည့်ကြည့်မိလိုက်တယ်။

"ဟာ...မခင်လေးကြည်"

ကျွန်တော်အသံက လှိုက်လှဲနေမယ်ဆိုတာ ကိုယ့်ကိုကိုယ်သိပါတယ်။ သူမကတော့ ထုံးစံအတိုင်း အပြုံးနွေးနွေးလေးနဲ့။

"မင်း...တို့ကို ရှာနေတာလား"

သူမအမေးကို ကျွန်တော်မညာချင်ပါ။ ဒါကြောင့်ထင်ဦးခေါင်းကို အလိုလိုညိတ်ပြမိသွားတယ်။ ကလေးရက်တော့ငိုတယ်တဲ့။ လူကြီးရက်တော့ရယ်တယ်တဲ့။ အခုကျွန်တော်က ကလေးလည်းမက လူကြီးလည်းမကျဆိုတော့ ငိုရမလိုလို ရယ်ရမလိုလိုကြီးနဲ့ရယ်။ ဒါကြောင့် ကော်ရစ်တာက တိုင်နံရံကိုပဲ ခြေဖျားလေးနဲ့ ခပ်ဆဆလေးကန်နေမိရဲ့။

"အို့ ...ဘာလို့ရပ်နေတာလဲ၊လာလေ...ဟိုရှေ့နားက ဇာဒ်ပင်အောက် သွားရအောင်"

သူမကပြောပြီးလှည့်ထွက်သွားတယ်။

ကျွန်တော်လည်း ကြောင်အမ်းအမ်းနဲ့ လိုက်သွားမိလိုက်တယ်။ ဇာဒ်ပင်အောက်လည်းရောက်ရော သူမက ခုံပေါ်မှာ ထိုင်လိုက်ပါတယ်။ ကျွန်တော့်ကတော့ သူမရှေ့မှာ မတ်တပ်ပင် ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအချိန်မှာပင် သူမက လက်ထဲမှာရှိနေတဲ့ အထုပ်တစ်ထုပ်ကို ထိုးပေးလာတယ်။

"ရော့...ဒါမင်းအတွက် တို့ရဲ့လက်ဆောင်"

"ဗျာ...ဟာ...မဟုတ်တာ"

"အိုကွာ...ယူနော်၊မယူရင် တို့က စိတ်ဆိုးမှာ"

တည်ကြည်ရှင်းမြတဲ့ အသံလေးနဲ့ ပြောလာတာကြောင့် ကျွန်တော့်မှာ ငြင်းဆန်ရ ခက်သွားတယ်။ ဒါကြောင့် အထုပ်ကို ယူလိုက်တယ်။ ပြီးတာနဲ့...

"မ...မမ...မမကို...မမလို့ပဲ ခေါ်ပါရစေတော့ဗျာ၊ ဟိုလေ ကျွန်တော့်ရဲ့ အစ်မတစ်ယောက်လို မမပါနော်"

ကျွန်တော် အထစ်ထစ်အငေါ့ငေါ့နဲ့ ပြောမိလိုက်တော့ မမက ကြည်နူးဝေဖြာတဲ့ မျက်ဝန်းရွှဲကြီးနဲ့ငေးကြည့်ပြီး ဦးခေါင်းကို တဆတ်ဆတ် ညိတ်ပြတယ်။

တကယ်ပါ။ မမ မျက်နှာလေးပေါ်မှာ အေးမြဖြူစင်တဲ့ အရောင်က လွဲရင် ဘာရောင်မှမရှိ။ ပကတိ ရှင်းသန့်နေတယ်။

ဆိုတော့ကာ...

မမအပေါ်မှာ ထားရှိလိုက်တဲ့ ကျွန်တော့်ရဲ့ ရင်ထဲက မေတ္တာတရားရဲ့ပြယုဂ်ကြောင့် မျက်နှာပေါ်မှာ သန့်စင်နေမယ်ဆိုတာ ကိုယ့်ကိုကိုယ် ယုံကြည်နေမိလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"တင်မောင်"

"ဗျာ...မ...မမ"

"ကျောင်းစာကိုပဲ အထူးတလည် ဂရုစိုက်နော်"

"ဟုတ်"

မမကတော့ အေးမြမြလေးနဲ့ ပြုံးနေမြဲ။ မမ ကျွန်တော့်ကို ဘာကြောင့် ခင်မင်ရတာလဲ။ ကျွန်တော်မေးချင်လိုက်ပါဘိရယ်။

"ဟယ်...ဟော...မိပြီ...မိပြီ"

"ဟေး"

ဆိုတဲ့ ကုလားသိုက် ကျားဝင်ကိုက်ဆိုသလို အသံဗလံတွေကြောင့်ကျွန်တော့်ငဲ့ကြည့်မိလိုက်ကြတယ်။ဒီအခါမှာတော့ကျွန်တော်တို့ဆီကို လျှောက်လှမ်းလာနေတဲ့ အမျိုးသမီး သုံးယောက်ကို တွေ့လိုက်ရပါတယ်။

သူတို့ကြည့်ရတာမမနဲ့အသက်အရွယ်ချင်းသိပ်မကွာနိုင်။ကြည့်ရတာ မမသူငယ်ချင်းတွေနဲ့တူရဲ့။ကြည့်နေမိဆဲမှာပဲ သူတို့ သုံးယောက်အနားကိုရောက်လာကြတယ်။သုံးယောက်စလုံးကတော့ ကိုရီးယားဖက်ရှင်စတိုင်တွေနဲ့။

"ခင်လေးကြည်...ဘူလေးလဲ"

ဆံပင်ကို ရွှေရောင်ခပ်ဖျော့ဖျော့ဆိုးထားတဲ့ တစ်ယောက်က မေးတယ်။ ဒီမှာတင် မမက...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ …ဟော့ …ဒါတို့ မောင်လေးနော်၊ တော့ကီတွေဘာရိတ်စ်မယ်"

လို့ပြာပြာသလဲ ပုံစံအတုနဲ့ပြန်ပြောလိုက်ပါတယ်။ ဒီမှာတင် ဆံပင်ကို အစိမ်းရောင်ဖျော့ဖျော့ဆိုးထားတဲ့တစ်ယောက်က …

"သက်ရှူးဝါး ဆိုရင်တော့ အမျိုးတော်မယ့်ဟော့ ၊ ယောက်မရေ" လို့ပြောပါတယ်။

ဆိုတော့ကာ …ကျွန်တော်သူတို့ကြားမှာ မနေတတ်မထိုင်တတ်၊ အဲ…မရပ်တတ်တော့ ။ဒါကို မမ ရိပ်မိသွားပါတယ်။

"ကဲ…မောင်လေး၊ သွားတော့…သွား၊ ဂျောင်းတက်တော့မယ်"

"ဟုတ်"

ကျွန်တော် လှည့်ထွက်လာခဲ့လိုက်ပါတယ်။ ဒါတောင်မှ…

"ညိုညိုရှည်ရှည်…အဲ…ညိုညိုမြင့်မြင့်လေးဟဲ့၊ အီစကိုတို့အခိုက်လေးပေါ့၊ ဟားဟား"

ဆိုတဲ့အသံရှည်ဩဩကြီးကို ကြားမိလိုက်ရပါသေးတယ်။ ရေများရေနိုင် မီးများမီးနိုင်ဆိုတာ ဒါမျိုးပဲနေမှာရယ်။



www.burmeseclassic.com

www.burmeseclassic.com



အရောင်အဆင်းကောင်းတဲ့
သံယောဇဉ်တရားမှာ
အေးမြတဲ့တေးသံက
ထာဝစဉ်ပျံ့လွင့်တယ်။

www.burmeseclassic.com

www.burmeseclassic.com

# XIV

ကင်တင်းထဲကထွက်ပြီး သိပ်မကြာခင်မှာဘဲ အတန်းတက်ခေါင်း လောင်းသံက ကျောင်းပုရိဝုဏ်ထဲမှာ ပျံ့ထွက်သွားတယ်။

ဒါကြောင့် ကျွန်တော့်တို့ လေးယောက်စလုံးကျောင်းရှိရာသို့ ခြေဦးလှည့်လိုက်ကြတယ်။

ဒီအချိန်မှာပင် ခင်မေဦးက...

"ငါ... ခေါင်းတွေ နောက်နေတယ်ဟာ၊ အတန်းတစ်ချိန်မတက်တော့ဘူး"

လို့ တစ်ယောက်တည်းပြောရင်း လှမ်းလက်စခြေလှမ်းကို ရပ်တန့်လိုက်တယ်။ပြီးတော့ နားထင်နှစ်ဖက်ကိုလည်း လက်ညှိုးလေးနှစ်ချောင်း တစ်ဖက်စီထောက်နေတယ်။နှုတ်ခမ်းလေးကိုလည်း နည်းနည်းရွဲ့လိုက်ပေါ့။

"ဟင်...ဒါဆို နင်က ဘယ်သွားမလို့လဲ"

သက်သက်ဝေက မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်၊ ငါ ဟိုဖက်က ခရေပင်အောက်မှာသွားထိုင်နေလိုက်မယ်၊ သွားမယ်ဟာ"

ပြောပြီးတာနဲ့ လှည့်ထွက်သွားတယ်။ သက်သက်ဝေကတော့ ဘာစကားမှ မပြောတော့။

ဇော်ဇော်ကလည်း ကျွန်တော့်ကို လက်ဖဝါးနှစ်ဖက်ဖြန့်ပြတယ်။

ခင်မေဦးကို ကြည့်လိုက်တော့ တရွေ့ရွေ့နဲ့ သွားနေပြီ။ ဒီအခါမှာတော့ ကျွန်တော့်စိတ်ထဲကို အသိတရားတစ်ခု ဝင်လာတယ်။ ခင်မေဦး နောက်လိုက်သွားမယ်ဆိုတဲ့ အတွေး။

ဒါကြောင့် ကျွန်တော် ထူးထူးထွေထွေ စဉ်းစားမနေတော့ဘဲ ပြေးလိုက်သွားလိုက်တယ်။

ဟိုနှစ်ကောင်တော့ ဘယ်လိုကျန်ခဲ့မယ်မသိ။

ခင်မေဦးအနားရောက်တော့ ကျွန်တော့်ကို ငဲ့ကြည့်တယ်။ ပြီးတော့အပြုံးခပ်နွမ်းနွမ်းလေးကို ခြွေပြတယ်။

"နင်...တော်တော် မူးနေလား"

ကျွန်တော့်အမေးကို သူမက ဦးခေါင်းလေးပဲ ညိတ်ပြတယ်။

ကျွန်တော် ကောင်းကင်ပြင်ကြီးကို မော့ကြည့်မိလိုက်တယ်။ ကောင်းကင်ပြင်မှာ တိမ်သားအညိုတွေ လေနင်ရာကို လွင့်နေကြတယ်။ ဝန်းကျင်မှာတော့ အလင်းရောင်က ပျောက်ဆုံးမသွားပေမယ့် နေဝင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



အလင်းစတွေကတော့ ပေါ်လာလိုက် ပျောက်သွားလိုက်။

သေချာတာကတော့ မိုးကရွာမယ်မထင်။

ဒီလိုနဲ့...ကျောင်းတော်ကြီးနဲ့တော်တော်လေးလှမ်းတဲ့ ခရေပင်တစ်ပင်အောက်ကို ရောက်လာခဲ့တယ်။

ခရေပင်အောက်ကိုရောက်တယ်ဆိုရင်ပဲသူမကကျောလွယ်အိတ်ကိုခုံတန်းလျားပေါ် ပစ်ချလိုက်ပြီးလက်နှစ်ဖက်ကိုဆန့်တန်းကာလေပြည်အေးရဲ့အရသာကို ခံယူနေတယ်။

ကျွန်တော်ကတော့ သူမ ကျောပြင်လေးကိုသာ ငေးကြည့်မိနေရင်း...။ကြည့်နေဆဲမှာပဲ သူမက ဆတ်ခနဲ ကျွန်တော်ကို ငဲ့ကြည့်တယ်။ ကျွန်တော်ချက်ချင်းမျက်နှာ လွှဲပစ်မိလိုက်တယ်။

ဒီအခါမှာတော့ သူမက ကျွန်တော်ရှိရာဆီကိုပြန်လျှောက်လာပြီး ဘေးမှာလာထိုင်တယ်။

ပြီးတော့ ကျောလွယ်အိတ်ကို ကောက်ကိုင်လိုက်တယ်။ သူမ ကျောလွယ်အိတ်ကြီးဟာခါတိုင်းနေ့တွေထက်အနည်းငယ် ဖောင်းကားနေပုံရတယ်။

ကျွန်တော် ငေးကြည့်မိနေဆဲမှာပဲ သူမက အိတ်ဇစ်ကို ဖွင့်ပြီး အထဲကနေ အထုပ်ကြီးတစ်ထုပ်ကိုထုတ်လိုက်ပါတယ်။

"ဘာတွေလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မေးမိလိုက်တော့ သူမက ရယ်ကျဲကျဲနဲ့လုပ်ပြီး…

"သိချင်ရင် ဖွင့်ကြည့်လေ၊ ရော့…"

ဆိုပြီး ထိုးပေးပါတယ်။ ကျွန်တော်လည်း ယူလိုက်ပြီး ဖွင့်ကြည့်လိုက်ပါတယ်။ ပြီးတော့ ထုတ်ကြည့်လိုက်တယ်။

"ဟာ…ရှင်းဘောင်းဘီနဲ့ တီရှပ်တစ်ထည်ပါလား၊ ဟင်…မိန်းမဝတ်တွေလည်း မဟုတ်ဘူး"

ကျွန်တော်ကတော့ အဝတ်အစားတွေကို ဖြန့်ကြည့်နေဆဲ။

သူမကို ငဲ့ကြည့်မိလိုက်တော့ ဝေဝေရီရီလေးနဲ့ ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ ပြီးတော့…

"နင်က မိန်းကလေးမှ မဟုတ်ဘဲ တင်မောင်ရယ်"

"ဘာ…ဟင်…ဘယ်လို"

"ကဲ…ဘာမှပြောမနေနဲ့တော့ တင်မောင်၊ ဒီဘောင်းဘီနဲ့ ဒီအင်္ကျီကို နင်ပဲယူလိုက်တော့"

"ဟာ…ငါက ဘာလုပ်ရမှာတုန်း"

"ဝတ်ဖို့ပေါ့"

"ဟင်…ဒါဆိုရင် နင်ငါ့ကို ဝယ်ပေးတာပေါ့ ဟုတ်လား"

"အင်း"

"ဟာ…ငါမလိုချင်ပါဘူးဟာ၊ ဘာလုပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ...မလိုချင်လို့ မရဘူး၊ ယူရမယ်"

"ငါ...မယူပါရစေနဲ့ဟာ၊ အားနာစရာကြီး"

"ကဲ...အပိုတွေ ပြောမနေနဲ့၊ ယူမလား မယူဘူးလား၊ ဒါပဲပြော"

"မယူပါရစေနဲ့ဟာ"

"ဒါဆို...ပေး"

သူမက လေသံမာမာနဲ့ပြန်တောင်းတာကြောင့် ကျွန်တော်ပြန်ပေးလိုက်တယ်။ သူမကလည်း ချက်ချင်းပဲ ဆွဲယူပြီးခပ်လှမ်းလှမ်းဆီကို လွှင့်ပစ်လိုက်ပါတယ်။

"ဟာ"

ကျွန်တော် အာမေဋိတ်သံနဲ့ရေရွတ်မိပြီး ချက်ချင်းပြေးကောက်လိုက်ပါတယ်။ ပြီးတော့ပြန်လှည့်လာပြီး.....

"နင်ကလည်းဟာ နှမြောစရာကြီး"

"နင်မလိုချင်လို့ လွှင့်ပစ်တာပဲဟာ"

သူမကပြောပြီး မျက်နှာကို တစ်ဖက်လှည့်သွားတယ်။

"ကဲ. . . ငါယူပါပြီဟာ၊ အားတော့နာတယ်ဟာ.. . အဟီး ၊ ကြိုက်လည်းကြိုက်တယ်....အဟဲ"

သူမပြန်လှည့်ကြည့်လာတယ်။ မျက်နှာကလည်း အနည်းငယ်ဝင်းပလို့ ၊နှုတ်ခမ်းကလည်း ပြုံးတုံ့ပြုံးတုံ့နဲ့ မျက်ဝန်းတစ်စုံကလည်း ဝေဝေရီရီနဲ့။ -



www.burmeseclassic.com

www.burmeseclassic.com



"တင်မောင်"

"ဟင်"

"နင် တကယ်ကြိုက်လား"

"ကြိုက်တာပေါ့ဟာ၊ ငါမှဒီဟာမျိုး ဝယ်မဝတ်နိုင်ဘဲဟာ"

ကျွန်တော့်လေသံတိုးဖျော့တယ်ထင့်။

ဒီအချိန်မှာပဲ သူမက ကျွန်တော့် လက်တစ်ဖက်ကို လှမ်းဆွဲလိုက်ပြီး တန်းလျားမှာထိုင်ခိုင်းတယ်။

ကျွန်တော်ထိုင်လိုက်ပါတယ်။ ပြီးတော့ သူမမျက်နှာကို ကျေးဇူးတင်စွာနဲ့ ငေးရီပြီးကြည့်မိလိုက်တယ်။ သူမရဲ့ နှုတ်ခမ်းလေးနှစ်လွှာဟာ တစ်စုံတစ်ခုကို ပြောချင်နေသည့်အလား လှုပ်ရှားနေလို့။

ဒီအချိန်မှာပဲ ကျွန်တော်လည်း သူမ လက်ဖဝါးအောက်က ကျွန်တော့် လက်ကို ဆွဲရုတ်လိုက်တယ်။

ဒီလိုအချိန်မှာပဲ လေပြင်းတစ်ချက်က ဝေ့ခနဲ တိုက်ခတ်သွားတယ်။ သူမနဖူးစပ်က ရွှေအိုရောင်ဖျော့ဖျော့နဲ့ ဆံပင်လေးတွေဟာ လှုပ်ခတ်ရွေ့လျားသွားတယ်။ ပြီးတော့ နဖူးတည့်တည့်ကို ခရေရွက်တစ်ရွက်က လာထိတယ်။

သူမ သတိပြန်ဝင်သွားသူလိုဖြစ်သွားပြီး မျက်နှာကို ချက်ချင်းလွှဲကာ ဟိုးခပ်ဝေးဝေး တစ်နေရာဆီကို ငေးကြည့်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် နှုတ်ခမ်းတွေ စေးထန်းနေလို့။

နောက်တော့ကျွန်တော်တို့နစ်မြောက်သွားပြီးသက်နှုတ်ဆိတ်နေမိကြလို့။

သူမကတော့ ပခုံးစပ်က ဆံနွယ်စင်းစင်းလေးတွေကို လက်ဖဝါးလေးနဲ့သပ်တင်လိုက်၊ နှာခေါင်းလေးရှေ့ကိုကပ်လိုက်နဲ့အဝေးဆီကိုငေးမောနေဆဲ။

ဒီလိုအချိန်အခါမှာတော့ ကျွန်တော်သူမကို အထူးတလည်နဲ့သတိထားကြည့်မိလိုက်တယ်။

ဆံနွယ်လေးတွေဆီကရှန်ပူနံ့သင်းသင်းလေးတွေပျံ့ထွက်နေတယ်။ ပြီးတော့ ဝင်းဝါစိုပြည်တဲ့ ပခုံးဦးနဲ့လည်တိုင်ကြားကရွှေအိုရောင်မွှေးညှင်းနုလေးတွေကလေပြည်ဝေ့တိုင်းလှုပ်ခတ်နေသယောင်ယောင်။

ပြီးတော့ ပါးပြင်မို့မို့အထက်က နှုတ်ခမ်းဖူးဖူးလေးတစ်စုံနဲ့ နှာတံစင်းစင်းလေးအပြင် မျက်ဝန်းကလည်း ကျယ်ကျယ်ဝိုင်းဝိုင်းလေး။

အိုး...ခင်မေဦး၊ နင် တကယ်လှနေပါလားဟာ။

စိတ်ထဲကပဲညှင်းညှင်းဖွဖွနဲ့ပြောနေမိလိုက်တော့ရဲ့။ပြီးတော့ ကျွန်တော်သူ...ကို ခိုးပြီးငေးနေမိတော့ရဲ့။

သူမကလည်း အဝေးတစ်နေရာဆီ ငေးနေဆဲ။

ဒီလိုနဲ့အချိန်တော်တော်လေးကြာသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမဆတ်ခနဲ လှည့်ကြည့်လာတယ်။ ဆိုတော့ကာ...၊ ကျွန်တော့်မှာ သူခိုးလူမိပမာ။

"ဘာကြည့်တာလဲ"

သူမ ရဲ့ ဘုဆတ်ဆတ်အမေး။ ကျွန်တော့်မှာ အပြစ်ရှိတဲ့တရားခံ ပီပီပြန်လည်မချေပနိုင်။

"ဟင်...မေးနေတယ်လေ"

သူမ ထပ်ပြောလာတယ်။

ဆိုတော့ကာ ကျွန်တော့်မှာ ပြန်မဖြေလို့ မရတော့မှန်း သဘော ပေါက်လိုက်တယ်၊ ဒါကြောင့် ဘာရယ်လို့မဟုတ်ဘဲ.....

"နင်...နင်...ငါ့ကို ဘာလို့ ဝယ်ပေးတာလဲဟင်"

လွှတ်ခနဲကြီး ထွက်သွားတဲ့ စကားလုံးတွေကြောင့် ထင့် ။ သူမ မျက်ဝန်းကြီး ပြူးပြီး အံ့အားသင့် သွားပုံရပါတယ်။ နောက်တော့ မျက်လွှာ လေးချ၊ ဦးခေါင်းလေးငုံ့ပြီး နားသယ်စပ်က ဆံပင်လေးတွေကို လက်ဖဝါး လေးနဲ့ သပ်တင်နေတယ်။

ဒီအခါမှာတော့ ဘာကြောင့်ရယ်မသိ။

ကျွန်တော့်ရင်ဘတ်ထဲမှာတောင် လှိုက်မောလာတယ်။ အာခေါင် ကလည်းခြောက်ကပ်သွားလိုလိုကြီး ခံစားလိုက်ရတယ်။ အသက်ရှူရတာ လည်းအနည်းငယ် ကျပ်လာသလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမဆီက ဘာမဟုတ်တဲ့ အဖြေစကားလေး ကြားရဖို့အတွက်ဒီလောက်တောင် ဖြစ်ရတဲ့ ကိုယ့်ကိုယ်ကို အံ့ဩနေမိရပါရဲ့။

သူမ တစ်ချက်မော့ကြည့်လာတယ်။

ကျွန်တော်ကတော့ သူမဆီက စကားလုံးကိုပဲ ငံ့လင့်နေမိဆဲ။

စက္ကန့်ပိုင်းဆိုတဲ့ အချိန်တိုလေး အတွင်းမှာပဲ သူမ နှုတ်ခမ်းဖူးလေးဟာ လှုပ်ရှလာတယ်။ ပြီး တိုးတိုးဖွဖွလေးနဲ့..

"သိချင်လား"

"အင်း"

သူမ ရှက်ဝဲဝဲလေးနဲ့ ဦးခေါင်းလေးပြန်ငုံ့သွားပြီးချက်ချင်းဆိုသလိုပဲညင်ညင်သာသာလေးနဲ့ ပြောပါတယ်။

"ခင်လို့ သနားလို့ပေါ့"တဲ့ ။

"ဩော်"

ဒီအချိန်မှာပဲ အတန်းချိန်ပြောင်း ခေါင်းလောင်းသံက ကျွန်တော့်နားစည်ထဲကို တိုးဝင်လာတယ်။

သူမကတော့ အိတ်ကိုဆွဲပြီး ပြေးထွက်လာတယ်။ ကျွန်တော့်မှာတော့အငေးသားနဲ့ရှယ်။

ဒီအခါကျတော့ မေ့လျော့နေခဲ့တဲ့ ပတ်ဝန်းကျင်ကို သတိပြန်ထား မိလိုက်တော့ရဲ့။ ဒါပေမယ့် ကျွန်တော် ခေါင်းစင်းစင်းကြီးနဲ့ကျန်ခဲ့ရရှာ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

ဒီအချိန်မှာ အေးမြတဲ့ အငွေ့အသက်လေးတွေ ရောယှက်နေတဲ့ လေပြည်လေးတစ်ချက်ဟာ ဝှေ့ခတ်သွားတယ်။

မျက်နှာမှာလည်းအေးခနဲ။

ရင်ထဲမှာလည်း အေးခနဲ။

ဆိုတော့ကာ...

ကျွန်တော် သူမကို . .။



www.burmeseclassic.com

www.burmeseclassic.com



သန်မာဖျက်လတ်တဲ့
လူငယ်လေးတစ်ဦးဟာ
သဲသောင်ပြင်ကိုဖြတ်ပြီး
'ပေါးခနဲ'တစ်ချက်အော်ကာ
မြစ်ထဲဒိုင်ဗင်ထိုးချလိုက်တယ်။
ညနေခင်းဆည်းဆာထဲမှာ
အဘိုးအိုတစ်ဦးဟာ
ကျောက်သားဖြစ်နေတဲ့ခြေရာနဲ့
ရပ်နေတဲ့မြစ်ကိုကြည့်ပြီး
သံဝေဂတေးကို သီရဲ့။
(မြစ်ရဲ့တေး၊ ဩဂုတ်၊ ၂၀၀၀၊ မဟောသီ)

အောင်ဘညို



www.burmeseclassic.com

www.burmeseclassic.com

XV

မထင်မှတ်လိုက်ပါဘူး။ လုံးဝကို မထင်မှတ်လိုက်ပါဘူး။ "အချစ်" တဲ့။ ဖတ်ဖူးတဲ့ စာအုပ်စာပေတွေထဲကနဲ့ ရုပ်ရှင်ဗီဒီယိုတွေထဲမှာတော့ အချစ်ဆိုတာ...

"မျက်လုံးက စတယ်" တဲ့။

"အသံလေးက စတယ်" တဲ့။

"ရုပ်ရည်လေးက စတယ်" တဲ့။

အမျိုးမျိုးပါပဲ....။

ကျွန်တော့်ရင်ထဲကိုရော အချစ်ဆိုတဲ့ အရာက ဘယ်လိုသဘောနဲ့ ချဉ်းနင်းဝင်ရောက်လာခဲ့သလဲ။

ကျွန်တော့် ကတော့ အချစ်ဆိုတာကို ဂဃနဏ သိနေပြီလား ။ ကိုယ့်ကိုယ်ကိုယ် အကြိမ်ကြိမ်ဝေဖန်ဆန်းစစ်ကြည့်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တိကျရေရာတဲ့ အဖြေကထွက်မလာ။

ဒါပေမယ့်...

သေချာတာကတော့...

ကျွန်တော် ခင်မေဦးကို တသသ သတိတရ ဖြစ်နေမိပြီဆိုတာပင်။

ညဟာ အမှောင်နဲ့ လိုက်ဖက်ညီနေတယ်။ ဝန်းကျင်မှာနီယွန်ရောင်တွေနဲ့ ဥပေက္ခာပြုခြင်းကို ခံနေရတယ်။ သို့ပေမယ့် တိတ်ဆိတ်ခြင်းကင်းစေတဲ့ မိုးဦးဖားကောင်တို့ရဲ့ အော်သံကို ခပ်သဲ့သဲ့ကြားလွှမ်းခြုံထားတယ်။ ကျွန်တော် ဘယ်လိုမှ အိပ်စက်လို့မရ။

ဒါကြောင့် ခြင်ထောင်ထဲက ထွက်ပြီး ဝရန်တာလေးမှာ သွားရပ်ဖို့တာဆူပြင်ဆင်လိုက်တယ်။

ဝရန်တာကိုရောက်တော့ အေးမြလတ်ဆတ်တဲ့ လေပြည်လေးတွေက လွတ်လပ်စွာ လွင့်မျောနေကြတယ်။ ဒီလေပြည်လေးတွေ ထဲမှာ ခင်မေဦးရဲ့ ကိုယ်သင်းရနံ့လေးပါသယောင်ယောင် ခံစားလိုက်ရတယ်။

ကောင်းကင်ပြင်ကို မော့ကြည့်မိတော့လည်း တိမ်သားညိုတွေပြေးလွှားနေကြတယ်။ ကောင်းကင်မျက်နှာကြက်ကတော့ မီးခိုးရောင်အသွေးအသားနဲ့ ရင့်ရော်နေတယ်။

ကျွန်တော်က ငေးကြည့်နေဆဲမှာပဲ ခင်မေဦးရဲ့ မျက်နှာလေးကမျက်နှာကြက်မှာဘွားခနဲပေါ်လာပြီး ပြုံးပြနေသယောင်ယောင်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမရဲ့ညှင်းဖွဖွလေသံလေးတွေ၊ ရှက်ဝဲဝဲ ပုံရိပ်လေးတွေ။

မျက်ဝန်းကို စုံမှိတ်ကြည့်မိလိုက်တယ်။ ပုံရိပ်က ပျက်မသွား။ နားနှစ်ဖက်ကိုလည်း လက်နှစ်ဖက်နဲ့ ပိတ်ကြည့်လိုက်တယ်။ အသံလေးတွေက ပျောက်ရှမသွား။

ဆိုတော့ကာ....

ဒီလောက်အထိကျွန်တော်သူမကို စွဲလမ်းလာခဲ့ပါလျှင်...။



www.burmeseclassic.com

www.burmeseclassic.com

XV

ဒီနေ့ စနေနေ့ . . .။

ကျောင်းပိတ်ရက်ဖြစ်တာကြောင့် လူကအားနေတယ်။ ဒါပေမယ့် စိတ်ကတော့ ခင်မေဦးအကြောင်းတွေ တွေးမိပြီး လုံးဝမအား။

ကိုယ့်စိတ်ကို ကိုယ်အကြိမ်ကြိမ်ဆန်းစစ်ကြည့်မိခဲ့ပြီးပြီ။ ဒါကြောင့် ကျွန်တော်ခင်မေဦးကို ချစ်မိသွားတာ သေချာနေပြီလို့ သတ်မှတ်ပစ်လိုက်တယ်။

ဒီအတွက် သူငယ်ချင်းဖြစ်တဲ့ ဇော်ဇော်ကို ဖွင့်ဟတိုင်ပင်ကြည့်ချင်မိတယ်။ ဒါကြောင့် ဇော်ဇော်တို့အိမ်ဖက်ကို ကူးလာခဲ့လိုက်တယ်။

ဇော်ဇော်တို့ ခြံထဲရောက်တော့ ရေချိုးနေတယ်ဆိုတာကြောင့် ဒန်းပေါ်မှာပဲထိုင်ရင်းစောင့်နေမိလိုက်တယ်။

သိပ်မကြာပါဘူး။ ရေစိုနေတဲ့ ခန္ဓာကိုယ်ကို တဘက်နဲ့ သုတ်ရင်း ဇော်ဇော်ရောက်လာတယ်။ ဒါကြောင့် ကျွန်တော်ကပင် . . .

"ဟေ့ကောင်. . .လက်ဖက်ရည်ဆိုင်သွားမယ်၊ မြန်မြန်လုပ်"



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောလိုက်တော့ ဒီကောင်အနည်းငယ်ကြောင်သွားတယ်ထင့်။ မျက်ခုံးကြီးနှစ်ဖက်ကမြင့်တက်သွားတယ်။

"ဟာ…ထူးထူးခြားခြားပါလား၊ ဒါကြောင့် ဒီနေ့ နေသာတာကိုး"

"ဟေ့ကောင် . . .အပိုတွေ လုပ်မနေနဲ့ ၊ပြောစရာရှိတယ် မြန်မြန်လုပ်"

"အေးပါ…အေးပါ"

ဇော်ဇော် အိမ်ထဲပြန်ဝင်သွားတယ်။

ကျွန်တော်မှာတော့ ဘယ်ကနေ ဘယ်လိုစပြောရမလဲ ဆိုတာကိုစိတ်ကူးနဲ့ အကောင်အထည်ဖေါ်ကြည့်နေမိတယ်။

တော်တော်လေးကြာတော့ ဇော်ဇော်ထွက်လာတယ်။ ကျွန်တော့်အနားမှာ လာထိုင်တယ်။

"ဟူး"

လေပူတစ်ချက်ကို သူမှုတ်ထုတ်တယ်။

"အင် …မင်းက ဘာဖြစ်နေတာလဲ၊ လာ …လစ်မယ်"

ကျွန်တော်က ပြောပြောဆိုဆိုနဲ့ ထိုင်ရာကနေ ထရပ်လိုက်တယ်။ ဒီအခါမှာတော့ သူက ထိုင်နေရာကနေ ကျွန်တော့်လက်ကို ပြန်ဆွဲပြီး ထိုင်ခိုင်းတယ်။

ကျွန်တော်စိတ်ပျက်လက်ပျက်နဲ့ ပြန်ထိုင်ချလိုက်ရတယ်။ ဒီအခါမှာတော့ သူမ. . .



www.burmeseclassic.com

www.burmeseclassic.com



"ကွာ…မဖြစ်သင့်ပါဘူးကွာ၊ ငါ့ယောက်ဖကလည်းအသည်းငယ်လိုက်တာ"

ကျွန်တော်ကို မကြည့်ဘဲ သူ့ဘာသာသူ ကျိတ်မနိုင်ခဲမရနဲ့ပြောလိုက်တဲ့စကား။ သူပြောတဲ့ ယောက်ဖဆိုတာ သူ့အစ်မရဲ့ယောကျ်ားဖြစ်လိမ်မယ်။ ဘာများဖြစ်လို့ပါလိမ့်။

အိမ်ထဲမှာလည်းသူ့အဖေကော၊သူ့အမေကောမရှိကြ။ သူ့အဘိုး ပဲရှိနေတယ်။

ဆိုတော့ကာ….

ကျွန်တော် အနည်းငယ် စိတ်ဝင်စားသွားတယ်။

"ဟော့ကောင်…မင်းယောက်ဖဘာဖြစ်သွားလို့လဲ"

ကျွန်တော့်အမေးကြောင့် သူက တစ်ချက်ငဲ့ကြည့်ပြီး …

"မင်းမသိပါဘူး တင်မောင်ရာ၊ ငါ့ယောက်ဖကိုက အဖြစ်သည်းနေတာနေမှာ"

"အေးပါ…ငါမသိလို့ မေးတာပေါ့"

"မင်းစဉ်းစားကြည့်ကွာ၊ ငါ့ယောက်ဖက စီးပွားရေးသမားဆိုတော့ရံဖန်ရံခါ သောက်တတ်စားတတ်တယ်ကွ၊ ငါ့အစ်မကိုတော့ အရမ်းချစ်ရှာပါတယ်။ အဲ…တစ်ခါတစ်ရံ သောက်လာစားလာ၊ အဲ…မူးလာပြီဆိုရင်တော့ ငါ့အစ်မကို ရစ်တတ်တယ်ကွ၊ အဲဒါအခုဆေးရုံရောက်နေတယ်တဲ့ကွာ၊ ခေါင်းမှာလည်း ခြောက်ချက်ချုပ်လိုက်ရတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…မင်းအစ်မလား"

ကျွန်တော်စိတ်ပူတာရော၊ သိချင်ဇောရောရောပြီး မေးမိလိုက်တယ်။

"အား…ဘယ်ကလာငါ့အစ်မကမှာလဲ၊ ဒီလူငါ့အစ်မကိုနာကျင်အောင်ဆိုလို့ လက်ဖျားနဲ့တောင် တို့ရဲတာမဟုတ်ဘူး"

"ဟာ…ဒါ…ဒါဆိုမင်းအစ်မက လုပ်လိုက်တာပေါ့"

"အေးပေါ့၊ အဲဒါကြောင့် ပြောတာပေါ့။ ဒီလူအသည်းငယ်တတ်ပါတယ်လို့"

"ဟင်…မင်းအစ်မက ဘယ်လိုလုပ်လိုက်လို့လဲ"

ကျွန်တော်ရဲ့သိချင်ဇောကို ဒီကောင်က သိပ်အလေးအနက်မထားသလိုပုံစံနဲ့သက်ပြင်းတစ်ချက်ကို ချလိုက်တယ်။

"ဟေ့ကောင်…ဟာ…ပြောလေကွာ"

"အင်း…သိချင်တော့လည်း ပြောရတာပေါ့ကွာ၊ ငါ့ယောက်ဖအသည်းငယ်တဲ့အကြောင်း။အမှန်ကဘာမှဟုတ်လောက်တာမဟုတ်ဘူးကွ၊ အဲဒါကိုကွာဆေးခန်းမှာခြောက်ချက်တောင် ချုပ်ရတယ်ဆိုတော့"

"အေးပါ…ဟုတ်ပါတယ်၊ ပြောပါ"

"အေးကွာ အမှန်တော့ ယောက်ဖကမူးလာပြီး ငါ့အစ်မကို ရစ်တာကွ၊ ဘာကိစ္စကြောင့် ဘာကိုရစ်တာလဲတော့ ငါမသိဘူးပေါ့ကွာ၊ အဲဒါငါ့အစ်မက စိတ်ဆိုးပြီးငရုတ်ကျည်ပွေ့နဲ့ ထုထည့်လိုက်တာ မှတ်ကရောပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အငယ်"

ကျည်ပွေ့နဲ့ အထုခံလိုက်ရလို့ ခြောက်ချက်ချုပ်လိုက်ရတဲ့ဟာကို ပဲ တစ်ဖက်လူက အသည်းငယ်တယ် ရှိသေး။ ဒီကောင် သူ့ အစ်မက လုပ် လိုက်ရလို့ ဒီလိုစကားမျိုး ပြောထွက်တာ။

တကယ်...တကယ်၊တစ်ခါတစ်ခါကျရင် ဒီကောင် အရေးကောင်း ရင် ဒိန်းဒေါင်းဖျက်တယ်ဆိုတာလို။ ကိုယ့်မှာတော့ ကိစ္စလေးရှိလို့တိုင်ပင် ချင်လို့သာ သည်းခံနေရတာ။

အေးလေ ကိုယ်ကလည်း သွားစပ်စုမိတာကိုး။

"ကဲ...ဇော်ဇော်၊ လာကွာ...လစ်မယ်"

"ဟာ...နေပါဦးကွ၊ ဖြည်းဖြည်းပေါ့"

ကျွန်တော် သဘောပေါက်လိုက်ပြီ။ ဒီကောင် ကျွန်တော်က ခေါ် မှန်းသိလို့ အိုက်တင်ခံနေတာ။

"ဟော့ကောင်...မသွားချင်လည်းနေ ရတယ်"

ကျွန်တော် ထိုင်ရာကနေ ဝုန်းကနဲ ထရပ်လိုက်တော့မှ...

"ဟာ...သွားပါမယ် ဆရာသမားရယ်၊ ဟဲ...ဟဲ"

သူလည်း ထရပ်ပြီး ခြံအပြင်ကို လိုက်ထွက်လာတယ်။ ခြံအပြင် လည်းရောက်ရော...

"တောက်...ငါ ဟိုဘုရင်ကြီးကို မုန်းတယ်ကွာ၊ တော်တော် သောက်သုံးမကျတဲ့ ဘုရင်ကြီး၊ ဒါနဲ့များ ဘုရင်ဖြစ်နေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့အော်ကြီးဟစ်ကျယ်နဲ့ပြောလာပါတယ်။ ဒါကြောင့် ကျွန်တော်က…

"ဟေ့ကောင် … တိုးတိုးပြော မင်းနော်"

"မင်းပဲ စဉ်းစားကြည့်ကွာ၊ တိုင်းသူပြည်သားတွေ ခများတော့ ဒုက္ခရောက်နေရလို့ သူကတော့သူ့ဟိုဟာကြီးကို သူ့ဟာကြီးနဲ့ ထိုးပြီး အသံပြကြီးနဲ့ အော်နေလို့တဲ့။ တော်တော် ကျက်သရေတုံးတဲ့ ဘုရင်ကြီးပဲ"

"လာပြန်ပြီလား ဟေ့ကောင်၊ မင်းပြောနေတာ ရောမဘုရင်နီရိုးကို မို့လား"

"ဟာ…ဟုတ်လိုက်လေတင်မောင်ရာ၊ ငါနာမည်ကိုမေ့နေလို့ကွ"

"မင်းဟာက နာမည်ကို မေ့ရုံတင် မဟုတ်ဘူး၊ လုပ်ဆောင်ချက်တွေပါ မှားပြီးပြောနေတယ်၊ ဘယ့်နယ်ကွာ၊ သူ့ဟိုဟာကြီးကို သူ့ဟိုဟာကြီးနဲ့ထိုးပြီး အသံပြကြီးနဲ့ အော်နေရတယ်လို့၊ စာဖတ်ရင် သေသေချာချာဖတ်ပြီး မှတ်စမ်းပါကွာ"

"အေးပါကွာ၊ မှတ်ပါ့မယ်၊ ဟိုလေ…အဲဒီကျက်သရေတုံးဘုရင်က ဘာလုပ်နေလဲဟင်"

"ဟွန်း…မှတ်ထား သေသေချာချာ၊ မြို့ကြီးမီးလောင်နေတာကို အဲဒီ နီရိုးဘုရင်ကတယောထိုးပြီး ကြည့်ရင်းသီချင်းဆိုနေတာကို ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ...ဟုတ်သားပဲ၊ မေ့နေတယ်...အဟီး"

"မင်းကွာ"

"တောက်...တော်တော် သောချက်သုံးမကျတဲ့ ဘုရင်ပဲနော်"

"အေး"

"ငါကတော့ အဲဒီ ဘုရင်မျိုးဆို ရှုံတယ်ကွာ"

"ကဲ...နောက်မှ ရှုံတော့၊ တော်ပြီ...တော်ပြီနော်"

"အဟီး"

တကယ်ပါ။ ဒီကောင် လုပ်ပါနဲ့ပဲ စိတ်ကူးထဲက ချစ်သူလေး တောင် ဘယ်ရောက်သွားမှန်း မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com

# XVI

လက်ဖက်ရည်ဆိုင်ထဲ ရောက်တော့ တီဗွီဖန်သားပြင်ပေါ်က အင်္ဂလိပ်ပန့်သီချင်း ပုံရိပ်တွေကိုကြည့်ပြီး ဇော်ဇော်က ဦးခေါင်းကို ယမ်းတယ်။

ဒီအချိန်မှာပဲ ဝိတ်တာလေးက ရောက်လာတယ်။

"အစ်ကိုတို့ ဘာသောက်မလဲ"

"လက်ဖက်ရည်ပေါ့ကွာ၊ ကျစိမ့်နှစ်ခွက် ရှယ်"

ဇော်ဇော့် စကားဆုံးတာနဲ့ ဝိတ်တာလေးက တံတွေးအလုံးလိုက် ထွက်အောင်အော်ပြီး လှည့်ထွက်ဖို့ပြင်တယ်။

ဒီမှာတင် ဇော်ဇော်က...

"ဟေ့ကောင် ... ညီလေး၊ သီချင်းက နားငြီးတယ်ကွာ၊ မြန်မာသီချင်းပဲ ဖွင့်ပေးပါလို့၊ ကြိုက်တာဖွင့်လို့ ကောင်တာကို ပြောပေးကွာ"

လို့ ပြောလိုက်တော့ ဝိတ်တာလေးက ခေါင်းကိုကုတ်တယ်။ ပြီးတော့ မျက်လုံးကလေး ပေကလပ် ပေကလပ်နဲ့ ။



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ၊ ဟိုထောင့်က အစ်ကိုကြီးတွေက ဖွင့်ခိုင်းထားတာ"

လို့လည်းပြောရော ငတိက ဆိုင်အတွင်းထောင့်ကို မျက်မှောင်ကြီးကျုံ့ပြီး လှမ်းကြည့်တယ်။

"ဟာ…ကိန်ညောင်မျိုးလင်းနဲ့ ဝက်ပုတ်ဖြူတုတ်ပဲ"

ပါးစပ်က ရေရွတ်ပြီးတာနဲ့ ဝိတ်တာလေးမျက်နှာကို ကြည့်လိုက်ပြီး…

"ရတယ် ညီလေး၊ ပိတ်လိုက် ငါပြောမယ်"

"အာ…တကယ်လားအစ်ကို"

"အေး…တကယ်ပေါ့ကွ"

"ပြီးတာပဲ ကောင်းတယ်၊ နားကိုငြီးလို့…"

ဝိတ်တာလေးက ပြောပြီးတာနဲ့ လှည့်ထွက်သွားတယ်။ ဖော်ဖော့ပုံစံက မသိရင် လမ်းဗိုလ်ကျနေတာပဲ။ ဂိုက်ပေးက ကြမ်းနေတာ။

ဒီအချိန်မှာပဲ သီချင်းပိတ်သံကို ကြားလိုက်ရပါတယ်။ နောက်တဆက်တည်းမှာပဲ…

"ဟာ…ဘာလို့ပိတ်တာလဲ"

ဆိုတဲ့ အသံညောင်နာနာကြီးကိုပါ ဆက်ကြားလိုက်ရတယ်။ ဒီအခါမှာတော့ ဖော်ဖော်က…

"ဟေ့ကောင်…မျိုးလင်း၊ နားငြီးတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



လို့ လှမ်းအော်ပြောတယ်။ ဒီမှာတင် အဲဒီ မြင်းအဲ . . . မိုးလင်း ဆို တဲ့ကောင်က . . .

"ဟေ့ကောင် . . . ငဇော်၊ ငါတို့ကအော်တာကို နား ထောင်နေတာ ကွ၊ အတုတွေကြိုက်တဲ့ကောင် မဟုတ်ဘူး"

"အပိုတွေ ပြောမနေနဲ့၊ မင်းတောင် အခု သူတို့ကို လိုက်တုနေရ တာမို့လား"

ဇော်ဇော့်စကားအဆုံးမှာတော့ တစ်ဖက်ကအသံ တစ်ချက်တိတ် သွားတယ်။ ဒီမှာတင် ဇော်ဇော်က ကျွန်တော့် မျက်နှာကို ကြည့်ပြီး . . .

"အလကားကောင်၊ ဆယ်တန်းလည်းမအောင်၊ သောက်ကျင့် လည်းမကောင်း၊ ဘာအလုပ်မှလည်း မလုပ်ဘဲနဲ့ အဆိုတော်ရူး ရူးနေတာ၊ ပြီးတော့ ဒီကောင်က ခင် . . ."

"ဟေ့ကောင် . . . ငဇော်၊ မင်းကွာ"

ဆိုတဲ့ အသံ ဩောင်နာနာကြီးထွက်ပေါ်လာပါတယ်။

ဒီမှာတင် ဇော်ဇော်က ပြန်လှည့်ပြီး . . .

"မင်းကွာ လုပ်မနေနဲ့ အဲဒါတွေကြောင့် မင်းကို ဟိုက မကြိုက် တာ"

"ဟာ . . . မင်း . . . မင်းငါတို့ကိစ္စကိုသိတယ်ဟုတ်လား"

"သိတာပေါ့ကွ၊ သူငယ်ချင်းပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လုပ်စမ်းပါဦးကွာ၊ဘာတွေပြောလဲလို့"

ဆိုပြီး ငတိက ဘောင်းဘီအပွကြီးနဲ့ခွကြားကို ညာဖက်လက်နဲ့ ဆွဲပြီး ကွတကွတနဲ့လျှောက်လာပါတယ်။

လူကြည့်တော့ ဂီလာနအရိုးပျော့၊ ဖမ်းထားတဲ့ဂိုက်က ဟစ်ဖော့ ဦးထုပ်က အကြီးကြီး၊ အကျီက ပွပွရှည်ရှည်၊ ဒူးနားအထိရောက်နေတယ်။ ဘောင်းဘီကလည်း အောက်ပုံကျနေတာ ဆွဲဆန့်လိုက်ရင် အနည်းဆုံး နှစ်တောင်လောက်ရှိနိုင်တယ်။

ကျွန်တော်တို့ ဝိုင်းအနားကို ရောက်တော့…

"ဟော့…ညီလေး၊ ရော့…ဒီက လက်ဖက်ရည်ဝိုင်းအတွက် ရှင်းမယ်"

ဆိုပြီး တစ်သောင်တန်တစ်ရွက်ကို ပိုက်ဆံအိတ်ထဲကနေ ရှပ်ခနဲ ဆွဲထုတ်ပြီး ပေးလိုက်ပါတယ်။ ဒီမှာတင် ဖော်ဖော်က ပေါက်စီတစ်လုံးကို ကောက်ဝါးလိုက်ပါတယ်။

ဆိုတော့ကာကျွန်တော်လည်းဘယ်ခေပါမလဲ။ ပန်းကန် ထဲမှာ ကျန်နေတဲ့ ပေါက်စီတစ်လုံးကို ကောက်တီးလိုက်တာပေါ့။

ဒီအခါမှာတော့ ငတိက အရှုံးမပျက်တဲ့ မျက်နှာ ပေးနဲ့ပွဲဝင်ထိုင်ပါ တယ်။

"ဟေ့ကောင်…ဖော်ဖော်ပြောကွာ၊ ငါ့ကို မင်းသူငယ်ချင်း ငါ့အချစ်လေးက ဘာတွေပြောလဲဟင်…အဟီး"



www.burmeseclassic.com

www.burmeseclassic.com



ဒီလူကြည့်ရတာ မိန်းမကိစ္စနဲ့ပတ်သက်ရင် တော်တော်ကြီးမျက်နှာရှုးထမယ့်ပုံ။ အနေအထားက....

ကိုယ့်ကိစ္စလေးရှိလို့ တိုင်ပင်ရမလား အောက်မေ့ပါတယ်။ အခုတော့ ဒီဇယ်အကြောင်း၊ ဓါတ်ဆီအကြောင်း ပြောမယ်ဆိုကာမှ ကြက်ဆူအဲ ..... ရွှေအကြောင်း ငွေအကြောင်းပြောမယ်ဆိုကာမှာ အိုးတိုက်ဖွဲပြသည်က ရှုပ်နေလေပြီ။

ကြည့်လေ။

အခုလည်းအသာ နည်းတဲ့ ပိန်ခွက်ခွက်မျက်နှာပေါ်မှာ တဏှာရှုးတို့ရဲ့ကျန်အင်လက္ခဏာအပြည့်ကို တင်ပြီး ညောင်နာနာ လေသံနဲ့...

"ဟော့ကောင်...ဖော်ဖော်ပြောလေကွာ၊ ငါ့ကိုအချစ်လေးက ဘာပြောလဲလို့"

လို့ မေးတော့ ဖော်ဖော်က...

"မင်းအနေနဲ့ဖြစ်လာနိုင်စရာ လုံးဝမရှိတဲ့ဂီတရှုးကို စွန့်လွှတ်ပြီး မိဘတွေရဲ့စီးပွားရေးလုပ်ငန်းဖြစ်တဲ့ အခေါင်းရောင်းဝယ်ရေးလုပ်ငန်းကို ဦးစီးဆောင်ရွက်မက်ဆိုရင် စဉ်းစားပေးမယ်တဲ့"

"ဟာ...အဲ...အဲဒီလိုပြောတယ်ဟုတ်လား"

"အေး"

"ဒီလိုဒီလိုဆိုရင်လည်းငါ...ငါ...စဉ်းစားပါ့မယ်ကွာ၊ ဒါနဲ့မင်းပြောကာအသေအချာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…သေချာတာပေါ့၊ ဟာ…တိုက်ဆိုင်လိုက်တာကွာ။ ငါပြော တာ မယုံရင်မင်းကိုယ်တိုင် မေးကြည့်၊ ဟော…ဟိုမှာ လာနေပြီ"

ဇော်ဇော့်စကားကြောင့် ကျွန်တော်ပါ ယောင်ရမ်းပြီး လှည့်ကြည့် မိလိုက်တယ်။

ဒီအခါမှာတော့ သက်သက်ဝေနဲ့ ခင်မေဦးတို့ကို ကျွန်တော် တွေ့ လိုက်ရတယ်။

ဆိုတော့ကာ…

ရင်ထဲမှာ ရှိန်းခနဲ ဖိန်းခနဲ ။

"ဟေ့ကောင် …ဇော်…ဇော်ဇော်"

ကျွန်တော် အခေါ်ကြောင့် ဇော်ဇော်ငဲ့ကြည့်တယ် ။ ဒါကြောင့်…

"ဟေ့ကောင်…ဟိုမှာ သက်သက်ဝေတို့ ခင်…ခင်မေဦး တို့ လာ နေတယ်ကွ…ဟာ"

"အေးလေ…ငါသိတယ်။ ဒါကြောင့် ဒီကောင် မျိုးလင်းကို ပြနေ တာပေါ့"

"ဘာ"

ကျွန်တော်အနည်းငယ်အံ့သြသွားတယ်။ပြီးတော့အာသသီသတစ်ခု ကလည်းရင်ထဲကို ချက်ချင်း ချဉ်းနင်းဝင်ရောက်လာတယ်။ ဒါကြောင့် ချက် ချင်းပဲ….

"ဇော်ဇော်…ဒီက သူငယ်ချင်းပြောတဲ့ ချစ်သူဆိုတာ ဘယ်…



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲ"

ကျွန်တော့်အမေးကို ဖော်ဖော်က လှည့်မကြည့်ဘဲ ရယ်ကျဲကျဲနဲ့ပင်...

"ခင်မေဦး"

"ဘာ"

ကျွန်တော့်အသံ တော်တော်ကြီး ကျယ်လောင်သွားတယ်ထင့်။ ထိုင်နေရာကနေလည်း ဝုန်းခနဲ ထရပ်မိသွားတယ်။

ဝေတီနှစ်ကောင်ကတော့ ကြောင်တောင်တောင် အမ်းတမ်းတမ်းကြီးတွေနဲ့ မော့ကြည့်ကြတယ်။

ကျွန်တော့်ရင်ထဲမှာ မျှော်လင့်ခြင်းတို့အလဲလဲ အပြိုပြိုပမာ။ ဝုန်းဒိုင်းညံစီနေသလား။

ဆိုင်ထဲကနေ ပြေးထွက်လာခဲ့လိုက်တယ်။

"ဟာ...ဟေ့ကောင်...တင်မောင်...ဟာ"

ကျွန်တော် လှည့်လို့ပင် မကြည့်ချင်တော့။

လမ်းသွယ်ထဲကနေ ထွက်လာနေတဲ့ ချစ်ရသူ ခင်မေဦး၊ ကျွန်တော့်ကို မြင်မမြင်ဆိုတာ...။



www.burmeseclassic.com

www.burmeseclassic.com





ကြောက်မက်ဖွယ်

ညနေခင်းတွေဆီက

ပန်းဦးမခြွေရသေးတဲ့

မင်းရဲ့အနမ်းကို

ကမ်းပ. . .။

ညင်သာစွာ

သေဆုံးခြင်းဂီတကို

ငါကိုယ်တိုင်သီကျူးခဲ့မယ်။

(အချစ်၊ အသံတူအရောင်များမှ)

အောင်ဘညို



www.burmeseclassic.com

www.burmeseclassic.com

# XVII

"တင်မောင် ...တင်မောင်"

အိမ်ပေါ်ရောက်ပြီးလို့ ဘာမှမကြာသေးဘူး။ အိမ်ရှေ့ကနေ လှမ်းခေါ်သံကြောင့် ငိုင်တွေနေတဲ့ ခေါင်းဟာမတ်ခနဲ ထောင်လာမိတယ်။

အသံက ခင်မေဦးအသံ။

ကျွန်တော် လေးကန်စွာနဲ့ ဆင်းလာခဲ့လိုက်တယ်။ အိမ်ရှေ့ရောက်တော့ လေပြည်အေးက တစ်ချက်ဝှေ့လိုက်ပေမယ့် မျက်နှာကလွဲလို့ ရင်ထဲကို အေးမြမသွားစေပါ။

ကျွန်တော် ခင်မေဦးကို မရဲတရဲ နဲ့ကြည့်မိလိုက်တယ်။

သူမကမျက်စောင်းလေးခဲပြီးကြည့်နေတယ်။ သက်သက်ဝေကတော့ပြုံးတုံ့တုံ့အမူအရာနဲ့။ ဖော်ဖော်ကတော့ လက်ပိုက်ပြီး မဲ့ချာနှိုင်းရက်နေရင်း လမ်းမကို ဟိုကြည့်ဒီကြည့်နဲ့ လုပ်နေတယ်။

ကျွန်တော် အုတ်ခုံပေါ်မှာ ထိုင်ချလိုက်တယ်။

ခင်မေဦးကလည်း အနားမှာလာပြီး ကပ်ထိုင်တယ်။ သက်သက်ဝေကတော့ ဖော်ဖော်အနား လျှောက်သွားတယ်။

ကျွန်တော့်ရင်ထဲမှာတော့ မျိုးလင်း ဆိုတဲ့ကောင်ရဲ့မျက်နှာကမီးကောက်မီးလျှံဘွေနဲ့ရှိနေတဲ့အလား။

www.burmeseclassic.com



"တင်မောင်"

ခင်မေဦးက လေသံညင်းညင်းဖွဖွလေးနဲ့ ခေါ်တယ်။

ကျွန်တော်ငုံ့ကြည့်မိလိုက်တယ်။ ကြည့်စမ်း ချစ်သူရဲ့မျက်ဝန်းမှာ အရည်လေးတွေ လဲ့စိုနေလို့၊ ပါးပြင်မှာလည်း ရှက်သွေးလေးတွေဖြာလို့။

ချစ်သူ . . . နင် . . . သိပ်ပြီးချစ်ဖို့ကောင်းနေတယ်ဟာ။

"ဟဲ့ ... တင်မောင်"

"အင်"

ချစ်သူရဲ့ ခေါ်သံကျယ်ကျယ်ကြောင့် စီးမျောနေတဲ့ အတွေးတွေ အားလုံးပျောက်ရှ။

"ဒါ ... ဘာလဲဟ"

"ဘာလဲဟာ မလုပ်နဲ့၊ နင်ဘာလို့ ထပြန်သွားရတာလဲ"

လေပြည်က ညက်ညက်လေး ဝှေ့ခတ်နေတယ်။

ကျွန်တော် ဘာပြန်ပြောရမလဲ။

ချစ်သူကို ကြည့်လိုက်တော့လည်း ဘဝင်မကျတဲ့ မျက်နှာပေးနဲ့ နှုတ်ခမ်း စူချင်နေ . . . ယ်။

"ငါ....ငါ...ဒီကောင့်ကို ကြည့်မရတော့ဘူးဟ"

"ဘယ်ကောင်လဲ"

"ဟိုကောင် မျိုးလင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...အဂ္ဂါတ်...ဟတ်"

ချစ်သူရယ်သံက ရက်ဝဲဝဲအငွေ့တွေ ရောထွေးနေတယ်။ ဒီအချိန်မှာပဲ ချစ်သူက ထိုင်နေရာကနေ ထရပ်လိုက်တယ်။ ပြီးတော့ ကျွန်တော့်မျက်နှာကို ရွှန်းရွှန်းဝေဝေလေးနဲ့ စိုက်ကြည့်တယ်။

"တင်မောင်...ရာဇဝင်ထဲမှာ သီတာဒေဝီ တကယ်ချစ်တာ ဘယ်သူ့ကိုလဲ သိလား"

ကျွန်တော် အထူးတလည် မစဉ်းစားလိုက်ပါဘူး။

"ရာမ"

"မှန်တယ် တင်မောင်၊ နင်က ဒဿဂီရိ တော့ မဟုတ်ပါဘူး၊ ကဲ ..ငါသွားမယ်"

ချစ်သူက ပြောပြီးလှည့်ထွက်သွားတယ်။ ပြီးတော့ ဇော်ဇော်နဲ့ သက်သက်ဝေတို့ကိုပါခေါ်သွားတယ်ထင့်။ ကပ်လိုက်ပြီး ပါသွားကြတယ်။

ကျွန်တော် ချစ်သူကျောပြင်ကို ငေးရီကြည့်နေမိလို့ ။

ချစ်သူပြောသွားတဲ့ စကားလုံးတွေရဲ့ အဓိပ္ပါယ်အရ ဆိုရင်တော့ ကျွန်တော့်အတွက် အနေအထားက ...။

လေပြည်လေးတွေ မြူးပျော်စွာနဲ့ ခတ်ဝှေ့နေကြသည့်အလား..။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းမှု သမုဒ်ပြင်ကျယ်
ကိုယ်ရှေ့မှာပြန့်ကျက်နေတယ်။
ပဲ့ကိုင်သူရေ...
ကိုယ့်ကိုရေချရာသို့တော့လေ။
သင့်ရဲ့လက်မောင်းများအတွင်းပွေ့ယူ
ကိုယ့်ရဲ့ထာဝရအဖော်ဖြစ်လှည့်ပါ။
သံသရာလမ်းမကို
ရှုဝံကြယ်က ထွန်းညှိပေးပါလိမ့်။

**TAGORE**



www.burmeseclassic.com

www.burmeseclassic.com

XVIII

ရာမယဝဏ္ဏဇာတ်ကြီးထဲမှာကတော့သီတာဒေဝီတကယ်မေတ္တာသက်ဝင်ခဲ့တာ ရာမမင်းသားကိုပင်။ ရာမမင်းသားကလည်းသီတာဒေဝီမင်းသမီးကို မေတ္တာသက်ဝင်ခဲ့တယ်။ ဒါပေမယ့်အချစ်ကြီးချစ်တဲ့ ဒ သဿဂီရိဘုရင်က သီတာဒေဝီမင်းသမီးကို အဆုံးရှုံးမခံလိုတာကြောင့် သူ့ရဲ့လက်ဘဒီပတိုင်းပြည်ကို အတင်းအဓမ္မ ခေါ်ဆောင်သွားခဲ့တယ်။

မနိုင်းကောင်း နှိုင်းကောင်းပါပဲလေ။ ကျွန်တော်နဲ့ချစ်ရသူခင်မေဦးတို့ရဲ့မေတ္တာဇာတ်လမ်းမှာလည်း ခင်မေဦးကသာ သီတာဒေဝီဆိုလျှင် ကျွန်တော်ကကျိန်းသေရာမမင်းသားပေါ့။ ဒီအတွက် ဒသဿဂီရိလောက် ပြင်းထန်ခြင်းမရှိတဲ့ ဟိုကောင် ပိန်ညှောင်မျိုးလင်းကို ထူးထူးထွေထွေဂရုစိုက်နေစရာမလို။

ဒီအတွက် ကျွန်တော်နဲ့ချစ်ရသူခင်မေဦးတို့ရဲ့မေတ္တာခရီးလမ်းမှာရှိနေတဲ့ ခလုတ်ကန်သင်းဟာ ပါးလွှားလေးပေါ့။ ဒါကြောင့် ကျွန်တော်ချစ်



www.burmeseclassic.com

www.burmeseclassic.com



ရသူကို ဖွင့်ပြောဖို့ အလောတကြီး တာမဆူခဲ့။

အဓိကကတော့ပညာရေးကြောင့်ပင်။ ကျွန်တော့်ကြောင့် သူမရဲ့ ပညာရေးကို လုံးဝမထိခိုက်လိုခဲ့။

မကြာခင်မှာ စာမေးပွဲကြီးလည်း ဖြေဆိုရတော့မယ်။ စာမေးပွဲကြီး ဖြေဆိုပြီးခဲ့ရင်တော့ ကျွန်တော့်ရင်ထဲက "ချစ်ပါတယ်" ဆိုတဲ့ အနက်ရှိုင်းဆုံးစကားလုံးကို ချစ်သူရင်ထဲ အရောက်ပို့ပေးလိုက်မယ်။ အခုတော့..မျှော်လင့်ခြင်း မျက်ဝန်းလေးတွေကို ထုဆစ်ပိုင်ဆိုင်ထားတဲ့ ချစ် သူရေ။ ငါ့ကို နားလည်ပေးထားပါဦးလေ။

အတွေးတွေနဲ့ လျှောက်လှမ်းလာနေတုန်းစာသင်ခန်းအဝကို အရောက်မှာတော့ အပေါက်ဝမှာရပ်နေတဲ့ ခင်ချိုအေးက ရုတ်တရက်ညာဖက်မျက်လုံးကို လက်နဲ့ပွတ်ပြီး...

"အား...အမှိုက်..အမှိုက်"

လို့ပြောပြီး ဦးခေါင်းလေး ငုံ့သွားပါတယ်။ ဆိုတော့ကာ...

ကျွန်တော်လည်းခပ်သွက်သွက်နဲ့ပင် ခင်ချိုအေးမျက်နှာကို လက်နဲ့ကိုင်ပြီး မော့ပစ်လိုက်တယ်။ ပြီးတာနဲ့ မျက်ဝန်းကိုပွတ်နေတဲ့သူမရဲ့လက်ကိုဖယ်ထုတ်လိုက်ပြီးအမှိုက်ဝင်နေတဲ့မျက်ဝန်းတစ်ဖက်ကိုလက်နဲ့ဖြဲကြည့်လိုက်ပါတယ်။ ဟုတ်ပါတယ်။ ခင်ချိုအေးရဲ့မျက်ဝန်းအိမ်ထဲမှာတော့ ထောင့်ကပ်နေတဲ့ မည်းမည်းအဖတ်လေး။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...တွေ့ပြီ၊မည်းမည်းအဖတ်လေး ခင်ချိုအေး ငြိမ်ငြိမ်လေး နေနော်၊ ငါမှုတ်ပေးမယ်"

"အေး...ငြိမ်နေမယ်၊ နင်မြန်မြန်မှုတ်ဟာ"

ခင်ချိုအေးက ပြောပြီးတာနဲ့ ဦးခေါင်းလေးကို မော့ပေးထားတယ်

ကျွန်တော်လည်း သူမမျက်ခွံအိမ်ကို လက်နဲ့ဖြဲထားပြီးရင်းကနေ ပါးစပ်ထဲက လေနဲ့အားပါပါလေး မှုတ်ထည့်လိုက်တယ်။

"အ"

ကျွန်တော့် မှုတ်သံနဲ့အတူ သူမအော်သံ တပြိုင်နက်တည်းလိုလို ထွက်သွားတယ်။ ဒါကြောင့် သူမ မျက်ခွံထဲကို သေသေချာချာကြည့်မိလိုက်တယ်။ အမှိုက်စလေးမရှိတော့။

"ကဲ...ထွက်သွားပြီ"

ကျွန်တော် ပြောပြောဆိုဆိုနှင့်ပင်၊ ခင်ချိုအေး မျက်နှာလေးကို ကိုင်ထားရာကနေ လွှတ်ပေးလိုက်တယ်။

ခင်ချိုအေးက ဦးခေါင်းလေးကို စောင်းပြီး မျက်ခွံကို ပုတ်ခတ်ပုတ်ခတ်နဲ့လုပ်တယ်။ အဲဒီလို လုပ်နေရင်းကနေ...

"ဟဲ့...တင်မောင်၊ နင့်ဟာက ထွက်သွားတာသေချာတယ်နော်"

"ဩော်...သေချာလား၊ မသေချာလားဆိုတာ နင်အခုကောင်းသွားပြီမို့လား"

"အေးဟ...ကောင်းသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူမက မျက်ဝန်းနှစ်ဖက်ကို ပုတ်ခတ်ပုတ်ခတ်လုပ်နေရင်းကပင် ကျွန်တော့်မျက်နှာကို စိုက်ကြည့်တယ်။ ကျွန်တော်ပြုံးပြလိုက်ပါတယ်။ ဒီမှာတင် သူမက.....

"ကျေးဇူးပဲဟာ"

"ရပါတယ်ဟာ"

ကျွန်တော်ပြောပြီးတာနဲ့ ချစ်သူကို ရှာဖွေကြည့်မိလိုက်တယ်။ ချစ်သူက အနားမှာမရှိတော့ဒါကြောင့်အတန်းထဲကိုလှမ်းကြည့်မိလိုက်တော့ စာသင်ခုံကြားမှာ ထိုင်ရင်း မျက်နှာတစ်ပြင်လုံးဖရိုဖရဲဖြစ်နေတဲ့ ချစ်သူကိုတွေ့လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ပါလိမ့်။

ပစ္စုပ္ပန်ရဲ့ဟိုတစ်ဖက်မှာ

လျှို့ဝှက်မှုလည်းမရှိ

မဖြစ်နိုင်တာကို

ကြိုးပမ်းတာလည်းမပါ

နှစ်လိုမှုရဲ့နောက်ကွယ်မှာ

အရိပ်လည်းမထင်

မမြင်ရတဲ့ မှောင်ထုထဲမှာ

စမ်းတဝါးဝါးရှာနေတာမျိုးလည်းမရှိ။

စကားလုံးတွေက သွေဖယ်ပြီး

တုံဂကိုဘာဝေလည်း မနေခဲ့ကြဘူး။

မျှော်လင့်စရာမရှိတဲ့အရာတွေကိုလည်း

လက်ဖြန့်မတောင်းခဲ့ကြဘူး။

မင်းနဲ့ကိုယ်တို့ရဲ့အချစ်ဟာ

တေးတစ်ပုဒ်လို ရိုးစင်းလှပါတယ်။

TAGORE



www.burmeseclassic.com

www.burmeseclassic.com

# XIX

ထုံးစံအတိုင်းကျောင်းဝင်းထဲကိုလှမ်းဝင်လိုက်တော့မိုးငွေ့ယှက်တဲ့လေပြည်အေးတစ်ချက်နဲ့အတူ...

"တင်မောင်"

ဆိုတဲ့အသံနုနုကိုကြားလိုက်ရတယ်။ လှည့်ကြည့်မိလိုက်တော့မခင်လေးကြည်။

"ဪ..မ..အဲ..အစ်မ"

မမက ကျွန်တော့်ကိုနွေးမြစွာလေးနဲ့ပြုံးပြတယ်။ ဒီအခါမှာတော့ကျွန်တော့်ခြေထောက်တစ်စုံကမမရှိရာဆီကိုလျှောက်လှမ်းသွားမိလိုက်တယ်။ အနားရောက်တော့....

"မနက်ဖြန် ကျောင်းပိတ်ရက်နော်၊ အဲဒါအားရင် တို့ ဆိုင်လိုက်လာလည်လှည့်လေ၊ ရော့...လိပ်စာကဒ်"



www.burmeseclassic.com

www.burmeseclassic.com



မမက ရွှေအိုရောင် လိမ်စာကဒ်လေးကို ပြောပြောဆိုဆိုနဲ့ထိုးပေးတယ်။ ကျွန်တော် ယူလိုက်ပါတယ်။

"သြော် ... တင်မောင်"

"ဗျာ"

"တစ်ယောက်တည်းပဲလာနော်"

"ဗျာ...သြော်....ဟုတ်ကဲ့"

"ကဲ...တို့သွားပြီးနော်၊ မျှော်နေမယ်"

မမကပြောပြီးတာနဲ့ချာခနဲလှည့်ထွက်သွားတယ်။ ကျွန်တော့်မှာတော့ လိပ်စာကဒ်လေးကိုင်ထားမိပြီးတဒင်္ဂတွေဝေသွားတယ်။

နောက်ကို ပြန်လှည့်ကြည့်မိလိုက်တော့ ဟိုသုံးယောက်က ရပ်စောင့်နေကြလို့။ ကျွန်တော် လိပ်စာကဒ်လေးကို အိတ်ထဲထည့်ပြီး သူတို့ဆီကိုပြန်လျှောက်လာတယ်။

အဲဒီလို လျှောက်လာရင်းကနေ ချစ်သူမျက်နှာကို ကြည့်မိလိုက်တော့ မိုးနှောင်းကောင်းကင် မျက်နှာကြက်နဲ့အပြိုင်အုံ့မှိုင်းနေလို့။

ဒီအချိန်မှာတိုက်ခတ်လိုက်တဲ့ လေပြည်က ခပ်ပြင်းပြင်းနဲ့ရယ်။

ကျွန်တော် တွေးမိလိုက်ပါတယ်။

မုန်တိုင်းတော့...မလာဘူးဆိုတာ ...။



www.burmeseclassic.com

www.burmeseclassic.com

XX

"အမှန်တော့ မင်းမသွားသင့်ဘူး တင်မောင်"

ဇော်ဇော့်စကားကြောင့် ကျွန်တော် နားမလည်မိ။

ရှင်းရှင်းပြောရရင် ကျွန်တော် မမဆီကို သွားတွေ့ခဲ့တယ်။ ပြန်လာတော့ဇော်ဇော်ကို သူ့ခြံထဲက ဒန်းပေါ်မှာတွေ့လိုက်ရတာကြောင့်ဝင်ပြီး စကားပြောဖြစ်လိုက်တယ်။ ဒီမှာတင် သူ့ဆီကဒီစကားထွက်လာခဲ့တယ်။

"ဇော်ဇော်...ငါတို့က ရိုးသားတယ်နော်"

"ငါ မင်းကို မရိုးသားဘူးလို့ ပြောတာမဟုတ်ဘူး၊ မင်း အနားမှာ ခင်မေဦးရှိလာတော့မှာပဲဟာ၊ အခုလို ကိစ္စမျိုးကို ဆင်ခြင်သင့်တယ်။ ငါ ပြောချင်တာ အဲဒါ"

ဇော်ဇော့်စကားဟာ ကျွန်တော်နဲ့ခင်မေဦးတို့ရဲ့အနာဂတ်ကို ထောက်ကူမှုရှိမရှိဆိုတာ ကျွန်တော် အတိအကျ မဝေခွဲနိုင်။



www.burmeseclassic.com

www.burmeseclassic.com



သေချာတာကတော့ ကျွန်တော် ခင်မေဦးကို တကယ်ချစ်နေတယ်။ မမကို ကိုယ့်အစ်မတစ်ယောက်လို သံယောဇဉ်ထက် လုံးဝမပို။ ဒါကို ကျွန်တော် ကောင်းကောင်းကြီးသိတယ်။

"ဇော်...ဇော်"

"ပြော"

"ဟော့ကောင်...တကယ်တော့ မခင်လေးကြည်က အိမ်ထောင်နဲ့ကွ"

"ဘာ"

"ဟုတ်တယ်၊ ကလေးက ယောကျ်ားလေးကွ၊ နှစ်နှစ်တောင်ကျော်နေပြီ"

"ဟာ...တကယ်"

"တကယ်ပေ့ါ၊ အခု မခင်လေးကြည်က မုဆိုးမကွ"

"ဟာ"

"ဟုတ်တယ်၊ သူ့ယောကျ်ားကနံပါတ်ဖိုးနဲ့ရှော့ရသွားတာလို့ပြောတယ်။ သူ့ရဲ့အသိမကြွယ်သေးတဲ့အချိန်တုန်းက အချစ်ကိုယုံစားကိုးကွယ်မိလို့ အခုလိုဖြစ်ခဲ့ရတာတဲ့။ ငါ့ကိုလည်းရိုးရိုးသားသားပဲခင်တာပါတဲ့။ ငါလည်း ခင်မေဦးနဲ့ကိစ္စကိုပြောပြခဲ့ပါတယ်။ သနားပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားဆုံးတော့ ဖော်ဖော်ပါးစပ်အဟောင်းသားကြီးနဲ့ ငေးရီနေတယ်။ တော်တော်လေးကြာတော့ ကျွန်တော့်မျက်နှာကို စိုက်ကြည့်တယ်။ပြီးတော့…

"အေးကွာ…ထင်တောင် မထင်ထားဘူး၊ ဘာပဲဖြစ်ဖြစ်လေ၊ မင်းတို့ရဲ့ခင်မင်မှုကို ငါယုံကြည်ပါတယ်။ ဒါပေမယ့် အနေအထိုင်တော့ ဆင်ခြင်ပေါ့ကွာ။ မဟုတ်ရင် မင်းတို့သုံးယောက်စလုံးရဲ့သိက္ခာတွေကို ထိခိုက်လာနိုင်တယ်"

ကျွန်တော် ဘာဆက်ပြောရပါ့မလဲ။ သူပြောတဲ့စကားလုံးတွေထဲမှာ ကျွန်တော် ဘာသာပြန်လို့မရတဲ့စကားလုံးတွေပါနေသေးတာတော့ အမှန်။



www.burmeseclassic.com

www.burmeseclassic.com

XXI

စာမေးပွဲဖြေတဲ့ အခန်းထဲကနေ လွတ်လပ်ပေါ့ပါးစွာနဲ့တောက်လျှောက်ပြေးထွက် လာခဲ့လိုက်တယ်။ ခပ်လှမ်းလှမ်း က မလေးရှား ပိတောက်ပင်ကြီးအောက်နားမှာ ရပ်စောင့်နေကြတဲ့ ချစ်သူတို့ကို တွေ့တော့ကျွန်တော်ကြည်နူးလှိုက်လှဲစွာနဲ့လှမ်းအော်လိုက်တယ်။

"ဟေး"

ကျွန်တော့်ကိုမြင်တော့ချစ်သူကလည်းပြန်အော်ပြီးနှုတ်ဆက်တယ်။ ကျွန်တော်ဆက်ပြီး ပြေးသွားလိုက်တယ်။

အနားရောက်တော့ ....

"ဖြေနိုင်လား တင်မောင်"

ချစ်သူက ဦးစွာမေးတယ်။

"ခက်ခဲတာမှတ်လို့"

ကျွန်တော့်စကားအဆုံးမှာဝိုင်းပြီး ညာသံပေးပျော်ရွှင်ကြတယ်။

"ဟေး"

"ဟား"

"ဝူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ရဲ့အသံတွေဟာ ဆောင်းရာသီရဲ့လေပြည်နဲ့အတူ ဝန်းကျင်လေးမှာ လွင့်မျောနေကြလို့ ။

နောက်တော့ ချစ်သူ၊ ဇော်ဇော်၊ သက်သက်ဝေနဲ့ကျွန်တော့်တို့ ခင်ရှိုအေး၊မျိုးမျိုးကျော်နဲ့ဝေလွင်မြင့်တို့ကို အပြန်အလှန်နှုတ်ဆက်ကြပြီး ဖယ်ရီကားရှိရာကို လျှောက်လာခဲ့ကြတယ်။

ဒီလိုနဲ့…

ဖယ်ရီကားကြီးအနားကိုရောက်တော့ ကျောင်းတော်ကြီးကိုအားလုံးဝိုင်းပြီး ငေးကြည့်မိကြတယ်။

"အို…မိခင်ကျောင်းတော်ကြီးရေ၊ ကျွန်တော်တို့ကို ခဏခွဲခွာ ခွင့်ပြုပါခင်ဗျာ"

ကျွန်တော်ရဲ့ပြောဆိုမှုမှာ ပျော်ရွှင်သံ အနည်းငယ် စွက်ဖက်ပေမယ့် ဘယ်သူမှမရယ်မောမိကြ။

နောက်တော့ လေးလံနေချင်သော ခြေလှမ်းတွေက ဖယ်ရီကား ပေါ်သို့ မတက်ချင်သလို တက်ချင်သလိုလိုကြီးရယ်နဲ့။



www.burmeseclassic.com

www.burmeseclassic.com

XXI

ကားပေါ်ရောက်တော့ ဖော်ဖော်က သက်သက်ဝေအနားမှာ ကပ်ထိုင်တယ်။ ကျွန်တော်ကတော့ ချစ်သူအနားမှာ ကပ်ထိုင်တယ်။

ကားပေါ်မှာရှိတဲ့လူတွေအားလုံးကတော့ မွန်းကျပ်နေခဲ့မှုတွေကနေ ရုန်းထွက်လာခဲ့ရသူပီပီလွတ်လပ်ကျယ်လောင်တဲ့ စကားတွေ ပလူပျံအောင် ထုတ်လွှတ်နေကြလို့။

ကားကြီးကလည်း တရိပ်ရိပ်နဲ့ ပြေးနေလို့။

ချစ်သူမျက်နှာကို ငဲ့ကြည့်မိလိုက်တော့ နားထင်စပ်က ဆံနွယ်အိအိလေးတွေကို လက်ကလေးနဲ့ သပ်သပ်တင်နေလို့။

"ခင်မေဦး"

ကျွန်တော်ခေါ်မိလိုက်တယ်။ ချစ်သူငဲ့ကြည့်တယ်။ မျက်ဝန်းလေးတွေမှာ ဝေဆာနေလို့။



www.burmeseclassic.com

www.burmeseclassic.com



"ဒီည ခုနစ်နာရီမှာ ကျိုက်ဝိုင်းဘုရားက တနင်္လာထောင့် မှာ ဆုံမယ်၊ အဲဒီမှာ ငါ မတရားအရေးကြီးတဲ့စကားကို ဘုရားမှာတိုင်တည်ပြီး ပြောမယ်။လာခဲ့နော်"

ချစ်သူက ဝေဝေလွှင်လွှင်လေးနဲ့ပြုံးတယ်။ ပြီးတော့ ဦးခေါင်းလေးကို ဆတ်ခနဲ တစ်ချက်ညိတ်ပြတယ်။

ပြီးပြီ။

ကျွန်တော် ယုံကြည်ပါတယ်။

ကျွန်တော်တို့နှစ်ယောက်ရဲ့အနေအထားက ရွှေသားအတိပြီး နေတယ်ဆိုတာ။

ပြတင်းပေါက်ကနေ တိုးဝင်နေတဲ့ လေတွေက အရှိန်ပြင်းနေလို့ ထင့်။ ချစ်သူက မှန်တံခါးကို ဆွဲပိတ်လိုက်တယ်...။



www.burmeseclassic.com

www.burmeseclassic.com

XXII

ချစ်ရ မြတ်နိုးရသူကို ချစ်တဲ့ မြတ်နိုးတဲ့အကြောင်း ဖွင့်ပြော ပြဖို့အတွက် ရင်မခုန်ရတဲ့လူ ဒီဇမ္ဗူမှာ ရှိအံ့မထင်ပါဘူး ချစ်သူ။ ဒါကြောင့် ကြိုတင်လှိုက်မောနေရတဲ့ ရင်ခုန်သံ တစ်ထွေးတစ်ပွေ့တွေနဲ့ငါ နင့် ဆီကို လာနေပြီချစ်သူ။

ကြည့်စမ်းဆောင်းနှောင်းလေပြည်လေးတွေကလည်း အေးမြ နေလိုက်တာ။ လမင်းကြီးကလည်း ကြည်ပြာရောင်ကောင်းကင်မျက်နှာ ကြက်မှာ သာယာတင့်တယ်နေလို့။

ငါလာပြီ ငါလာပြီ ချစ်သူရေ။

"ဟဲ့...အို"

ဆိုတဲ့အသံပြာပြာလေးနဲ့အတူ ရှေ့တည့်တည့် စက်ဘီးပေါ်က မိန်းကလေးတစ်ယောက်ဆင်းလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…သက်သက်ဝေ"

"ဟုတ်တယ်၊ အမလေးဘာတွေများ တွေးနေလဲမသိဘူး၊ တစ်ခါတည်း"

သက်သက်ဝေက စက်ဘီးပေါ်ကနေ ဆင်းပြီး ပွစိပွစိနဲ့ ပြောတယ်။

"အေးဟာ…ငါအတွေးတွေလွန်နေတယ်အပေါ်"

"ဟွန်း…ဖြစ်ရမယ်၊ ဒါနဲ့ နင်က ကျိုက်ပိုင်းဘုရားကို သွားမလို့လား"

"အေး…နင်ကရော"

"ငါက ဟိုဇက်လမ်းထိပ်က ငါ့အမျိုးအိမ်ကို ခဏသွားမလို့"

"သြော်…အေး…သွားသွား၊ငါလည်း သွားတော့မယ်၊ နောက်ကျနေမှာစိုးလို့ဟာ"

"ဟွန်း…မပြောလိုက်ချင်ဘူး"

"ဒါပေါ့ဟာ"

ပြောပြီးတာနဲ့ ကျွန်တော်လည်း ခြေလှမ်းကို ဆိုက်ကားဂိတ်ရှိရာဆီ သုတ်ခြေတင်လိုက်တယ်။ ဒီလိုနဲ့ ခပ်လှမ်းလှမ်းရောက်တော့…

"ဟဲ့…တင်မောင်"

သက်သက်ဝေက အသံပြာပြာကြီးနဲ့ လှမ်းခေါ်တယ်။ ကျွန်တော့်ခြေလှမ်းက တုံ့ခနဲဖြစ်သွားတယ်။ ပြီးတော့…



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟ...နင်ကလည်း နောက်ကျမှာစိုးလို့ပါဆို"

ကျွန်တော်က အပြစ်ဖွဲ့တဲ့ လေသံမာမာနဲ့ ပြောမိလိုက်တော့ သက်သက်ဝေက စက်ဘီးကို တွန်းပြီး အနားကို ရောက်လာတယ်။ ကျွန်တော် သူမမျက်နှာကို စိတ်မရှည်စွာနဲ့ စိုက်ကြည့်မိလိုက်တယ်။ သူမ မျက်နှာပေါ်မှာ အပြုံးရိပ်က မရှိမချည်။

"ဟဲ့...ဘာပြောမှာလည်းပြောလေ"

ကျွန်တော်က စူစူအောင့်အောင့် နဲ့ ပြောမိလိုက်တော့ သူမ မျက်နှာလေးဟာ အနည်းငယ် ညှိုးလျှသွားတာကိုလမ်းမီးရောင် မှိန်မှိန်အောက်မှာတွေ့လိုက်ရတယ်။

"ကျွတ်"

ကျွန်တော်က စိတ်မရှည်စွာနဲ့ စုတ်သပ်မိလိုက်တယ်။

ဒီအခါမှာတော့ သူမက....

"ငါ ခပ်စောစောကပဲ ဇော်ဇော်နဲ့ ခင်မေဦးတို့ကိုလမ်းမှာတွေ့ခဲ့တယ်။ ဘယ်လဲလို့ မေးတော့ ကျိုက်ဝိုင်းဘုရားကိုတဲ့ နင့်ကိုလည်း လာခဲ့ဖို့ ခေါ်ထားတယ်တဲ့"

"ဟင်...ဇော် ...ဇော်ဇော်ပါ ပါတယ်"

ကျွန်တော်အံ့သြစွာနဲ့ ပြန်ပြောမိလိုက်တော့ သူမက မျက်နှာကို တစ်ဖက်လွှဲသွားတယ်။ ပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘာသွားလုပ်မှာလဲဟာ"

လို့ လှည့်မကြည့်ဘဲနဲ့ အသံတိုးဖျော့ ဖျော့လေးနဲ့ ပြောတယ်။ ဒီတော့ ကျွန်တော်က အမှန်အတိုင်းပြောပြဖို့ စဉ်းစားမိလိုက်ပါသေးတယ်။ ဒါပေမယ့် မပြောချင်ဘူး ဖြစ်နေတယ်။

"ကဲပါဟာ...နင်နောက်တော့ သိရမှာပေါ့၊ ငါသွားတော့မယ်ဟာ"

"ဟဲ့...နေအုံး"

သူမ ကဖွတ်တားနေတာကြောင့် ကျွန်တော့်မှာစိတ်မရှည်စွာနဲ့ပဲ့...။

"ကဲ . . ပြောစရာရှိတာကို မြန်မြန်ပြောပါဟာ ၊ငါနောက်ကျနေလိမ့်မယ်"

"ဟွန်း..နောက်ကျတော့ကောဘာဖြစ်လဲ၊နင်မလာလည်းဟိုက အရေးမဟုတ်ဘူး၊သိလား"

"ဘာ...ဘာ..နင့်စကားက"

"ဟုတ်တယ်လေ၊နင်ပါရင်အနှောင့်အယှက်တောင်ဖြစ်ဦးမယ်"

"ဘာ..အနှောင့်အယှက်၊ သက်သက်ဝေ နင့်စကားက...."

သူမကျွန်တော့်မျက်နှာကို မရိုမချဉ်အပြုံးနဲ့စိုက်ကြည့်တယ်။ ပြီးတော့...

"အေး . . ဟုတ်တယ်၊ နင်ပဲ စဉ်းစားကြည့်လေ၊ သူတို့က ချိတ်နေကြတာကြာပြီဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ...ဘာ..သူတို့က ညက်နေကြတယ်"

"ဟုတ်တယ်...နှစ်လလောက်ရှိပြီ၊နင်မသိဘူးလား"

"ဟင်...နင်...နင်မနောက်နဲ့နော် သက်သက်ဝေ၊ဒါနောက်စရာ မဟုတ်ဘူး"

"ဟင်း...ဟင်း...ဟင်း..ဟင်း"

သူမက ရယ်တယ်။ ကျွန်တော်ကတော့ ရင်ဘတ်ကို မီးတောက် မီးလျှံလာဟပ်သည့်အလား၊ ဒီအချိန်မှာ လေပြင်းက တစ်ချက်ဝေ့တယ်။ အနားမှာရှိတဲ့အုန်းပင်ကြီးက အုန်းရွက်တွေရဲ့အချင်းချင်းပွတ်တိုက်သံက ရှဲခနဲ ရှဲခနဲ။

"ငါပြောတာမယုံရင် နင်ကိုယ်တိုင်မေးကြည့်ပေါ့ တင်မောင် ရယ်"

"အေး..မေးမယ်၊ မေးကို မေးမယ်"

ကျွန်တော် ခန္ဓာကိုယ်ကို ချာခနဲ လှည့်ထွက်လာခဲ့လိုက်တယ်။ ခြေထောက်တစ်စုံက အနည်းငယ် လေးလံနေသယောင်။

ရင်ဘတ်ထဲမှာတော့ ပဟေဠိတွေ ပြည့်နက်နေလေရဲ့။

www.burmeseclassic.com

www.burmeseclassic.com

## XXIII

ဆိုက်ကားခ ပေးပြီးတာနဲ့ စေတီဦးရဲ့ လှေကားတွေပေါ်ကို ဒရော သောပါး ပြေးတက်မိလိုက်တယ်။ လှေကားထစ်တွေက များလွန်းနေသလို ပဲ။ တော်တော်နဲ့ မရောက်နိုင်။ ရင်ထဲက စိုးလာတယ်။ မောလည်း မောပစေ တော့။ မောလာတာကို သိပေမယ့် ဂရုမစိုက်နိုင်။ ခပ်မြန်မြန်ပဲပြေးတက် နေမိတယ်။

ရင်ပြင်တော်ပေါ် ရောက်တာနဲ့ သာယာနေတဲ့ ဆည်းလည်း သံတွေကို ဂရုမစိုက်အား။ တနင်္လာဂြိုလ်တိုင်ရှိရာကို ပြေးသွားမိလိုက် တယ်။

"ဟင်"

ဂြိုလ်တိုင်နဲ့ မျက်နှာချင်းဆိုင်က စောင်းတန်းထဲမှာ သူတို့ကို တွေ့ ပိုက်ရတယ်။ ချစ်သူက တိုင်ကို မှီနွဲ့နေလို့။ ချစ်သူရဲ့ ရှေ့တည့်တည့်မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဖော်ဖော်က ချစ်သူမျက်နှာကို တမေ့တမော စိုက်ကြည့်နေသည့်အလား။

ဖော်ဖော်က ကျွန်တော့်ကို ကျောပေးထားသည့်မို့ ကျွန်တော့်ကို မမြင်သလို ချစ်သူကလည်း ဖော်ဖော့်မျက်နှာကွယ်နေတာကြောင့် ကျွန်တော့်ကိုမမြင်။

တုံ့ဆိုင်းရပ်တန့်နေတဲ့ ကျွန်တော်ခြေလှမ်းတစ်စုံက ရှေ့ဆက်သွားရမလား။ နောက်ပြန်ဆုတ်ရမလား။

လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်မိလိုက်တယ်။

ကျွန်တော်ကြေကွဲနေသည်လား။

ကျွန်တော်ကျေနပ်နေသည်လား။

ကျွန်တော် ရှက်ရွံ့နာကြည်းနေသည်လား။

ဘာကိုမှ တိတိကျကျဝေခွဲ မရတော့။ မြင်ကွင်းက အရာရာမှုန်ဝါးသွားလို့ ။ ဆည်းလည်းသံတို့ကလည်း ချွင်ခနဲ. . .ချွင်ခနဲ ညာသံပေးနေသည့်အလား။

ရုပ်ချည်းပင် ခြေလှမ်းတွေကို နောက်ပြန်လှည့်ပြီး လှေကားထစ်တွေပေါ် ပြေးဆင်းပစ်လိုက်တယ်။ လှေကားထစ်တွေနဲ့ ကျွန်တော်ခြေထောက်ထိသလား၊ မထိဘူးလား၊ ကျန်နေခဲ့တဲ့အရာတွေက ရိပ်ခနဲ... ရိပ်ခနဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် နာကြည်းခြင်းတွေက လျှောင်သံပေး ပြေးလိုက်လာနေလေသလို အကန့်အသတ်မဲ့ သွားတဲ့ မျှော်လင့်ချက်တွေက စိတ်ထဲမှာ တစ်စစီ တစ်စစီ လွင့်ပါးသေဆုံးကုန်လို့။

အဲဒီညက...။

အဲဒီညက...။

အဲဒီညက...။

အဲဒီညက...။

အဲဒီညက...။

အဲဒီညက...။



www.burmeseclassic.com

www.burmeseclassic.com



မင်းပြုံးတယ်
စကားပြောတယ်
ငါယုံခဲ့တယ်။
မင်းစကားလုံးတိုင်း၊အပြုံးတိုင်း
လှည့်ဖြားခဲ့တယ်။
နောက်တစ်ယောက်သာဆိုရင်
နောက်ထပ်မျှော်လင့်မယ်မဟုတ်တော့။
အရင်က မျှော်လင့်ခဲ့တာကိုလည်း
ငါ မျှော်လင့်မယ် မဟုတ်တော့။
ဒီနောက်ဆုံးဆန္ဒလေးကိုတော့
အချည်းအနှီးမဖြစ်ပါစေနဲ့
လှည့်ဖြားပါ...လှည့်ဖြားပါ
တစ်ကြိမ်တစ်ခါလောက်တော့
ငါ့ကို ထပ်လှည့်ဖြားပါဦးကွယ်။

(နောက်ဆုံးဆန္ဒ)
ဝေါလ်တာဆဲဗစ်ဂျ်လန်ဒေါ်

www.burmeseclassic.com

www.burmeseclassic.com

XXIV

ရှစ်နာရီထိုးသည့်အထိ တင်မောင်ကို စောင့်ခဲ့ပေမယ့် ပေါ်မလာခဲ့။ ထို့ကြောင့် ခင်မေဦးကိုအိမ်ပြန်ပို့ခဲ့လိုက်ပြီးလမ်းထဲကိုအလျင်စလိုနှင့် ဖော်ဖော်ဝင်လာခဲ့သည်။

ရင်ထဲမှာတော့ တင်မောင့်ကို အရမ်းစိတ်ဆိုးနေမိတယ်။

တင်မောင်တို့ အိမ်ရှေ့ရောက်တော့ ခြံဝမှပင် လှမ်းမေးလိုက်သည်။

"အဒေါ်ခင်...အဒေါ်ခင်၊တင်မောင် ကောဟင်"

အဒေါ်ခင်လည်း အိမ်ထဲမှထွက်လာပြီး...

"ဟဲ့..ဒီည မင်းတို့သူငယ်ချင်းအိမ်တစ်အိမ်မှာပဲ စုအိပ်ကြပြီး ပျော်ပွဲရှင်ပွဲကျင်းပကြမယ်ဆို "

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး...အဲဒါကြောင့်တဲ့၊ ခပ်စောစောကပဲပြန်လာပြီး အဝတ်အစားအချို့ကိုတောင် ယူသွားသေးတယ်"

"ဟာ..မ..မဟုတ်ဘူး"

"ဟင်...ဒါ...ဒါဆို သူက ဘယ်သွားတာတုန်း"

"အဲ...ကျွန်တော်လည်း မသိဘူး"

"ဟေ"

ဒေါ်လေးခင်မှာ ပါးစပ်အဟောင်းသားကြီးနဲ့ မတ်တပ်ကြီးရပ်နေလို့။

"ဒါဆို ဒီကောင်က ဘုရားကိုမလာဘဲ ဘယ်ကို သွားပါလိမ့်"

ဇော်ဇော်စိတ်ညစ်သွားသည်။ ဘယ်ကိုများသွားပါလိမ့်။ ဘာများဖြစ်လို့ပါလိမ့်။

အခုတော့ ဇော်ဇော့်ခမျာ...

တောင်လိုက်ရမလို၊ မြောက်လိုက်ရမလို၊ လက်ကနာရီကိုကြည့်မိတော့လည်း ည ကိုးနာရီထိုးလုလု။

ပုန်းရှောင်သွားသူ၏ နေရာကို အရိပ်အခြေလေးတောင် မသိရလေတော့ ရှာဖို့ရန်က သည်ညအဖို့ လုံးဝမလွယ်ကူတော့။

ထိုသို့ဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစ၍ တင်မောင်ဆိုသော ရွှေတောသားသည် ခင်မေဦးဆိုသော ကောင်မလေးထံသို့ ချစ်သည့်အကြောင်းဖွင့်ပြောရန်ရောက်မလာတော့ဘဲ ပျောက်ချင်းမလှပျောက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့်...။

ငါ့အချစ်ဆုံးကငါသေရင်

လွမ်းဖွယ်တေးတွေမသီလေနဲ့...။

ငါ့ခေါင်းရင်းမှာနှင်းဆီတွေမစိုက်စေချင်

အရိပ်ကောင်းတဲ့အပင်လည်းမစိုက်လေနဲ့။

ငါ့အပေါ်ကစိမ်းလဲ့လဲ့မြက်ခင်းကိုတော့

မိုးပေါက်တွေ၊နှင်းစက်တွေ

စွတ်စိုနေပါစေပေါ့...။

မင်းအမှတ်ရချင်လည်းရပါလေ...

အရိပ်တွေငါမြင်ရမှာမှမဟုတ်ဘဲ

မိုးရွာလို့ငါသိမှာမှမဟုတ်ဘဲ...။

နိုက်တင်ဂေးငှက်ဝေဒနာခံစားနေရသလို

တေးသီတာငါကြားမှာမှမဟုတ်ဘဲ...။

နေမထွက်နေမဝင်တဲ့

ဆည်းဆာမှာအိပ်မက်မက်ကာရယ်

ငါအမှတ်ရချင်လည်းရမယ်၊

ငါမေ့ချင်လည်းမေ့မယ်...။

**(လွမ်းဖွယ်တေးတွေ မသီလေနဲ့.)**

**ခရစ္စတီးနား ရိုဆက်တီ**



www.burmeseclassic.com

www.burmeseclassic.com

XXV

"အဲဒါပါပဲဟာ၊ ငါလည်း ဒီလောက်အထိ ဖြစ်သွားမယ် မထင်လိုက်ဘူး"

သက်သက်ဝေ၏စကားအဆုံးတွင် ခင်မေဦးက ကွန်ကရစ်လမ်းမပေါ်တွင် ရုပ်တိုက်လွင့်ပါးနေရသော ဟာဒံပင်ရွက်ကြွေတချို့ကို ငေးရီပြီးကြည့်သည်။

ဇော်ဇော်ကတော့ သက်ပြင်းမောကြီး တစ်ချက်ကိုသာ ချွေထုတ်လိုက်သည်။

သက်သက်ဝေကတော့ အကျီစားသန့်မိခဲ့၍ ရင်ကွဲပမာ ဖြစ်နေရသော ခင်မေဦးမျက်နှာလေးကိုသာ တောင်းပန်တိုးလျှိုးသလိုလေးနှင့်ကြည့်နေသည်။အခုဆို...

တင်မောင်တစ်ယောက် ပျောက်ချင်းမလှ ပျောက်နေတာဆယ်ရက်နီးပါးရှိလေပြီ။သူ့အဒေါ်နဲ့မေးကြည့်တော့လည်း ရွာကို ပြန်မရောက်သေးဘူးတဲ့ ။ရန်ကုန်မှာပဲ ရှိသေးတယ်တဲ့။

ဒါဆို နင်ဘယ်မှာလဲ တင်မောင်ရယ်။

"ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ခင်မေဦး သက်ပြင်းမောလေးကို ချလိုက်သည်။ ထိုသက်ပြင်းမောလေးမှာလေပြည်ကြားတွင်ပျောက်ရှလွင့်ပါးသွားပေမယ့် ရင်ထဲကအပူကတော့ မည်သို့မျှ မလွင့်ပါး၊မပျောက်ရှနိုင်. . .။

"ဟင်. . .ဖြစ်ချင်တော့ ငါကလည်း စာမေးပွဲကြောင့် ပင်ပန်းထားတာရယ်၊ မိန်ကလေးသဘာဝ ကျန်းမာရေးကြောင့် ရယ်နဲ့စုပြီး ခေါင်းတွေမူး၊ခါးတွေကိုက်နေတာလေ။ အဲဒါကို ဖော်ဖော်က ဘုရားစောင်းတန်းထဲမှာ ဂရုတစိုက်ပြုစုပေးနေတယ်လေ။ ဒါကိုသူမြင်သွားမှာပေါ့၊တင်မောင်ရယ် နင်စဉ်းစားဉာဏ်နည်းလိုက်တာဟာ၊နင်ဟာလေတကယ်ပဲသိလား။

ခင်မေဦး ပြောရင်းနှင့် အသံလေး တိမ်ဝင်သွားတယ်။

ထိုအခါ သက်သက်ဝေက အနားတိုးကပ် ထိုင်လိုက်ပြီး နှစ်သိမ့်သည့်သဘောနှင့် ဖက်ထားသည်။ ပြီးတော့ သက်ပြင်းလေးချချလိုက်ပြီး . . .

"တကယ်လို့လေသူဒီကိုပြန်မလာဘဲရွာကို
ရောက်နေပြီဆိုတာကိုသိလို့ရှိရင်
ငါတို့လိုက်သွားကြရအောင်ဟာ၊
ဘယ်နယ့်လဲဟင်ခင်မေဦး"

လို့ပြောလာတော့ခင်မေဦးကမျက်ရည်လေးတွေအဝေ့သားနှင့်. . .

"ဟုတ်တယ် . . .လိုက်မယ်၊ ဖော်ဖော် နင်ပါလိုက်ပေးရမယ်နော်"

ဟု ဝမ်းသာအယ်လဲအသံလေးနှင့် ပြောလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော်က ခင်မေဦးကို ဦးခေါင်းကြီး တဆတ်ဆတ်နှင့် ညိတ်ပြ
ခနေလေသည်။

နောက်တော့ အားလုံး ဝေါင်းစင်းစင်းတွေရယ်နှင့် . . .။

အခုတော့ သူတို့ သုံးယောက်၏ စိတ်အာရုံထဲတွင် တင်မောင်၏
ရုပ်ပုံလွှာများ။



www.burmeseclassic.com

www.burmeseclassic.com



ငါ့အသည်းနှလုံးဟာ နင်နဲ့တွေ့ဆုံဖို့ အတွက်

နေ့ရောညပါ တောင့်တနေတယ်ကွယ်

အားလုံးကို လွှမ်းခြုံတဲ့

မရဏာနဲ့တွေ့ဆုံမှုမျိုးလေ...။

မုန်းတိုင်းတစ်ခုလို

ငါ့ကိုတိုက်ခတ်သွားလိုက်စမ်းပါကွယ်

ငါ့မှာ...

ရှိသမျှအရာအားလုံးကို ယူသွားလိုက်စမ်းပါ

ပြီးတော့

ငါ့ကမ္ဘာကို လုယက်တိုက်ခိုက်သွားစမ်းပါ

အဲဒီဖျက်ဆီးမှု အဲဒီဝိညာဉ်ရဲ့

ဟာလာဟင်းလင်းဖြစ်မှုထဲမှာ

ငါတို့နှစ်ဦးဟာ

အလှတရားအဖြစ် ပေါင်းစပ်ဖွဲ့စည်းကြမယ်

အလို...ငါ့မျှော်လင့်ချက်ဟာ

အချည်းအနှီးပါပဲ။



**TAGORE**



www.burmeseclassic.com

www.burmeseclassic.com

# XXVI

ကမ္ဘာ့ကျော်စာရေးဆရာကြီး ရာဝိန္ဒြာဘင်နတ်တဂိုး၏ ကဗျာလေးကို ဖတ်နေရင်းကနေ စာအုပ်ကို ဘေးနားချလိုက်သည်။

သူမ ကောင်းကင်မျက်နှာကြက်ကိုမော့ ကြည့်မိလိုက်တယ်။ ထိုအခါတွင်တော့ တိမ်သားညိုဖြုအုပ်တွေကလေနင်ရာကိုရွေ့လျားနေကြသည်။

ကာလယန္တရားသည် ကမ္ဘာမြေပြင်၌ ဖြစ်ပေါ်နေသောအနိစ္စ အနတ္တနှင့် ဒုက္ခတရားတို့ကို နားမလည် ဂရုမစိုက်ဘဲ ပုံမှန်အတိုင်း လည်ပတ်မြဲ လည်ပတ်နေသည်။

ရာသီဥတုကဆောင်းလယ်ဥတုဆိုပေမယ့်လည်း အာဂဏာရှင် အုပ်ချုပ်နေတဲ့ တိုင်းပြည်တစ်ပြည်လိုအေးမြခြင်းကိုပီပြင်အောင်သရုပ်မဖော်နိုင်။

နေရောင်သည်ညနေစောင်းဆိုပေမယ့် လောင်ဟိုက်ချင်နေဆဲ။

သူမရင်ထဲ၌လည်း ပီပြင်စွာ ကပြအသုံးတော်ခံခွင့် မရှိသေးသော အချစ်ဇာတ်ညွှန်းကြောင့် တဝေ့ဝေ့။



www.burmeseclassic.com

www.burmeseclassic.com



"ကလင်လင်…ကလင်လင်"

ခြံရှေ့က စက်ဘီးဘဲလ်တီးသံကြောင့် သူမ အတွေးစတို့ လွင့်ပါးကုန်ရသည်။ ထို့ကြောင့် သူမ လှမ်းကြည့်လိုက်တော့ စက်ဘီးကိုယ်စီနှင့် ဇော်ဇော်၊ သက်သက်ဝေ။

သူမ ထိုင်နေရာကနေ ဆတ်ခနဲ ထရပ်ကာ ခြံတံခါး ချက်ကို ဖွင့်ပေးဖို့ ပုံမှန်ခြေလှမ်းတို့ဖြင့် လျှောက်လှမ်းသွားလိုက်သည်။

"ဟဲ့ …မြန်မြန်လာဟဲ့၊ သတင်းထူးပါတယ်"

သက်သက်ဝေအပြောကြောင့်သူမတစ်ချက်ပြုံးမိလိုက်သည်။ ပြီးတော့ ခြေလှမ်းကို နည်းနည်းလေးမြန်ကာလျှောက်သွားလိုက်တယ်။

အနားရောက်တော့ခြံတံခါးချက်ကို ဖွင့်ပေးလိုက်သည်။ ဇော်ဇော်နှင့်သက်သက်ဝေတို့ ကိုယ့်စက်ဘီးကိုယ်တွန်းကာ ခြံထဲလိုက်ဝင်လာကြသည်။

ဒန်းအနားကို ရောက်တော့ ထုံးစံအတိုင်း သူမဝုန်းခနဲ့ထိုင်ချလိုက်သည်။

"ဟဲ့…ငါတို့သတင်းထူးက ဘာလဲဆိုတာ မမေးတော့ဘူးလား"

သက်သက်ဝေက မျက်စောင်းခဲပြီး ပြောသည်။ သူမကတော့ မကြည်သာသော အပြုံးနှင့်သာ။

"ကဲ…ဒေါ်သက်သက်ဝေ၊ ကျုပ်ပဲ ပြောလိုက်တော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဖေါ်ဖော်က ပြောပြောဆိုဆိုနဲ့ သူမကို ကြည့်လာတယ်။ ထို့နောက်....

"ဟော့...ဟိုကောင် တင်မောင် ရွာကို ပြန်ရောက်နေပြီတဲ့ ၊ သူ့အဒေါ် ဒေါ်ခင်ခင်ဖော်က ငါ့ကို ဒီနေ့နေ့လယ်ကပဲ ပြောတယ်"

"ဟယ်...တကယ်"

"တကယ်ပေါ့ဟ"

ဆိုတော့ကာ....

သူမရင်ထဲကို နှင်းမှုန်တိုင်းတွေ တိုက်ခတ်တိုးဝင် သွားလိုက်သည့်ပမာ။ ဝမ်းသာမှုကလည်း လှိုက်ခနဲ....။

"ဒါ...ဒါဆို...ငါ....ငါတို့"

"လိုက်သွားကြမယ်လေ"

သက်သက်ဝေက အူးယားဖားယားနှင့်။

ဆိုတော့ကာ....

သူမမှ ရွှန်မြူးလန်းဆန်းစွာနှင့်တင်မောင်နှင့်ခွဲခွာနေခဲ့ရသည့်နောက်ပိုင်း ဒါ ပထမဦးဆုံး ရွှင်မြူးလာခြင်းပင်။

"ဒါဆို ဘယ်နေ့မှာ လိုက်သွားကြမလဲ"

"မနက်ဖြန်ပဲ"

"ဟာ...ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ထခုန်ပစ်လိုက်ချင်တော့ရဲ့။ သို့ပေမယ့် စိတ်ကို ထိန်းချုပ်လိုက်သည်။

"ဟိတ်…နင် သာယာသွားပြီမို့လား"

ဇော်ဇော်က လှမ်းပြောသည်။ သူမ ရှက်ဝဲဝဲလေးနဲ့ပြုံးရင်း…

"အို…သာယာတာမှ ရာနှုန်းပြည့်ပဲဟယ်"

ဇော်ဇော်နှင့်သက်သက်ဝေတို့က သူမကို ကြည့်ပြီးရယ်မောနေကြလေသည်။ ဝန်းကျင်၌လေပြည်နုနုလေးတွေက သူမတို့ကိုယ်စား ဆတ်စလူး ထနေသည့်အလား။



www.burmeseclassic.com

www.burmeseclassic.com

## XXVII

ကျွမ်းကျင်သော ယာဉ်မောင်းတစ်ယောက်၏ စေခိုင်းမှုနှင့်အတူ မိုင်ဂပါင်းသုံးရာကျော်ကို တဝူးဝူးတဝေါဝေါနှင့် ပြေးလွှားခဲ့ရရှာသော ခရီးသည်တင် အဆင့်မြင့် ကားကြီးမှာ အရှိန်လျှော့လိုက်သည်နှင့်ဖော်ဖော်က . .. "ရောက်ပြီဟ ၊ကဲ . . .ငွေပုလဲရွှာ တင်မောင်ရေ၊ ငါ့တို့ လာပြီဟေ့" ဟုအော်ကြီးဟစ်ကျယ်နှင့် ပြောလိုက်တာကြောင့် ခရီးသည်တချို့၏မျက်နှာတွေမှာ အပြုံးရိပ်သန်းကုန်သည်။

သက်သက်ဝေနဲ့သူမလည်း ကိုယ်စီအထုပ်တွေကို ဆွဲကာ ကားပေါ်မှ ဆင်းလိုက်ကြသည်။

အောက်ရောက်တော့ အညာဒေသမြေ၏မြေသင်းရနံ့ က ထွေးပွေ့လာသည်။ ဝန်းကျင်ကိုဝေ့ဝဲကြည့်မိလိုက်တော့ ထနောင်းပင်နှင့် ဆူးဖြူပင်တွေမှာ လှုပ်ယမ်းပြီး ကြိုဆိုနေသယောင်ယောင်။

"ဟဲ့..ရွာက ဘယ်မှာလဲ"

သက်သက်ဝေက မေးသည် ။ ထိုအခါ ဖော်ဖော်က ဟိုဟိုသည်သည်နှင့် ကြည့်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ တွေ့ရတဲ့ တောအုပ်ကလေးတွေလား။ အဲဒါရွာပဲ၊ ဟိုမှာ တွေ့လား၊ရွာနာမည်ရေးထားတဲ့ ဆိုင်းဘုတ်၊ ငွေပုလဲကျေးရွာတဲ့၊ ဟဲ...ဟဲ..ငါ့ကို ဒေါ်လေးခင်က ပြောလိုက်တယ်။ ကားလမ်းဘေးကနေ အထဲကို ဝင်တဲ့ လှည်းလမ်းမကြီးအတိုင်း နာရီဝက်လောက် လမ်းလျှောက်ရမယ်တဲ့"

ဟုပြောပြီး အထုပ်ကို ဆွဲကာ လျှောက်သွားသည်။

သက်သက်ဝေက ဖရိုဖရဲဖြစ်နေသော ဆံနွယ်စင်းစင်းလေးတွေကို ခေါင်းစီးကြိုးနှင့်စုစည်းကာ မျက်နှာကို မဲ့ရွဲ့လိုက်သည်။

သူမကတော့ လာချင်နေသူမို့ မြန်မြန်ရောက်ချင်လှပြီ။

"ကဲ...မပြောလိုက်ချင်ဘူး၊ ဖြစ်နေတာ"

"ဖြစ်တယ်ဟေ့...ဖြစ်တယ်၊ ဘာဖြစ်လဲ"

သူမကကော ဇော်ဇော်ပါ ပြောပြောဆိုဆိုနှင့် အထုပ်တွေဆွဲပြီး လှည်းတန်းရှိရာကို ပြေးသွားကြသည်။ ထိုအခါ သက်သက်ဝေက...

"ဟဲ့...စောင့်ကြဦးလေ"

"ဘာကို စောင့်ရမှာလည်းဟ"

ဇော်ဇော်က လှည့်မကြည့်ဘဲ ပြောသည်။

"ငါ့ကိုဟေ့...ငါ့ကို"

သက်သက်ဝေက အော်ပြောတော့ ဇော်ဇော်က...

"လာလေ...နင့်ခေါင်းကိုဟိုးက ထနောင်းပင်စည်နဲ့ဆောင့်မယ်ဟား...ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်စုတ်"

"ဟား...ဟား...ဟား...ဟား..."

ထိုသို့ဖြင့်ယမ်းမြေအစိုဓာတ်ရှိနေပြီး မြေသင်းရနံ့ထွက်နေသော ရွာလမ်းမကြီးပေါ်မှာသူမတို့ဘောက်ဆတ်ဘောက်ဆတ်နှင့် သွားနေမိကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## XXVIII

ကြားနေရသော လော်စပီကာမှ သီချင်းသံသည် ငိုချင်းတွေ ဖြစ်နေတာကြောင့် သူမစိတ်ထဲမှာ ကျိတ်ပြီး မုန်းမိလိုက်တယ်။

ထိုသို့ ဖြင့် သီချင်းသံက ကျယ်သထက်ကျယ်လာသည်။သူမတို့လည်း ရွာတံခါးအနီးကိုအရောက်မှာတော့ ရွာထဲက လူအုပ်ကြီးထွက်လာသည်။

သူမ သေချာကြည့်မိလိုက်သည်။

"ဟင်...ဘာ...ဘာကြီးတုန်းဟ"

သူမက တအံ့တဩနဲ့ ရေရွတ်မိလိုက်တော့ ဖော်ဖော်ကပါသေချာမော့ကြည့်ပြီး....

"ဟာ...အလောင်းစင်ကြီးကို ထမ်းလာတာပဲ၊ ကြည့်ရတာ အသုဘပို့နဲ့တူတယ်"

ဟုပြောပြီး လမ်းဘေးကိုဆင်းရှောက်ပေးလိုက်ကြတယ်။ သူမတို့မှာတော့အခုလိုအသုဘပို့တာမျိုးကို တစ်ခါဘူးမှ မမြင်ဖူးခဲ့သဖြင့် ဒီကြားထဲ အလောင်းစင်ကို ထမ်းလာသော လူ တွေက ညာသံတွေ ဟစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးဘယ်ကိုဆွဲလိုက်ညာကိုဆွဲလိုက်နှင့် ပြုတ်ကျ ပြိုလဲတော့မည့် အနေအထားကြီးမြင်ရတာ အသည်းယားစရာကြီးရယ်။

ထိုသို့ဖြင့် ...

အလောင်းထည့်ထားသော စင်ကြီးက သူမတို့ အနားကို ရောက်လာသည်။ ထိုအခါ ဘာရယ်လို့ မဟုတ်ဘဲအလောင်းစင်ကြီးဘေးက ပန်းခွေကြီးပေါ်ကို အကြည့်က ရောက်သွားသည်။

"ဟင်...မောင်..မောင်...မောင်တင်မောင်ဆိုပါလား၊ ဇော်ဇော်..ဇော်ဇော်"

သူမ ထိတ်ထိတ်ပျာပျာနှင့် ပြောမိလိုက်ပြီး ဇော်ဇော့်ကို အော်ခေါ်လိုက်သည်။ ဇော်ဇော်လှည့်ကြည့်သည်။ သူမ ပန်းခွေကြီးရှိရာကို လက်ညှိုးနှင့်ထိုးပြလိုက်သည်။

"ဟာ...မောင်တင်မောင်၊အသက်ဆယ့်ကိုးနှစ်ဆိုပါလား၊ အာ"

သုံးယောက်သား တုံ့ကျိဘာဝနှင့်ဖြစ်ကုန်ရသည်။ ရင်ထဲကိုယ်စီမှာလည်း ထိတ်ခနဲ ။ ဘာတွေ ဖြစ်ကုန်ပြီလဲ။ ဖွဟဲ့...လွဲပါစေ၊ ချော်ပါစေ။

"ဇော်...ဇော်ဇော်...မေး...မေးကြည့်လေဟာ"

သူမ၏ဆို့လှိုက်ဟိုက်မောစွာနှင့် အပြောကို ဇော်ဇော်က...

"ဘာ...ဘာကို မေးရမှာလဲ"

"တို့...တို့ရဲ့တင်မောင်ဟုတ်မဟုတ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ခြော်...အေး...အေး"

ဇော်ဇော်က ပြောပြောဆိုဆိုနှင့် အနားမှဖြတ်လျှောက်သွားနေသော ဦးလေးကြီးတစ်ဦးကို ခေါ်တားပြီး...

"ဟို...ဟို...ဦးလေး၊ဒီ..ဒီအသုဘက မောင်...မောင်တင်မောင်ဆိုတာ ဟုတ်လား"

"ဟာ...ဟုတ်ပကွယ်"

"ဒါ..ဒါဆို မြို့ကပြန်ရောက်တာမကြာသေးတဲ့တင်မောင်ဆိုတာလားဟင်"

"ဟာ ... ဟုတ်ပ ငါ့တူရေ၊ ပြန်လာတာ ရက်ပိုင်းပဲရှိသေးတယ်၊ ငှက်ဖျားပိုးခေါင်းထဲရောက်သွားတယ်ဆိုလားပဲ"

"ဗျာ"

ဇော်ဇော်မှာ ဗျာနေတုန်းပဲ ရှိသေးသည်။ ဦးလေးကြီးကတော့ ထွက်ခွာသွားနေလေပြီ။

ကြားလိုက်ရသောစကားလုံးများ...။

မြင်လိုက်ရသောမြင်ကွင်းများ...။

သူမ ဘာကိုမှ ကြားနိုင်စွမ်း၊ မြင်နိုင်စွမ်းမရှိတော့..။အရာရာ မှုန်ဝါးဝါးနှင့်...မျှော်လင့်ခြင်းတွေနှင့်အတူပျော်ရွှင်မှုတွေပါ သယ်ဆောင်ရင်းချီတက်လာခဲ့သော ဆန္ဒများ၊ အားလုံးအတုံးအရုံးကျဆုံးကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့...

သူမ နားစည်ထဲမှာ ညံစီပေါက်ကွဲ...။

မျက်ဝန်းထဲမှာ အမြင်တွေအားလုံး ဝိုးတဝါး...။အသိစိတ်တို့ထိန်းချုပ်နိုင်စွမ်း မဲ့လျက်...။

"ဟာ...ခင်...ခင်မေဦး"

နောက်ဆုံးကြားလိုက်ရသည်က ဇော်ဇော့်အသံ...။



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုဆုံးရှုံးသွားရပြီမို့

ကုမရတဲ့ရှည်ကြာဒုက္ခမှာ

ငါ...လွမ်းတမ်းတ နွမ်းလျတဲ့အခါ

ကောင်းမှုတစ်ခုကို မင်းမြင်ရတာပါပဲ။

ငါ့ကိုကူညီပါ

မင်းအသက်ကို တိုစေတဲ့ ဘုရားသခင်ထံ

ဆုတောင်းပါတော့...

ငါ့အမြင်ကနေ

မင်းကို အဝေးဆွဲခေါ်သွားတာစောသလို

မင်းအမြင်ရှေ့

ငါ...စောစောရောက်အောင်ပေါ့...။

(လှိုင်စ်ဒေကမိုးဝင်းစ်)



www.burmeseclassic.com

www.burmeseclassic.com

## XXIX

တင်မောင်...

တင်မောင်...

ငါ နင့်ဆီကို လာနေပြီလေ။

နင်သိရဲ့လားဟင်။ တင်မောင်ရယ်...။ ငါ...၊ နင့်ကိုသိပ်ချစ်ခဲ့တယ်ဆိုတာ နင်သိရဲ့လားဟင်...။

ငါ..အခု..ဝိုနေပြီ..ဝိုနေပြီဟဲ့။

တကယ်ကလေ နင့်ကိုသက်သက်ဝေကဲကျီစားလိုက်တာဟဲ့။ နင်ဟာလေ ငါ့ဆီကို ရောက်လာပြီးမှ ဘာလို့ လာမတွေ့ရတာလဲ။ နင်အရမ်းကိုတဲ့ဦးယွန်းခဲ့တယ်ဟာ။

ငါ့ရင်ထဲမှာ နင်ပဲရှိတယ်ဆိုတာကိုတော့ နင်သေချာသိသင့်တာပေါ့ဟာယ်။

နင့်ကို ငါ သိပ်ချစ်တယ် တင်မောင်ရယ်၊ နင်လည်းငါ့ကို သိပ်ချစ်ခဲ့မယ်ဆိုတာ ငါ ယုံကြည်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ငါ့မှာ ပိုနေရပြီဟယ်၊ ငါ ပိုနေရပြီဟဲ့။ ငါ ဘယ်လောက်ကြာကြာထိပိုနေရမှာလဲ တင်မောင်ရယ်။

မထူးပါဘူးတင်မောင်ရယ်။နင်မရှိဘဲ ရှင်သန်နေရမယ့် ငါ့ဘဝကို ငါ မနှစ်မြို့ဘူး။ ငါနင့်နောက်ကို လိုက်ခဲ့မယ်။ငါ နင့်နောက်ကို လိုက်ခဲ့မယ်။

တင်မောင်ရေ...

တင်မောင်ရေ... ..

တင်မောင်ရေ...

သူမ အသံကုန်ခြစ်အော်လိုက်ပြီး...။

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

XXX

မျက်ဝန်းကိုဖွင့်ကြည့်မိလိုက်တော့ အရင်ဆုံးတွေ့မြင်လိုက်ရသည့်မျက်နှာက...

"ဟင်"

ထိတ်လန့်မှု အံ့ဩမှုနှင့် မယုံကြည်မှုတို့ကို ရောပြွန်းထွေးပိုက်ထားမိရင်း ကုန်းရုန်းထလိုက်သည်။

"ဟာ...မထနဲ့လေ၊နင် ခေါင်းမူးနေမှာပေါ့"

ကြားလိုက်ရသောအသံကသူမတပ်မက်မျှော်လင့်ခဲ့သောအသံတို့ကြောင့် ဝေဝါးနေသောမျက်ဝန်းကို လက်နှင့်သေသေချာချာပွတ်ပြီးကြည့်မိလိုက်တော့...

"ဟင်...တင်...တင်မောင်"

"အေး...ဟုတ်တယ်"

တင်မောင်က ရွှန်းရွှန်းဝေဝေကြီးနှင့်ကြည့်ရင်းတင်းတင်းကျပ်ကျပ်ကြီးဖက်တွယ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ဘာတွေဖြစ်ခဲ့သနည်း။ ဘေးဝဲယာကိုငုံ့ကြည့်မိလိုက်တော့လည်း သက်သက်ဝေနှင့်ဖော်ဖော်အပြင် တစ်ခါမှမမြင်ခဲ့ဖူးသော မျက်နှာစိမ်းတွေ။ အားလုံး၏မျက်နှာတွေမှာအပြုံးနွမ်းနွမ်းလေးတွေဖြင့်။

"အင်း. . . နင်က ရွာထဲက အသုဘတစ်ခုကို ငါထင်ပြီး သတိလစ်သွားတာလေ၊ အေးလေ. . . နာမည်နဲ့အသက်က တူနေသလို၊ ရွာပြန်ရောက်ကြတဲ့ရက်တွေကလည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလိုကြီးကိုး"

တင်မောင် ရယ်ကျဲကျဲ အမူအယာကြီးနှင့် စကားတွေပြောနေသည်။ လောလောဆယ်တော့ သူမ ဘာမှမကြားချင်တော့။ ထို့ကြောင့် တင်မောင်ရင်ဘတ်ကို အသည်းတယားယားနှင့်ဆွဲလိမ်လိုက်သည်။

"အား...နာတယ်"

တင်မောင်က အသံပြဲကြီးနှင့်အော်သည်။

"ဟုတ်လို့လားဟယ်၊ငါက အိမ်မက်လားလို့ ဆွဲလိမ်ကြည့်တာပါ"

"ဩော်..ဒါဆို ငါလည်း နင့်ကို..အာ"

"ဟော့..လူဆိုး"

အခုတော့...

စိတ်ချမ်းမြေ့ကြသူတို့၏ရယ်သံတွေနှင့် ပုံရိပ်တွေမှာ ခြေတံရှည်အိမ်လေးထဲတွင် သက်ဝင်တည်ရှိနေကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

ဝမ်းသာလှိုက်လှဲမှုတွေ ရောယှက်နေသော ရယ်ရွှင်မြူးတူးနေကြပာန် ပြည့်ပြည့်ရွှန်းရွှန်းကို သူမကြာရှည်ကြီးမြင်တွေ့လို့မရ။ ကြားသိလို့မရ။ အသိတရားက လက်ခံနားလည် နိုင်ပေမယ့် နှလုံးသားကတော့ ရှန်းကြွလာသော ဝေဒနာအတွက် ရှိုက်ဆွေးဖို့ တာစူသွားလေပြီ။ ထို့ကြောင့် အိမ်ပေါ်ထက်မှနေ မသိမသာနင့်ဆင်းကာ အောက်ရောက်သည့်နှင့် မျက်ဝန်းနှစ်ဖက်ပေါ်မှ စိုစွတ်နေမှုကို ညာဘက်လက်ဖဝါးနှင့် ပွတ်သုတ်ဖယ်ထုတ်ရင်း ဒရောပါးနှင့် ပြေးထွက်သွားလိုက်တော့သည်။

"ဟဲ့…ဟင်…နှင်းနု..အို..သည်ကလေးမနယ်"

တင်မောင့်အမေ၏ ခေါ်သံ ။သူမလှည့်ကြည့်နိုင်စွမ်း မရှိတော့။ စွန့်လွှတ်လိုက်ရပြီဆိုသော မီးတောက်က ရင်ထဲမှာ အလျှံတငြီးငြီးနှင့်။

"ငါ ကျေနပ်ပါတယ် တင်မောင်ရယ်"

လေးစားစွာ ကြိုးစားလျက်…

လှုထိုက်

၁၆.၅.၂၀၀၉

၂၀း၃၀ PM



www.burmeseclassic.com